www.burmeseclassic.com

# နှဝါင်ပျိုး

လင်တရှူး

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ဈူးတပေ)
အမှတ်- ၅၂၀(က)၊ ဘင်ဝ (၄)လမ်း၊
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျော်ရင် (မြ-၀၅၄၁၇) (ရွှေခြင်္သေ့ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ ဈေး/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးဝန်းချီ
သိန်းရွှေကြည်
အတွင်းဖလင်
ကိုပေါက် : ၀၉ ၄၂၀၂၄၇၇၂၇
ပုံနှိပ်ခြင်း
ပထမအကြိမ်၊
၂၀၁၄ ခုနှစ်၊ ဩဂုတ်လ
တန်ဖိုး - ၁၀၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
ဈူးတပေ
၀၉ ၅၀၃၀၁၀၆၊ ၀၉ ၅၁၈၅၀၈၄၊ ၀၁ ၈၅၀၀၆၉၆

၈၉၅.၈၃
နတ်သမီး
လင်တရှူ
ဈူးတပေ ၊ ၂၀၁၄။
၂၄၀ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) လင်တရှူ

## အခန်း (၁)

"အဟင်း ဟင်း ဟင်း ဒီလိုအချိန်မျိုး ဘယ်တော့များမှ ရောက်ပါ့မလဲကွယ်၊ ကြည့်စမ်းပါဦး ငါ့ပုံစံက ကိုယ်ဝန်ဆောင်သည့်ပုံစံနဲ့လည်း လှတာပဲ ခစ် ခစ် ခစ်"

အရှေ့ကို မှိုအစ်ဆူထွက်နေသော ဗိုက်ကိုခပ်ဖွဖွပွတ်ကာ ခင်ရူးရှူ၏အပြုံးတွေသည် ပီတိတွေဖြင့် ချိုမြိန်နေသည်။

ကိုယ်လုံးပေါ်မှန်ရှေ့မှာ အထင်းသားပေါ်နေသော ကိုယ်ဝန်ဆောင်သည့်ပုံစံလေးသည် မေရှားအမျှော်လင့်ဆုံး အဖြစ်ချင်ဆုံးပုံစံဖြစ်သည်။

"အဟက် ငါ့ရဲ့ခုပုံစံကို လင်းမြတ်သာမြင်ရင် ဘယ်လောက်ခွက်ထိုးခွက်လှန် ရယ်လိုက်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်ကို လှည့်ပတ်ကြည့်ရင်း ဗိုက်ကိုရှေ့အနည်းငယ်ပစ်ကာ ကော့လန်ကော့လန် လျှောက်ကြည့်သည်။ ဆိုးတော့သိပ်မဆိုး။ အသားခပ်ဖြူဖြူ ပိန်ပိန်သွယ်သွယ်နှင့် ကိုယ့်ပုံစံကို မိခင်လောင်းပြိုင်ပွဲသာဝင်ပြိုင်လိုက်လျှင် ဆုရမှာ ကျိန်းသေလောက်သည်။

လင်းမြတ်ကလည်း ရုပ်ခပ်ဖြောင့်ဖြောင့် စူးရှကလည်း မှုံနေအောင်လှသောအလှမျိုးမို့ မွေးလာသည့်ကလေးမှာ ဘယ်လောက်ချစ်စရာကောင်းလိုက်မည်လဲ။

"ဟယ် ဘုရားရေ ဒါ ဒါက ဘယ်လိုဖြစ်ပြီး နေ့ချင်းညချင်း ဗိုက်ကြီးသည်ဘဝရောက်သွားရတာတုန်း"

အနောက်ဘက်မှ တအံ့တသြ အသံခပ်စာစာကြောင့် မှန်ရှေ့မှာခေါက်တုံ့ခေါက်ပြန်လျှောက်နေသော ခင်စူးရှ လန့်ဖျပ်ကာ နောက်သို့လှည့်ကြည့်လိုက်သည်။

"ဟင် ကေကေ"

ရှက်ကိုးရှက်ကန်းဖြစ်သွားသော ခင်စူးရှမှာ ကေကေ့ကို မရှိသွားဖြဲလေးရယ်ပြရင်း ဗိုက်ထဲမှာ ထည့်ထားသော ခေါင်းအုံးကိုဖျတ်ခနဲဆွဲထုတ်ပြီး ခုတင်ပေါ်ပစ်တင်လိုက်သည်။

"နင်ကလည်း အသံမပေး ဘာမပေးနဲ့"

"အံမယ် လူမိတော့မှ ရှက်မနေနဲ့၊ နေစမ်းပါဦး ဒါက ဘာအရူးထတာလဲ၊ အပျိုစင်တစ်ယောက်က ဗိုက်ကြီးသည်ဟန်ဆောင်ပြီး ရှုံးလျှောက်နေတာ၊ နင်တစ်ယောက်ထဲတွေ့ဖူးသေးတယ်၊ အဲ မ မဟုတ်





မှလွဲရော နင်နဲ့လင်းမြတ် living together ပြီးသွားပြီလား"

ကေကေ့အမေးကြောင့် ရှက်ပြုံးလေး ခပ်လွှန့်လွှန့်ပြုံးကာ

"နင်နော် မဟုတ်တာတွေ လျှောက်ထင်မနေနဲ့ သိလား အဟင်း အမှန်တော့ ငါရင်ခုန်နေတာဟဲ့"

"အယ် နင် ရင်မခုန်တဲ့နေ့ ဘယ်နေ့ရှိသေးလို့လဲ၊ ရင်မခုန်ရင် နင်ကိုစွတ်သွားမှာပေါ့"

ရင်ဘတ်ဖိကာ အကဲပိုစွာပြောလိုက်သော ခင်စူးရှကို ကြည့်ပြီး ခပ်ရွဲ့ရွဲ့ ပြောလိုက်သည်။

"ခုဟာက အဲဒီလို ရင်ခုန်တာ မဟုတ်ဘူးဟဲ့၊ လင်းမြတ်ကလေ ငါ့ကိုလက်ထပ်ဖို့ပြောလာပြီ သိလား၊ လက်ထပ်ပြီးရင် ချစ်စရာကောင်းတဲ့သားလေး မွေးပေးရမယ်တဲ့"

"အံမယ် သူလိုချင်တဲ့သား မမွေးဘဲ သမီးမွေးလာရင် ဘယ်လိုလုပ်မလဲ"

"သမီးမွေးလည်း ချစ်မှာပဲတဲ့"

"အဲဒါနဲ့ပဲ နင်က ခုချက်ချင်း မွေးပေးချင်စိတ်တွေဖြစ်လာပြီး ဗိုက်ကြီးသည်ပုံ လုပ်လိုက်တာပေါ့ ဟုတ်လား။ မိန်းကလေးဖြစ်ပြီး ကိုယ့်ကိုယ်ကိုယ် အဆင့်ကျော်လို့ ကျော်မှန်းရောသိရဲ့လား စူးရှရယ်"

မရှိဘင်ကဲ အပြစ်တင်နေသော ကေကေ့စကားကို ပန်းနုစ်ဖက် ဆတ်ခနဲ တွန့်ကာ ခပ်သွဲ့သွဲ့ရယ်ရင်း

"အို တကယ် ယူမယ့်ဟာ၊ ဘယ်အရာမဆို အနာဂတ်ကို



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ကြိုတွေးရမှာပေါ့"

"အေးပါ အေးပါ မုန်းချက်နဲ့နမ်းထွက်ကိုက်ပါစေလို့ပဲ ငါက ဆုတောင်းပေးနေမှာပါ"

"အိုး မထွက်စရာ ဘာရှိလဲ၊ လင်းမြတ် ငါ့ကိုဘယ်လောက်စွဲလမ်းတယ်ဆိုတာ နင်တို့တောင် မနာလိုဝန်တိုဖြစ်ရတဲ့အထိမဟုတ်လား၊ သိတယ်နော် ခင်မှူးရှဆိုတဲ့ငါက ချစ်ချင်သူတွေ ဝိုင်းဝိုင်းလည်နေတယ်ဆိုတာ"

လက်မလေး မနို့တရို ထောင်ကာ ယုံကြည်မှုအပြည့်ဖြင့် ပြောလိုက်သည်။

ကေကေ ဟက်ခနဲ ရယ်ကာ

"အေးပါ ဝိုင်းဝိုင်းလည်နေတယ်ဆိုပြီး သိပ်လည်းကျေနပ်မနေနဲ့ Discount ချထားတဲ့အရာဆို လူတိုင်းစိတ်ဝင်စားကြတယ်ဆိုတာ မမေ့နဲ့"

"ဟယ် ကောင်မစုတ် ကြည့်စမ်း ငါက Discount ချရလောက်အောင် အပေါစားဆန်တယ်လို့ပြောလိုက်တာပေါ့လေ၊ ဟုတ်လား အဲ့ဟာ အယုတ်တမာမ တစ်သက်လုံး လင်မရတဲ့အပျိုကြီး မှိုတက်ဖြစ်ပါစေ"

"လင်မရ ဗိုတောင်ကောင်းသေး သက်သာတယ် ဟား ဟား ဟား"

မုန်တင်ခုံပေါ်မှ တစ်ရှူးလိပ်ဖြင့် ကေကေ့ကို မကျေမနပ် ပစ်ပေါက်လိုက်သည်။





ကေကေ တဟားဟားရယ်ကာ အခန်းထဲမှ လှစ်ခနဲ ပြေးထွက်သွားသည်။

ဟန်ဆောင်ဒေါသဖြစ်၍သာ ကေကေ့ကို ရန်ထောင်လိုက်ရပေမယ့် ရင်ထဲမှာ ပီတိစိတ်ကြောင့် စိတ်မဆိုးနိုင်။

လင်းမြတ်လို သူဌေးသားတစ်ယောက်ကို ပိုင်ဆိုင်ရဖို့ အခွင့်အရေးဟာ လောကမှာ ရတောင့်ရခဲအခွင့်အရေးတစ်ခုမို့ တွေးကြည့်ရုံဖြင့်ပင် ရင်ထဲမှာ ကြည်နူးမိသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

လှေကားထစ်ပေါ် နင်းတက်လာရ၍ ရင်တစ်ခုလုံး မောဟိုက်ကာ အသက်ခြောက်ဆယ့်ငါးနှစ်အရွယ် ဒေါ်လှခင်အတွက် ဟက်ထိုးလဲမတတ်ပင်။

ရေဆာလွန်း၍ ခြောက်ကပ်နေသော အာခေါင်ထဲသို့ တံတွေးတစ်ချက်မျိုချရင်း ဒေါ်လှခင်၏ငိုရှိုက်စိတ်တွေက သမီးရှိပါ့မလားဟူသော ပူပန်စိတ်တွေနှင့်အတူ အားတင်းပြီး ဆက်တက်လိုက်သည်။

နဖူးမှချွေးစကို လက်ဖြင့်သပ်ချရင်း နောက်ဆုံးတစ်ထစ်သာကျန်တော့သော လှေကားထစ်ကို အောင်မြင်စွာ လှမ်းတက်လိုက်သည်။

ဆက်တိုက်နင်းတက်လာပြီးမှ တံခါးရှေ့မှာ ရပ်လိုက်သဖြင့် ဒူးတွေတဆတ်ဆတ်တုန်ကာ ရင်တွေတဆတ်ဆတ် တုန်နေသည်။





လူခေါ်ဘဲလ်ကို နှိပ်လိုက်သောလက်အစုံသည် မောရှူမှုကြောင့် တုန်ယင်နေသည်။

သိပ်မကြာလိုက် တိုက်တံခါးပွင့်လာသည်။

အရင်ဆုံး ခေါင်းပြူကြည့်လာသူက ကေကေဖြစ်သည်။

ဒေါ်လှခင်ကို မြင်လိုက်သည်နှင့် မအံ့သြသောမျက်နှာဖြင့်

"ဪ အဒေါ်ကြီး ခင်စူးရှဆီကို လာတာလား"

"ဟုတ်ပါတယ်ကွယ်"

တစ်ခါလာဖူးသည်မို့ ကေကေ မှတ်မိနေခြင်းဖြစ်သည်။

"ခင်စူးရှ ပြန်မလာသေးဘူး"

"ဟုတ်လား ဒါဆို အဒေါ် စောင့်ရမှာပေါ့ကွယ်၊ သူနဲ့တွေ့ပြီးမှပဲ အဒေါ် ပြန်မယ်"

"ဪ ဒါဆိုလည်း အထဲဝင်ပြီးစောင့်လေ"

"ကျေးဇူးပါပဲ တူမရယ်"

ချည်သားပိုက်ဆံအိတ်ခပ်နွမ်းနွမ်းနှင့် ခိုထီးခပ်ဖြူဖြူကို ချိုင်းကြားညှပ်ကာ အိမ်ထဲခပ်ကုတ်ကုတ်လိုက်ဝင်လိုက်သည်။

ရှင်းလင်းသပ်ရပ်မှု သိပ်မရှိသော ဧည့်ခန်းကို ဝေ့ကြည့်ပြီး ဆက်တီခုံမှာ ခပ်ရို့ရို့ဝင်ထိုင်လိုက်သည်။

ဒေါ်လှခင်ပုံစံမှာ သမီးကို လာတွေ့သောအမေတစ်ယောက်၏ ဟန်မျိုးမရှိ၊ အလုပ်ရှင်ကို လာစောင့်နေသော အလုပ်သမားတစ်ယောက်လို သိမ်ငယ်နေသည့်ဟန်ပေါက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အရေးတယူဟန်မရှိဘဲ ကေကေ အထဲပြန်ဝင်သွားသည်။

ထိုစဉ် လှေကားထစ်မှ တက်လာသော ခြေသံကြောင့် ဒေါ်လှခင် ထိုခြေသံကို နားစွင့်လိုက်သည်။

ကိုယ့်သမီးများပြန်လာတာလားဆိုသည့်စိတ်ကြောင့် အားလည်းတက်သွားသည်။ ခြေသံတံခါးဝရှေ့မှာ ရပ်သွားပြီး လူခေါ်ဘဲလ်သံ တီခနဲ ပေါ်လာသည်။

ကေကေ အခန်းထဲဝင်သွားပြီးမှ ပြန်ထွက်လာပြီး တံခါးလက်ကိုင်ဘုကို ဖွင့်ပေး၏။

အခန်းတံခါးဝတွင် ရပ်နေသူက ခင်စုးရှ မဟုတ်။

"ဩော် လင်းမြတ်ပါလား၊ စုးရှ ပြန်မရောက်သေးဘူး"

"ဟုတ်လား ဖုန်းဆက်ကြည့်တော့ သူ ပြန်လာနေပြီဆိုတာနဲ့ ထွက်လာတာ"

"ခဏစောင့်လေ၊ ပြန်လာတော့မှာပဲ"

လင်းမြတ် အိမ်ထဲဝင်လာပြီး ဒေါ်လှခင်ကို တွေ့ကာ

"ဩော် ဉည့်သည် ရောက်နေတာပဲ"

"ဟုတ်တယ် စုးရှ ဉည့်သည်လေ၊ ရွာက လူကြုံနေမှာပေါ့"

ထိုသို့ ခပ်ပေါ့ပေါ့ အပြောခံလိုက်ရ၍ ဒေါ်လှခင် မျက်နှာမပျက်အောင် အပြုံးဖျော့ဖျော့ဖြင့်ထိန်းရင်၊ မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်သော လင်းမြတ်ကို ခေါင်းတစ်ချက်ဆတ်ပြလိုက်သည်။

လင်းမြတ်ဘက်က ဘာတုံ့ပြန်မှုမှ မပြုဘဲ ခပ်တည်တည်ဝင်





ထိုင်လိုက်သည်။

ရုပ်ခပ်ဖြောင့်ဖြောင့်နှင့်ငွေကြေးချမ်းသာပုံပေါက်သော လင်းမြတ်ကို မရဲတရဲ အကဲခတ်ပြီး သမီး၏ချစ်သူများလားဟူသော လိုရာဆွဲတွေးသည့် ပီတိဖြင့် ရင်ထဲမှာ ဘာရယ်မဟုတ် ကျေနပ်နေမိသည်။

ရန်ကုန်မှာ ကျောင်းတက်ဖို့ လွှတ်လိုက်တာ မှန်သွားသည်ဟု ကျေနပ်စွာတွေးလိုက်သည်။

"အဒေါ်ကြီးက ခင်စုးရှဆီကို ဘာကိစ္စနဲ့ လာတာလဲ"

"ဩော် အဲ ဒီလိုပါပဲ ကိစ္စအထွေအထူးတော့ မရှိပါဘူး၊ ရန်ကုန်ကို ရောက်တုန်းရောက်ခိုက် နေရထိုင်ရတာ အဆင်ပြေလား ဝင်ကြည့်တာပါ၊ ဒါနဲ့ ငါ့တူကရော"

"ကျွန်တော်က ခင်စုးရှရဲ့သူငယ်ချင်းပါ၊ ဒါနဲ့ ခင်စုးရှမိဘတွေရော နေကောင်းကြလား၊ သူပြောတာတော့ သူ့မိဘတွေက ဆီစက်တွေ ဆန်စက်တွေနဲ့ အလုပ်တော်တော်ရှုပ်လို့ ရန်ကုန်ကိုသိပ်မလာဖြစ်ကြဘူးလို့တော့ ပြောတယ်"

ဘဝအမှန်ကို [illegible]မပြောဘဲ လူအထင်ကြီးအောင်ပြောထားသော ခင်စုးရှကို ဒေါ်လှခင် ဘယ်လိုနားလည်ရမှန်းပင် မသိတော့။

ငယ်စဉ်ကတည်းက ကြွားဝါတတ်သော အကျင့်တွေ ခုချိန်ထိ မပျောက်သေး၍ သမီးဖြစ်သူအတွက် ဒေါ်လှခင် ရင်မောသွားမိတာတော့ အမှန်ပါ။

တော်ရုံဘဝနေထိုင်မှုပုံစံမျိုးဖြင့် မရောင့်ရဲ မတင်းတိမ်တတ်



www.burmeseclassic.com

www.burmeseclassic.com



သော သမီးကို ရန်ကုန်မှာ တင်ယောက်ထဲနေခွင့်ပေးမိတာ မှားများမှား သွားပြီလားဟုတွေးရင်း လင်းမြတ်ကို ဖျတ်ခနဲ အကဲခတ်ကာ

"အင်း ဟုတ်တယ် သူ့မိဘတွေက လုပ်ငန်းရှင်တွေဆိုတော့ အလုပ်အရှုပ်များတယ်ကွယ်၊ ခုတောင် အဒေါ်ကို လူကြုံလွှတ်ပြီး လာကြည့်ခိုင်းတာ"

သမီး၏ကြွားဝါမှုတွေကို အားပေးအားမြှောက်လုပ်မိလေသလား ဆိုတာ မစဝခွဲချင်လောက်အောင် ရင်ထဲမှာ စိတ်မကောင်းခြင်းများစွာဖြင့် အလိုက်အထိုက် ဖြေလိုက်ရသည်။

ခုချိန်မှာ အဒေါ်က ခင်စူးရှရဲ့အမေပါလို့ ပြောလိုက်လျှင် ကိုယ့်သမီးကိုဒီလူငယ်လေး အထင်သေးသွားနိုင်သည်။

ဒီတော့ ရှိစေတော့ပေါ့ . . . ။

■ ■ ■

## အခန်း (၃)

"ဟဲ့ စူးရှ နင် ဘယ်ဝင်နေတာလဲ၊ ဒီမှာ နင့်ညှို့သည်နှစ်ယောက်တောင် ရောက်နေတယ်"

တံခါးဖွင့်ဖွင့်ချင်း ဆီးမေးလိုက်သော ကေကေ့စကားကြောင့်

"ဟင် ဟုတ်လား ဘယ်သူတွေလဲ"

အမေးနှင့်အတူ အိမ်ထဲကို ကဲကြည့်လိုက်သော စူးရှ မျက်ဝန်းတွေ လက်ခနဲ တောက်သွားသည်။

"ဟယ် လင်းမြတ် ရောက်နေတာပဲ၊ တို့က ကားဂိတ်မှာစောင့်နေလိမ့်မယ်ထင်နေတာ၊ အောက်မှာ ကားလည်းမတွေ့ပါဘူး"

သွက်လက်စွာပြောပြီး အိမ်ထဲကို လှမ်းဝင်လိုက်သည်။ လေကြားတက်ခဲ့ရသောအမောတွေ လုစ်ခနဲ ပျောက်ကွယ်သွားသည်။

ဖျူးတာပေ

www.burmeseclassic.com



သို့သော် ဒေါ်လှခင်ကို တွေ့လိုက်သည်နှင့် အပျော်တွေ ဝေနေသော မျက်နှာမှာ ချက်ချင်းပျက်ယွင်းသွားကာ

''ဘယ် ဘယ်တုန်းက ရောက်နေတာလဲ''

တုံ့နှေးသော အမေးနှင့်အတူ ပခုံးထက်မှ လည်သာစလင်းဘတ်အိတ်ကို ဆက်တီစားပွဲပေါ်အသာချပြီး ဆက်တီခုံလွတ်မှာ ခပ်လေးလေးထိုင်ချလိုက်သည်။

''ရောက်တာ မကြာသေးပါဘူး''

''ဩော် ဟို ကိစ္စရှိလို့လား''

ခင်စုးရှ၏လေယူလေသိမ်းတို့သည် မူမှန်ခြင်းမရှိ။ ဒေါ်လှခင်ကို အမေဟု မခေါ်သည့်အပြင် သူစိမ်းဆန်နေသည်။

သမီးဖြစ်သူ၏ခပ်စိမ်းစိမ်း အပြုအမူနှင့်အမေးကြောင့် စိတ်မကောင်းဖြစ်မိသော ခံစားမှုကို သိသိပ်ကာ အသိမိတ်ဆွေတစ်ယောက်၏ရင်းနှီးသောအမူအရာမျိုးဖြင့်သာ

''ကိစ္စရယ်လို့တော့ ထွေထွေထူးထူး မရှိပါဘူး၊ ရန်ကုန်ရောက်နေတာနဲ့ ဒီလိုပဲ ဝင်လာကြည့်တာပါ၊ နယ်ကိုပြန်တော့မှာလေ၊ မှာစရာလေးရှိတာ မှာရအောင်လို့ပါ''

ဆင်းရဲလွန်းသော မိခင်ကို လူပုံအလယ်မှာ ဒါ ကျွန်မအမေပါဟု ဖွင့်ဟမိတ်ဆက်မပေးရဲမှုတော့ အမေတစ်ယောက်၏မေတ္တာအပြည့်ဖြင့် နားလည်ပေးလိုက်ကာ အလိုက်အထိုက်ပင် ပြောဆိုရတော့မည် မဟုတ်လား။





''အင်း ထွေထွေထူးထူး မှာစရာမရှိပါဘူး၊ ဟိုလေ ဖေဖေနဲ့ မေမေ နေကောင်းတယ်မို့လား၊ ညီမလေးရော စာလိုက်နိုင်ရဲ့လား''

''အင်း အားလုံးနေကောင်းကြပါတယ်၊ ထက်မြက်လေးလည်း စာလိုက်နိုင်ပါတယ်''

အသံမတုန်အောင် မနည်းထိန်းပြောနေရသော ဒေါ်လှခင်၏ ရင်ထဲမှာ နာကျင်စူးရှ၍နေသည်။

အမေတစ်ယောက်ဖြစ်နေပါလျက် ဒါ အမေပါဟု ဖွင့်မပြောရဲသော သမီးလုပ်သူကို စိတ်နာရမလား။ ငါ့ကံကိုက မကောင်းလိုက်တာဟု ကိုယ့်ဟာကိုယ်ပဲ အပြစ်တင်ပြီး ကံအပေါ်ပုံချလိုက်ရမှာလား။

ဆက်ထိုင်နေလျှင်လည်း ဘာမှပိုပြီးအကျိုးထူးလာတော့မည် မဟုတ်တော့မည့်အတူတူ ကိုယ့်သမီး၏မျက်နှာလေးကို မြင်ရပြီမို့ ပြန်ဖို့ပဲ ရှိတော့တာပေါ့။

''ကဲ ဒါဆိုရင် သွားခွင့်ပြုဦးကွယ်၊ ရထားအမီ ဘူတာဆင်းရမှာမို့ပါ''

နှုတ်ဆက်ပြီး ဆို့တက်လာသောမျက်ရည်တို့ စီးကျမလာခင်မှာ အိမ်ပေါက်ဝသို့ ခပ်သွက်သွက်ထွက်ခဲ့လိုက်သည်။ ကိုယ်ကိုယ်တိုင် ဝမ်းနှင့်လွယ်မွေးခဲ့ရပြီး အမေပါဟု မိတ်ဆက်ပေးခြင်းမခံရလောက်အောင် ကိုယ့်ရဲ့ကံကြမ္မာက နိမ့်နည်းလှချည်လား။

ဒါဟာ ဝဋ်ကြွေးဆိုလျှင်လည်း ထိုဝဋ်ကြွေးတို့ကို နောက်ထပ် တဖန်ပြန်၍မရှင်သန်စေချင်ပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

အမှောင်ဘက်သမ်းသော လှေကားထစ်ရောက်မှ မျက်ရည်တို့ကို စိတ်ကြိုက်ဝေ့ဝဲခွင့်ပြုလိုက်ပြီး လှေကားထစ်တွေကို အားမရှိစွာဖြင့် ဆင်းခဲ့လိုက်သည်။

"အမေ"

တိုးသဲ့သဲ့ခေါ်သံကြောင့် လှေကားလက်ရန်းကို အားပြုကိုင်ရင်း လှည့်ကြည့်လိုက်သည်။

"သမီးကို နားလည်ပေးပါ အမေ"

ထိုသို့ပြောပြီး လက်ထဲမှ စာအိတ်တစ်အိတ်ကို လှမ်းပေးသည်။

"ဒါက ဘာလဲ စုးရှ"

"ငွေလေ အမေတို့သုံးဖို့ပေါ့"





"ငွေလိုချင်လို့လာတာမဟုတ်ပါဘူးအေး၊ ငါ့သမီးလေးများ နေရေးထိုင်ရေး အဆင်ပြေရဲ့လား၊ နေလို့ကောင်းရဲ့လားဆိုတဲ့စိတ်ပူပန်တဲ့စိတ်နဲ့ ဝင်ကြည့်တာပါ"

စုးရှ၏မျက်နှာမှာ အပြစ်ရှိသူတစ်ယောက်လို ဒေါ်လှခင်ကို ခဲရဲပင် မကြည့်ရဲ။ ခေါင်းကြီးငုံ့လျက် ငွေထည့်ထားသည့် စက္ကူအိတ်ကိုသာ တွင်တွင်လှမ်းပေးနေ၏။

"ဟိုလေ မိဘတွေကို ချမ်းသာတယ်လို့လိမ်ပြောမိတာ စိတ်ဆိုးနဲ့နော် အမေ၊ အခန်းဖော် ကေကေက စုးရှကို မိဘချင်းရော အလုပ်အကိုင်ရော အစစအရာရာ ပြိုင်တယ်၊ နောက်ပြီးလင်းမြတ်တို့မိသားစုတွေက ကုမ္ပဏီပိုင်ရှင်တွေလေ၊ သူတို့သားနဲ့လက်ထပ်မယ့် မိန်းကလေးရဲ့မိဘတွေကို ရွာကဆင်းရဲတဲ့လယ်သမားလို့ သိသွားရင် သဘောမတူမှာစိုးလို့ အခြေအနေအရ လိမ်မိတာပါ"

ဖြေရှင်းချက်တွေနှင့် တောင်းပန်တိုးလျှိုးနေသော သမီးဖြစ်သူ၏ဗီဇနှင့်အတွင်းစိတ်ကို ဒေါ်လှခင် နားမလည်ဘဲနေပါ့မလား။

"ဒီလို လိမ်ထားတော့ရော တစ်သက်လုံး ပြီးသွားမယ်တဲ့လား တစ်ချိန်ပေါ်လာမှာပဲလေ၊ အမေတို့က အဲဒီအချိန်မှာ ထပြီးချမ်းသာသွားရင်တော့ ဒါဟာအရေးလား"

စိတ်မသက်မသာ ပြောလိုက်သော မိခင်ကိုကြည့်ပြီး ခင်စုးရှ အပြုးလက်လက်တစ်ချက် ပြုံးလိုက်ပြီး

"ဒါက နောက်မှနောက်ကြည့်ရှင်းပေါ့ အမေရယ်၊ စုးရှ၀



www.burmeseclassic.com

www.burmeseclassic.com



မြင့်မားဖို့အတွက် ဒီလောက်လေး ရင်းနှီးခွင့်ပေးပါ၊ အားလုံးရဲ့အမြင်မှာ အမေ့ကို အမေလို့မြင်စေချင်ပေမယ့် အမေ၀တ်စားလာတဲ့အရောင်အသွေးက ဆန်စက်သူဌေးမကြီးရဲ့ပုံစံ မဟုတ်ဘူးလေ''

အပြုံပွင့်ရိုက်ရှန်သားအင်္ကျီခပ်နွမ်းနွမ်းကို ပါတိတ်လုံချည်ခပ်နွမ်းနွမ်းနှင့်တွဲဝတ်ထား၍ ကိုယ့်ကိုယ်ကိုယ် သိမ်ငယ်စွာဖြင့် ပြန်ငုံ့ကြည့်ရင်း ရင်ထဲမှာ ကျင်ခနဲ ခံစားလိုက်ရသည်။

သားသမီးမွေးပြီး လောကအလယ်မှာ တင့်တင့်တယ်တယ် မထားနိုင်ခဲ့သည့်အမေတစ်ယောက်၏ခံစားမှုသည် ရင်ကိုခွဲပြီး ဆားအပက်ခံရသလို ထွန့်ထွန့်လူးမတတ်ပါပဲ။

''အေးပါ ညည်းလေးဘ၀ ဖြောင့်ဖြူးဖို့အတွက် ကိုယ့်နည်းကိုယ့်ဟန်သုံးပြီး အကွက်ချစီစဉ်တာပဲ၊ အမေတို့လည်း အလိုက်သင့်လေး၀င်ကပေးရမှာပေါ့၊ ခုချိန်ကစပြီး အမေဟာ ညည်းဆီကိုလာတိုင်း ညည်းမိဘတွေရဲ့အိမ်ဖော်မိန်းမကြီးတစ်ယောက်အဖြစ်နဲ့ လာတွေ့မှာပါ၊ အဓိကက အမေ့သမီးမျက်နှာလေး မြင်ရဖို့ပဲမဟုတ်လား''

''အမေရယ်''

''ကဲ ကဲ အမေပြန်မယ်၊ ရထားမမီမှာစိုးလို့''

''ရော့ ဒီငွေတွေယူသွားဦးလေ''

''ဟင့်အင်း ရန်ကုန်မှာက စရိတ်စကကြီးဟာကြီးနဲ့ ကိုယ့်ဟာကိုယ်ပဲပြန်ယူထားပါ၊ ကဲ အမေသွားပြီနော်''

စိတ်မကောင်းဖြစ်ဟန်မပြဘဲ နှုတ်ဆက်ကာ လှေကားထစ်မှ

မျှားတာပေ



ဆင်းလာခဲ့လိုက်သည်။

ကျောခိုင်းပြီးမှ မျက်ရည်ကျတာဟာ သမီးအတွက် စိတ်သက်သက်သာသာ ဖြစ်စေမှာပါ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"လင်းမြတ်"

ခင်စူးရှ ခပ်တိုးတိုးခေါ်သည်ကို လင်းမြတ် ချက်ချင်းမထူး

"လင်းမြတ်"

ဆွဲဆွဲငင်ငင် ထပ်ခေါ်သည်။

"ဟင်"

"ကြည့် ခေါ်နေတာကို စိတ်မပါသလိုကြီးထူးတယ်"

"ထူးနေတာပဲလေ ပြော ဘာပြောမလို့လဲ"

လင်းမြတ်ပုံစံက စိတ်သိပ်မပါသလိုပုံစံကြီးမို့ ခင်စူးရှ သိပ်ပြ

ဘဝင်မကျလှ။ ခုတစ်လော ခင်စူးရှအပေါ် လင်းမြတ်၏အပြုအမူမေ

ဘာကြောင့် သဲသဲလှုပ်မဖြစ်တော့တာလဲဟုတွေးကာ ဘဝင်မကျဖြစ်

သည်။





"စူးရှတို့ ဘယ်တော့ လက်ထပ်ကြမှာလဲ၊ ကေကေတောင် သူ့ချစ်သူနဲ့ လက်ထပ်ဖို့ပြောနေပြီ"

"အဲဒီတော့"

"အို သူတို့ထက်အရင်ဆုံး ချစ်သူတွေဖြစ်ကြတာက လင်းမြတ်နဲ့စူးရှပါနော်၊ ခုတော့ မနေ့တစ်နေ့ကမှတွေ့ပြီး ဖုတ်ပူမီးတိုက် ချစ်သူတွေဖြစ်သွားကြတဲ့နှစ်ယောက်က ရှေ့လထဲမှာ လက်ထပ်ကြဖို့ ဆိုင်းပြင်းနေကြပြီ၊ လင်းမြတ်ကသာ စူးရှကို လက်ထပ်ကြရအောင်လို့ တစ်ခါမှ မတောင်းဆိုဖူးသေးတာ"

နှုတ်ခမ်းစူ မျက်ဝန်းချိုကာ ကလေးဆန်စွာပြောနေသော စူးရှကိုကြည့်ပြီး လင်းမြတ် မသိမသာ သက်ပြင်းခပ်ဖျော့ဖျော့ ချလိုက်သည်။

လင်းမြတ်မိဘတွေက လင်းမြတ်ကို တခြားသူနှင့်စည်းရုံးထားပြီးသားဆိုတာ ဖွင့်ပြောလိုက်လျှင် စူးရှ ဘယ်လောက်သွေးပျက်သွားလိမ့်မလဲ။

ခုလို ကျဉ်းထဲကျပ်ထဲ အခြေအနေမျိုးမှာ စူးရှနှင့်လက်ထပ်ဖို့မဖြစ်နိုင်သေးတာ လင်းမြတ်သာလျှင်အသိဆုံး။

မာမီတို့သဘောတူထားသည့်မိန်းကလေးက ဂျပန်မှာကျောင်းတက်ပြီးပြန်လာသည့်အပြင် မြန်မာပြည်မှာ ဘွဲ့သုံးလေးဘွဲ့ရထားသူ ပညာတတ်တစ်ယောက်။ ဒါ့အပြင် မိဘမျိုးရိုးကလည်း မာမီ့စိတ်ကြိုက် ဂုဏ်သရေရှိအထက်တန်းကျသည့် အသိုင်းအဝိုင်းမှ ဆင်းသက်ပေါက်ဖွား လာသည့် အကောင်ကြီးကြီးအသိုင်းအဝိုင်းကဖြစ်သည့်အတွက် ပေါက်စက်



www.burmeseclassic.com

www.burmeseclassic.com



ဆန်စက်လေးသာပိုင်ဆိုင်ပြီး ရန်ကုန်မှာအိမ်ငှားပြီး ကျောင်းတက်နေရသည့် ခင်စုးရှုကို ဘယ်လိုလုပ် မိဘတွေက မျက်စိတွေ့ပါတော့မလဲ။

ခင်စုးရှုနှင့်လက်ထပ်ဖို့အရေး တွေးကြည့်လိုက်လျှင် ဘယ်နှကြိမ်မြောက် သက်ပြင်းမောတွေ ချခဲ့မိမှန်းမသိတော့။

မာမီနှင့်အတော်လေးကို အတိုက်အခံပြောရမည့်အခြေအနေမှ နိုင်ခြေမရှိသော ပွဲမျိုးမို့ စိတ်ထဲမှာတွန့်ဆုတ်နေမိခြင်းဖြစ်သည်။

"ကြည့် ဘာတွေ အဲလောက်အရှည်ကြီးတွေးနေလို့ စုးရှု စကားကိုအရေးမလုပ်တာလဲလို့"

"ဩော် ဘာ ဘာမှမတွေးပါဘူး"

"မတွေးဘဲနဲ့တော့ မနေပါဘူးနော်၊ စုးရှု သိပါတယ်၊ ကဲ ပြော လက်ထပ်ဖို့ကိစ္စကို ဘယ်တော့ စီစဉ်ပြီး ဘယ်တော့ဖွင့်ပြောမှာလဲ"

"ဖြည်းဖြည်းပေါ့ စုးရှုရယ်"

"ကြည့် လင်းမြတ်ကလေ ကိုယ့်ချစ်သူကို မိဘနဲ့ပေးတွေ့ဖို့ အရေး အတန်းပိုင်ဆရာမနဲ့ပေးတွေ့ရသလို တွန့်ဆုတ်တွန့်ဆုတ် သိပ်နိုင်တာပဲ၊ စုးရှု တကယ်အားမရပါဘူး"

ပခုံးကို ခပ်ဖွဖွထုကာ မကျေမနပ်ပြောလိုက်သော စုးရှုကို နှစ်သိမ့်ဖို့စကားစရှာရင်း အကြောင်းပြချက်တစ်ခုက လုစ်ခနဲ အာရုံမှာပေါ်လာသည်။

"မာမီက ခုတစ်လော နေသိပ်မကောင်းချင်ဘူး စုးရှုရဲ့"

"ဟင် ဟုတ်လား ဘာဖြစ်လို့လဲ"





"ထုံးစံအတိုင်း နှလုံးနဲ့သွေးတိုးပေါ့၊ ဒီကြားထဲ ဆီးချိုတွေက မကြာမကြာတက်နေလို့ နာ့စ်တစ်ယောက်ကို ငှားပြီး မာမီ့နားမှာမပြတ်စောင့်ကြည့်နိုင်းထားရတာ၊ ဒီလိုအချိန်မျိုးမှာ လက်ထပ်ဖို့သွားပြောရင် မာမီ သွေးဆောင့်တက်သွားနိုင်တယ်"

"စုးရှုနဲ့သဘောမတူလို့လား"

"မဟုတ်ဘူး မာမီက သားသမီးကို သိပ်ချစ်တတ်တာ၊ အချိန်တန်အရွယ်ရောက်လို့ အိမ်ထောင်ချပေးရမယ်ဆိုတာ သိပေမယ့် ကိုယ်တို့ညီအစ်ကိုနှစ်ယောက်စလုံး ရှေ့ဆင့်နောက်ဆင့် အိမ်ထောင်ပြုရင် မာမီခံစားရမှာစိုးလို့ပါ"

"ဟင် လင်းမြတ်အစ်ကိုက အိမ်ထောင်ကျသွားပြီလား"

"အင်းလေ မနှစ်က စုးရှု နယ်ပြန်တဲ့အချိန်မှာ ကိုကို မင်္ဂလာဆောင်တယ်လေ၊ အဲဒီတုန်းကဆို မာမီ ငိုလိုက်တာမှ အရမ်း၊ ကိုယ်ဆောင် မာမီ့ကိုသနားပြီး တစ်သက်လုံး လူပျိုကြီးလုပ်ပစ်လိုက်ချင်စိတ်ပေါက်သွားတယ်"

လင်းမြတ် စကားကြောင့် စုးရှု မျက်ဝန်းမှာ စိုးရိမ်စိတ်ကြောင့်ညှိုမှောင်သွားသည်။

"ဒါဆိုရင်လည်း ဘုန်းကြီးပဲဝတ်လိုက်ပါတော့လား လင်းမြတ်ရယ် ဟွန်း"

"အင်း အဲဒါလည်း ကောင်းတာပဲ"

ရွဲ့ပြော၍ပြောမှန်းမသိသော လင်းမြတ်ကို မျက်စောင်းခပ်လှလှ



www.burmeseclassic.com

www.burmeseclassic.com



တိုးကာ

"လင်းမြတ်နော် မနောက်နဲ့ သိလား၊ စုးရှ စိတ်တိုလာပြီ"

"စိတ်တိုရင် ဆွဲဆန့်နိုင်းလိုက်"

"ကဲပါ နောက်မနေပါနဲ့တော့ ခုအ ဘည်ပြောနေတာ ကဲ ပြော

စုးရှကို လင်းမြတ်မာမီတွေနဲ့ ဘယ်တော့ပေးတွေ့ပေးမှာလဲ"

အားနာသောအကြည့်ဖြင့်ကြည့်ကာ

"အင်းပါ ပေးတွေ့မှာပါ၊ စုးရှနဲ့ပေးတွေ့ပေးဖို့ မာမီ ကျန်းမာရေ

အရိပ်အကဲကိုကြည့်နေရလို့ပါကွာ"

"စုးရှကတော့ လင်းမြတ်မာမီကို မမြင်ဖူးခင်ကတည်းက အမေ

တစ်ယောက်လို ချစ်ခင်တဲ့စိတ်မျိုး ဝင်နေမိသလိုပဲ၊ ချွေးမကောင်းတစ်

ယောက်ထက် သမီးရင်းတစ်ယောက်လို ပိုပြီးပြုစုစောင့်ရှောက်မှာပါ"

နှမ်းပါးသော မိခင်အရင်းကိုတောင် မိခင်ပါလို့ လူပုံအလယ်

ပွဲမထုတ်ရဲသော ခင်စုးရှမှာ မမြင်ရသေးသော ယောက္ခမလောင်းအပေါ်

စေတနာတွေ ပြည့်ဖြိုးလျှံနေသည့်အဖြစ်အား ကိုယ့်ကိုယ်ကိုယ်ပင် ပြန်

လည်ထောက်ကြည့်ဖို့ မေ့လျော့နေ၏။

မျက်နှာပေါ်မှာ လိုချင်တပ်မက်မှုအရောင်တို့ အမျိုးအစားစုံလင်

စွာ ထင်ဟပ်နေသည့်မှာလည်း ဖိတ်ဖိတ်တောက်လျက်။

■ ■ ■



## အခန်း (၆)

ချယ်ရီမောင်၏ခြေလှမ်းတွေသည် သားဖွားမီးယပ်အထူးကု

ဆရာဝန် ဒေါက်တာဒေါ်စန္ဒာဝင်းထံမှ ထွက်လာခဲ့ကတည်းက သိပ်ပြီး

အသက်မပါ။

ကားထဲမှာ အဆင်သင့်စောင့်ဆိုင်းကာ ရင်ခုန်မျှော်လင့်နေ

သော မောင့်ကို ဘယ်လိုပြောရပါ့။

"ချယ်"

"ဟင် မောင်"

မျှော်လင့်ချက်မဲ့စွာခေါင်းငိုက်စိုက်လျက် ကားဆီသို့ လျှောက်

နေသောခြေလှမ်းတွေသည် မင်းပျို့၏အမေးကြောင့် တုံ့ဆိုင်းသွားကာ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပြင်မှာ ဖျော့တော့သွားသည်။

"ဒေါက်တာ ဘာပြောလိုက်လဲ"

ဝမ်းသာအားရ မေးသံကြောင့် မဖြေရက်။ ဒေါက်တာဒေါ်စန္ဒာဝင်း အသေးစိတ်ရှင်းပြခဲ့သလို မောင့်ကိုရှင်းမပြရက်။

"ချယ်ရီရဲ့သားအိမ်က သန္ဓေသားလွယ်လည်း မျက်ကျမှာပဲတဲ့"

"ဟင် ဘာ ဘာဖြစ်လို့လဲ"

"နှလုံးအထူးကု ဆရာဝန်ကြီးရဲ့ဆေးစစ်ချက်မှတ်တမ်းကိုကြည့်ပြီး ချယ်ရီ့ကို ကလေးမယူသင့်ဘူးလို့ ပြောလိုက်တယ်"

"ဟင် ဒါ ဒါဆို မောင်တို့ရင်သွေးလေးကို တစ်သက်လုံး မလွယ်နိုင်တော့ဘူးပေါ့ ဟုတ်လား"

မျက်ရည်ဝေ့မျက်ဝန်းဖြင့် ခေါင်းညိတ်ပြလိုက်သည်။

မင်းပျို့ရင်ထဲမှာ စိတ်မကောင်းဖြစ်မိပေမယ့် ချယ်ရီမောင်၏ သနားစရာကောင်းသည့် အမူအရာကိုကြည့်ပြီး ရင်ထဲမှဝေဒနာကို ထုတ်ပြမနေတော့။

"အင်းလေ ချယ်ရဲ့နှလုံးရောဂါကြောင့် ရင်သွေးမလွယ်နိုင်တာပဲ။ ဘာတတ်နိုင်မှာလဲကွာ။ ကိုယ်ဝန်ဆောင်မိပြီးကာမှ မိခင်ရော ရင်သွေးရော အသက်လုရမယ့်အဖြစ်ထက်စာရင် ချယ့်ကို ခုလိုပုံစံလေးမြင်နေရတာကမှ စိတ်ချမ်းသာရဦးမယ်"

ဖြေသိမ့်ပြောတတ်လွန်းသော မင်းပျို့ကို ကျေးဇူးတင်သော အကြည့်ဖြင့်မော့ကြည့်ကာ





"ချယ့်အပေါ် ခုလိုနားလည်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် မင်းပျို့ရယ်"

စိတ်ဖိစီးမှုတွေ လွှံတက်နေသော မျက်နှာပေါ်မှ မျက်ရည်စက်အချို့ကို လက်မနှင့်တို့သုတ်ပေးလိုက်ပြီး

"လင်မယားအချင်းချင်း ကျေးဇူးတင်စရာလိုလို့လား မောင့်ဘေးမှာ ချယ်လေးရှိရင် အရာရာပြီးပြည့်စုံပြီမို့ မောင်တို့အတွက် ရေစက်မပါတဲ့ရင်သွေးလေးကို ထပ်ပြီးမမျှော်လင့်နေတော့ပါဘူး။ အဓိကက ချယ်လေး စိတ်ချမ်းချမ်းသာသာနေဖို့က အဓိက မဟုတ်လား"

"ဟင့်အင်း ချယ်လေးကလေ ကိုယ့်စိတ်ချမ်းသာမှုထက် မောင့်ရဲ့ဆန္ဒကိုပိုပြီး တန်ဖိုးထား ဖြည့်ဆည်းပေးချင်တာ မောင်ရဲ့၊ စိတ်ချပါ ချယ်လေး မောင့်ကို အချစ်တွေအစွမ်းကုန်ပေးပြီး မောင့်အနားမှာ လိုအပ်ချက်မရှိအောင် ပြုစုပေးပါ့မယ် မောင်ရယ်"

အပြန်အလှန် မေတ္တာပန်းတွေ ဝေနေကြသော ညနေခင်းသည် အရင်ရက်များကထက်ပို၍ သာသာယာယာ ရှိနေပါသည်။

နှစ်ဦးသား လက်ကိုဆုပ်ကိုင်လိုက်ကြပြီး ရှေ့ဆက်ရမယ့် အနာဂတ်ခရီးကို မျှော်ကြည့်လိုက်မိသော ချယ်ရီမောင်မောင့်ရင်ထဲမှာ သောကဆိုတည်က ဟိုတစ်စ သည်တစ်စရယ်။

ဘဝမှာ အလိုချင်အတပ်မက်ဆုံးက ပျော်ရွှင်စရာကောင်းတဲ့ မိသားစုဘဝလေးကို ပိုင်ဆိုင်ခွင့်ရဖို့ပါပဲ။

ခုတော့ သံယောဇဉ်နှောင်ကြိုးလေးတွေ တစ်ရစ်ပြီးတစ်ရစ်



www.burmeseclassic.com

www.burmeseclassic.com



ချည်နှောင်ခွင့်မရတော့သည့် ရင်ခွင်အစုံမှာ ဘယ်အချိန် ဘယ်ကာလ အထိပဲ မှီတွယ်ခွင့်ရမှာတဲ့လဲ။

■ ■ ■

## အခန်း (၇)

"ဘယ်လို မိချယ် ကိုယ်ဝန်ဆောင်လို့မရဘူး ဟုတ်လား"

မြေးဦးလေးကို ရှူးမတတ် မျှော်လင့်နေသော ဒေါ်ခင်သက်ထားမှာ ချယ်ရီမောင်မောင့်ဆီမှ စကားကြောင့် သွေးခုန်နှုန်းတွေ ပိုမြန်လာသလို ခံစားလိုက်ရသည်။

ဒီချွေးမလေးဟာ ကိုယ့်စိတ်တိုင်းကျ ရွေးချယ်ထားခဲ့သည့် ချွေးမချောလေး။ သူကလေးကို ချွေးမတော်လိုက်လျှင် သားကြီးရဲ့ဘဝဟာ လိုအပ်ချက်မရှိ ပြီးပြည့်စုံနိုင်သည်ဟု တွေးတောပြီး လက်ထပ်ပေးခဲ့ခြင်းဖြစ်သည်။

လူ့ဘဝဆိုတာ ဘယ်အရာမှ ပြီးပြည့်စုံတယ်ဆိုတာ မရှိဘူးဆိုသည့်စကား ခုတော့ လက်တွေ့မို့ မယုံ၍မရတော့။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကိုယ်တိုင် မိချယ်ဟု ချစ်စနိုးခေါ်ခဲ့သည့် ချွေးမချောလေး ချယ်ရီမောင်မောင်ဟာ ချမ်းသာသော မိဘအသိုင်းအဝိုင်းမှ ကြီးပြင်းလာရသည့် ပညာတတ်ရုပ်ချော တစ်ဦးတည်းသော သမီးလေးမို့ သားကြီးနှင့်သာ လက်ထပ်ပေးလိုက်လျှင် ပျော်ရွှင်စရာကောင်းသည့် မိသားစုဘဝလေးကို ဖန်တီးနိုင်လိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် ပီတိတွေဖြင့်ကျေနပ်ခဲ့ရသည်။

''မာမီ မြေးမချီရတော့ဘူးဆိုပြီး စိတ်ဓာတ်ကျသွားလားဟင် ချယ် စိတ်မကောင်းပါဘူး မာမီရယ်၊ ဘာပဲဖြစ်ဖြစ် ချယ် ကြိုးစားကြည့်ဦးမှာမို့ စိတ်ဓာတ်မကျပါနဲ့နော်''

မျက်နှာငယ်ဖြင့် ရိုကျိုးစွာ ပြန်လည်နှစ်သိမ့်ပေးနေသော မိချယ့်ကိုကြည့်ပြီး ခေါင်းသက်ထား ရင်မှာ သနားလိုက်သည်မှာဖြစ်ခြင်း

စိတ်မကောင်းဖြစ်တာ ဘေးချိတ်ပြီး ကိုယ့်ရှေ့မှာ အပြစ်သားတစ်ယောက်လို အားငယ်စိုးရွံ့နေသော မိချယ့်ကို အပြုံးတုတစ်ခု ကပျာကယာ ဖန်တီးပြုံးလိုက်ပြီး

''အို မဟုတ်တာ သမီးရယ်၊ မာမီ့ကိုမြေးလေး မမွေးပေးနိုင်တာနဲ့ ဝမ်းနည်းဖို့မှမလိုတာကွယ်၊ သမီးက နှလုံးရောဂါသည်ဆိုတော့ ဘယ်လိုကလေးမွေးမလဲ၊ မာမီ့ချွေးမလေးကို မြေးလေးတစ်ယောက်လိုချင်တာနဲ့ပဲ မာမီက အဆုံးရှုံးခံရမှာလားကွယ်၊ သားကြီးက မာမီ့ကိုမြေးတစ်ယောက်လောက် မဖန်တီးပေးနိုင်ပေမယ့် မာမီ့သားငယ်လေး ရှိသေးတယ်လေ၊ သူ့ကိုအိမ်ထောင်ပြုပေးလိုက်ရင် မြေးချီဖို့အခွင့်အရေး





ထပ်ရလာမှာပါ''

ချွေးသိပ်ဖျောင်းဖျပေးနေသော ယောက္ခမရင်ခွင်ထဲသို့ ယူကြုံးမရစိတ်ဖြင့် တိုးဝင်ငိုရှိုက်လိုက်သည်။

''မာမီရယ် မိချယ်လည်း မောင့်ရင်သွေးလေးကို အရမ်းလိုချင်တယ်''

''သိတာပေါ့ ကလေးယူဖို့ကိစ္စကို မာမီရော မိချယ်ရော အတူတူ ရှူးသွပ်ခဲ့ကြတာပဲမဟုတ်လား၊ မာမီက အဘွားတစ်ယောက်ရဲ့မေတ္တာနဲ့ စိတ်ကူးမျှော်လင့်တယ်၊ သမီး မိချယ်က မိခင်တစ်ယောက်ရဲ့မေတ္တာနဲ့ နက်နက်ရှိုင်းရှိုင်း မျှော်လင့်တယ်၊ ဒါပေမဲ့ လောကကြီးက ခွင့်မပြုခဲ့ဘဲ မာမီတို့ ဘာတတ်နိုင်မှာလဲကွယ်၊ အရာရာတိုင်းကို တောင့်တတိုင်းသာ ရမယ်ဆိုရင် လောကကြီးထဲမှာ ဒုက္ခဆိုတဲ့စကားလုံးကို လူတွေကြားဖူးကြမှာတောင် မဟုတ်ပါဘူး သမီးရယ်၊ သားသမီးရတနာဆိုတာ မျှော်လင့်တိုင်းလည်းရတာမဟုတ်သလို မမျှော်လင့်တော့တဲ့အချိန်မှာလည်း ရလာတတ်တာပဲ၊ ဒါကြောင့် မာမီရဲ့မိချယ်လေး ဘာမှစိတ်ဓာတ်မကျနဲ့ သိလား၊ ဟဲ တိတ် တိတ် တော်ကြာ သားကြီးဝင်လာလို့ မာမီနဲ့မိချယ်တို့ စိတ်မကောင်းဖြစ်ပြီး ငိုနေကြတာကိုတွေ့ရင် သူ့ဆီပါ ဓာတ်ကူးသွားလိမ့်မယ်''

''ဟုတ်ကဲ့ပါ မာမီ''

ယောက္ခမစကားကို နားထောင်သူအနေဖြင့် ပါးပေါ်မှမျက်ရည်တို့ကို ကပျာကယာ တို့သုတ်လိုက်သည်။ ခေါင်းသက်ထားသည် ချွေးမ၏နဖူးပေါ်ဝဲကျသော ဆံစအချို့ကို တယုတယ သပ်တင်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



''မောင့်ရဲ့အသွေးအသားနဲ့ဖြစ်တည်တဲ့ ရင်သွေးလေးကို လောကကြီးထဲသို့ တစ်ကြိမ်တစ်ခါလောက်သာ ခေါ်ယူရှင်သန်ခွင့်ရမည်ဆိုလျှင် ချယ်ရီရဲ့အသက်ကိုလည်း ရင်းရဲပါတယ် မောင်ရယ်''

■ ■ ■

## အခန်း (၁)

''ကြည့်စမ်းပါဦးကွယ်၊ သားငယ်နဲ့သမီးမိုးနှင်းဖြူလေးက သိပ်လိုက်ဖက်တာပဲ၊ ခုလိုယှဉ်တွဲမြင်လိုက်ရတော့ မာမီ့ရင်ထဲ အေးမြလိုက်တာကွယ်''

ခွေးမလောင်းလေးနှင့် သားငယ်အတူ ယှဉ်ထိုင်နေသော မြင်ကွင်းသည် ဒေါ်ခင်သက်ထားအတွက် ဂန္ထဝင်မြောက်ပန်းချီကား တစ်ချပ်ကို တစိမ့်စိမ့်ထိုင်ကြည့်နေရသလို ကြည့်၍ကို မဝနိုင်တော့။

''သမီးမိုးနှင်းဖြူလေးကလည်း နှင်းမင်းသမီးလေးတစ်ပါးလို တင့်တယ်တဲ့အလှလေးနဲ့ မြင်သူငေးစရာ၊ မာမီ့သားကလည်း ရာဇဝင်ထဲက မင်းသားလေးလို ကြည့်ရတာ ဂန္ထဝင်ဆန်လိုက်တဲ့ဖြစ်ချင်း လောကမှာ ကျက်သရေအရှိဆုံး စုံတွဲလို့တောင် ပြောလို့ရတယ်''



www.burmeseclassic.com

www.burmeseclassic.com



ပီတိတွေ တမြိုင်မြိုင်နှင့် ကိုယ့်သားကိုယ် ချီးမွမ်းခန်းဖွင့်နေသော မာမီ့ကိုကြည့်ပြီး လင်းမြတ် ရှက်ကိုးရှက်ကန်း ဖြစ်နေသည်။

မိုးနှင်းဖြူကို စိတ်မလုံသူလို မသိမသာ ဝေ့ကြည့်လိုက်ပြီး

''မာမီကလည်း ကိုယ်မွေးထားတဲ့သားကို ကိုယ်ကိုယ်တိုင် ပြန်မြှောက်ပြောနေတယ်၊ လူကြားလို့မကောင်းပါဘူး၊ ဒီက မိုးနှင်းဖြူကို ရှက်ဖို့ကောင်းပါတယ်''

ရယ်ကျဲကျဲဖြင့်ပြောလိုက်သော လင်းမြတ်ကိုကြည့်ပြီး မိုးနှင်းဖြူ သိမ်မွေ့စွာ ပြုံးလိုက်ပြီး

''အန်တီပြောသလို ရှင်တကယ်ချောပါတယ် လင်းမြတ်ရယ်၊ ရှင့်ကိုမွေးထားတဲ့ မာမီက ဂန္ဓဝင်ဆန်ဆန်လှနေမှတော့ ရှင်ကလည်း ရာဇဝင်ထဲက ဂန္ဓဝင်မင်းသားလေးတစ်ပါး ဖြစ်တာ ဘာဆန်းလဲလို့နော် အန်တီ''

မျက်စလေးဝင့်ကာ သူပါထပ်လောင်း၍ မြှောက်ပင့်ပြောလိုက်သော မိုးနှင်းဖြူစကားက လင်းမြတ်အဖို့ ပို၍ပင် အနေခက်သွားစေသည်။

ကောက်ညှင်းက မစေး ဆန်ကြမ်းကစေးဖြစ်နေမှုကြောင့်ဖြစ်၍သာ ရှက်စိတ်ကို ရုပ်တည်ဖြင့်လုံအောင်ဖုံး၍ မိုးပွင့်ဖြူကို မရဲတရဲ အကဲခတ်လိုက်သည်။

လူကုန်ထန်မိဘတွေက ပေါက်ဖွားကာ နိုင်ငံခြားမှာအနေများ၍လားမသိ၊ အသားအရေကအစ အနောက်တိုင်းဆန်ကာ သွေးမရှိသလို





ဖြူစွတ်နေပြီး အကြောစိမ်းလေးတွေပင် ထင်းနေအောင် ကြည်ပါးသော အသားအရေကြောင့် ဝတ်ထားသော အနက်ရောင်ဝတ်စုံလေးနှင့် ထင်ပေါ်နေသည်။

''လက်ထပ်ပြီးရင် ဟိုမှာ ကျောင်းတက်ဖို့ မာမီစီစဉ်ထားတယ်နော် သား၊ ကျောင်းတက်ရင်းနဲ့ မိုးနှင်းရဲ့ကုမ္ပဏီလုပ်ငန်းကို ဝင်ကူလုပ်ပေါ့သားရယ်၊ အဲ မာမီ အလိုချင်ဆုံးအရာကို သားတို့သမီးတို့ဆီက ကြိုတောင်းထားရမယ်''

ထူးဆန်းသောစကားမို့ လင်းမြတ် မိခင်ဖြစ်သူကို အလေးအနက်ဟန်ဖြင့် ကြည့်လိုက်သည်။

''သားရဲ့အစ်ကို မင်းပျို့ဆီက မရနိုင်မယ့်အရာတစ်ခုပေါ့''

''ဘာများလဲ မာမီ၊ ပြောပါ၊ သားနဲ့ကိုကိုက မာမီသာဆန္ဒရှိမယ်ဆိုရင် အသက်ပါစတေးရလည်း အဆင်သင့်ပါပဲ မာမီ''

မာမီ့မေတ္တာကို နားလည်သောသားတစ်ယောက်၏ရင်ထဲက စကားအမှန်ကို ပွင့်လင်းစွာပြောလိုက်သည်။

''အို ဘုရားရေ ဒီကလေး ဘာတွေပြောနေတာလဲ၊ မဦးမချွတ် မာမီ့ကြောင့် ငါ့သားတွေ အသက်စတေးစရာလား၊ ကြားရတာနဲ့တင် ရင်ထဲမကောင်းလွန်းလို့ မပြောပါနဲ့ကွယ်''

''ဟုတ်ပါပြီ မာမီစိုးရိမ်တတ်ရင် နောက်မပြောတော့ပါဘူး၊ ကဲ ပြော သားဆီက မာမီ ဘာလိုချင်တာလဲ''

''ချစ်စရာကောင်းတဲ့ မြေးလေးပေါ့''



www.burmeseclassic.com

www.burmeseclassic.com



"အို"

မိုးနှင်းဖြူ မျက်နှာမထားတတ်လောက်အောင် ရက်ရိပ်လွှမ်းကာ ခေါင်းငုံ့သွားသည်။ လင်းမြတ် မိုးနှင်းဖြူကို အားနာသွားကာ

"ဟာ မာမီကလည်း မိုးနှင်းဖြူကို အားနာစရာ၊ ဘာတွေလျှောက်ပြောနေတာလဲ၊ ဟိုမှာ ရက်သွားပြီ"

သားဖြစ်သူဟန့်လိုက်တော့မှ ဒေါ်ခင်သက်ထား ကိုယ့်လောဘကို ကိုယ်သတိပြုမိကာ

"သမီးရယ် မာမီ့ကို နားလည်ပေးပါနော်"

ဒေါ်ခင်သက်ထား တောင်းပန်လိုက်သဖြင့် တဖန်ပြန်၍ အားနာရသူက မိုးနှင်းဖြူပင်

"ရပါတယ် အန်တီ၊ မိုးနှင်း အန်တီရဲ့ခံစားမှုကိုနားလည်ပါတယ်"

"အမလေး ကြည့်စမ်း သား၊ စိတ်သဘောထားဖြူလိုက်တာကွယ်၊ မာမီ့သားလေးတော့ တစ်သက်လုံးစိတ်ချမ်းသာရတော့မယ်၊ မာမီ့စိတ်ကအလိုလိုကို သိနေတယ်၊ ကဲ ကဲ သားတို့အေးအေးဆေးဆေး စကားပြောကြဦး၊ မာမီ အခန်းထဲဝင်ပြီး ခဏမှိန်းလိုက်ဦးမယ်ကွယ်"

မာမီ တမင်ရှောင်ပေးသွားမှန်း လင်းမြတ် သိသည်။ မာမီဧည့်ခန်းထဲမှ ထွက်သွားသည့်တိုင်အောင် လင်းမြတ်နှင့်မိုးနှင်းဖြူစကားစ ရှာမရသေး၍ တိတ်ဆိတ်နေကြသည်။

"ဟို ဟိုလေ ရှင့်မှာချစ်သူရှိလား လင်းမြတ်"





ရုတ်တရက် မေးလိုက်သောအမေးကြောင့် လင်းမြတ် ဘယ်လိုဖြေရမှန်းပင်မသိတော့။

အမှန်တကယ်ဆို ဟင့်အင်း ကျွန်တော့်မှာချစ်သူမရှိပါဘူးဟု ငြင်းလိုက်ချင်တာပါ။ တကယ်တမ်းမှာတော့

"အင်း ချစ်သူရှိပါတယ် မိုးနှင်းဖြူ"

"သြော် အင်းလေ ထင်တော့ ထင်သားပဲ၊ ရှင်လိုရုပ်ချောတဲ့ယောက်ျားတစ်ယောက်ဆီက ချစ်သူမရှိပါဘူးလို့ ပြောလာရင်တောင်မိုးနှင်း သံသယဝင်မိဦးမှာပါ၊ ခုလို အမှန်အတိုင်းပြောတတ်တဲ့ ရှင့်စိတ်ဓာတ်ကို လေးစားပါတယ်"

"ဒါဆိုရင် ကိုယ့်ကိုနောက်ဆက်တွဲ မေးခွန်းတွေ မမေးတော့ဘူးလား"

မိုးနှင်းဖြူပုံစံက စိတ်လှုပ်ရှားခြင်းအလျဉ်းမရှိ။ ပကတိ တည်ငြိမ်သည့်ပုံစံဖြင့်ပင်

"ရှင်က ဘယ်လိုမေးခွန်းမျိုးကို မေးစေချင်တာလဲ"

"အင်း ကျွန်တော့်ချစ်သူနဲ့ပတ်သက်တဲ့ မေးခွန်းမျိုး၊ ဒါမှမဟုတ် မိုးနှင်းနဲ့လက်ထပ်ဖို့အတွက် မေးသင့်တဲ့မေးခွန်းမျိုးပေါ့"

"အဟင်း မိုးနှင်းကို ရှင့်ချစ်သူနဲ့ပတ်သက်ပြီး ဂျေဝင်နိုင်းချင်တာလား လင်းမြတ်"

"အဲလိုသဘောလည်း မဟုတ်ပါဘူး"

"ကဲပါ မေးစေချင်ရင်လည်း မေးပါ့မယ်"

www.burmeseclassic.com



မိုးနှင်းဖြူ အကြည့်တွေက လင်းမြတ်မျက်နှာပေါ်မှ အရိပ်အချို့ကို စာအုပ်တစ်အုပ်ဖတ်သလို လှမ်းဖတ်လိုက်ပြီး

"ရှင့်ချစ်သူကို ရှင်ချစ်လား"

မျက်နှာပူစရာမေးခွန်းမျိုးမို့ လင်းမြတ် အဖြေရခက်နေမှာတော့ သေချာသည်။

"ကျွန်တော်က မာမီ့ကိုပိုချစ်တာ"

"ဘုရားရေ ဒါဆို မာမီပေးစားတဲ့ မိုးနှင်းကိုပဲ လက်ထပ်မယ်ဆိုတဲ့သဘောပေါ့"

အကင်းပါးလွန်းသော မိုးနှင်းဖြူပင်ဖြစ်သည်။ ဒီတစ်ခါ လင်းမြတ် ပြုံးလိုက်သည်။

"ရှင် အချစ်ဆိုတာကို ဘယ်လိုမြင်လဲ"

"ကျွန်တော် ရင်မခုန်တတ်သေးပါဘူး"

"ဘုရားရေ ရင်မခုန်တတ်သေးဘူးဆိုတော့ ရှင့်ရင်ထဲမှာ အချစ်ဆိုတာ သေသေချာချာ ဂဃနဏ မသိသေးဘူးဆိုတဲ့သဘောပေါ့"

"ဟုတ်မယ် ထင်တယ်၊ ကျွန်တော့်ချစ်သူနာမည်က ခင်စုရှတဲ့၊ သူနဲ့ချစ်သူဖြစ်နေကြတဲ့အချိန် အဲ ကျွန်တော် လက်ထပ်ဖြစ်မယ့်မိန်းကလေးလို့ ရည်ရွယ်ထားတဲ့အချိန်မှာ မာမီက မိုးနှင်းနဲ့လက်ထပ်ပေးဖို့အကြောင်း ကျွန်တော့်ကိုဖွင့်ပြောတယ်၊ အဲဒီအတွက် ကျွန်တော့်ရင်ထဲမှာ မာမီ့ကို ဂလန့်ကဆန့်လုပ်ပြီး လက်ထပ်ဖို့ကိုငြင်းလိုက်ရမှာ။ ဒါပေမဲ့ ကျွန်တော် မငြင်းမိဘူး မိုးနှင်း။ ဘာကြောင့်လဲမသိဘူး၊ ကျွန်တော့်စိတ်





ထဲမှာ အင်း ကျွန်တော်ငယ်ငယ်ကတည်းက မာမီ့စကားကိုမြေဝယ်မကျ ဒေးထောင်ရမယ်ဆိုတဲ့အသိကြီးက အစဉ်အလာတစ်ခုလို အရိုးစွဲနေလို့လည်း ဖြစ်မှာပေါ့"

"ဒါဆို ခင်စုရှကို ရှင် အဆက်ဖြတ်မယ်ပေါ့"

"မိုးနှင်းကို လက်ခံဖို့ မာမီ့ဆီမှာ ခေါင်းညိတ်လိုက်မှတော့ ခင်စုရှကို မေ့ပစ်ရတော့မှာပေါ့"

"ဒါဟာ ရှင် ခင်စုရှကို တကယ်မချစ်လို့ပဲ"

"ဗျာ"

"ရှင်သာ ခင်စုရှကို တကယ်ချစ်ခဲ့မယ်ဆိုရင် ခုချိန်လောက်ဆို ရှင့်ရင်ထဲမှာ ချစ်သူတစ်ယောက်ကို ဆုံးရှုံးရတော့မယ်ဆိုတဲ့သောကတွေက မုန်တိုင်းတစ်ခုလို ထန်နေမှာလေ"

လင်းမြတ် ဘာစကားမှပြန်မပြောနိုင်အောင် စကားသံတို့ တိတ်ဆိတ်သွားပြန်သည်။

မိုးနှင်းဖြူ၏ဝေဖန်မှုတွေသည် ငြင်းမရလောက်အောင်ကို တိကျပြတ်သားလွန်းနေတာ အံ့သြစရာပင်။

ဒါဆို ခင်စုရှကို လင်းမြတ်တကယ့်ရင်ထဲက နှစ်နှစ်ကာကာ ချစ်ခဲ့တာ မဟုတ်ဘူးပေါ့။

ကိုယ့်စိတ်ကိုယ် ပြန်ပြီး လိမ်ညာခဲ့မိတာဟာ ခင်စုရှအပေါ် မတရားပါတော့မလား။

ဒါဆို မိုးနှင်းကိုရော ဟင့်အင်း ခုချိန်ထိ ရင်ထဲမှာ ဗလာပါပဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"တောက် ဘာဖြစ်လို့ ဖုန်းမကိုင်တာလဲကွာ"

လက်ထဲမှ ဖုန်းကို စားပွဲပေါ် ဆောင့်ခနဲချလိုက်ပြီး ရူးရှ စိတ်တွေ ဂနာမငြိမ်ဖြစ်နေသည်။ လင်းမြတ် ခုတစ်လော ရူးရှဆီကို မလာတာကြာသလို ဖုန်းလည်းမဆက် မက်ဆေ့လည်းမပို့ အွန်လိုင်းပေါ်မှာလည်းမရှိ။ ဘာတွေအလုပ်များနေလို့လဲဟု သံသယအတွေး ဝင်နေသည်။

အမှန်ဆို ဘယ်လောက်အလုပ်မအားနေပါစေ ဖုန်းလေးတော့ ဆက်သင့်သည်။ ယခုဆိုလျှင် လင်းမြတ်နှင့်မတွေ့ရတာ တစ်ပတ်လောက် ရှိနေပြီမို့ ရူးရှတစ်ယောက် နေမထိထိုင်မထိဖြစ်ကာ စားလို့အိပ်လို့ပင် အိပ်မပျော်စားမဝင်ဖြစ်နေရသည်။





လင်းမြတ်သူငယ်ချင်း သူရဆီ ဖုန်းဆက်ပြန်တော့လည်း သူ့ဆီ လာတာလည်းကြာပြီဟူသော အဖြေကလွဲ၍ အဖြေတိတိကျကျ မရ။

"ဘာလဲကွာ လင်းမြတ် ဘယ်ချောင်မှာဘယ်လိုသွားခွေနေလို့ ငါ့ရှကို မဆက်သွယ်တာလဲ၊ အဟင့် လုံးဝမမိုက်ဘူး၊ မိန်းကလေးက အမြှော်မြှော်လုပ်နေရုံတင်မဟုတ်ဘူး၊ ဖုန်းတွေဆက် မက်ဆေ့တွေဆက် ပို့ကပ်ပို့နေတာတောင် ဘာဖြစ်လို့ ပြန်မဆက်သွယ်ရတာလဲ"

တစ်ယောက်ထဲ တွတ်ပွတွတ်ပွ ပြောကာ မျက်ရည်တို့ စို့တက်လာ လူကငိုချင်လာသည်။

ကေကေ အခန်းထဲဝင်လာသည်။ မျက်နှာမကောင်းသော ရူးရှကို မြင်တော့ တအံ့တဩကြည့်ကာ

"ရူးရှ နှင် ဘာတွေဖြစ်နေတာလဲ၊ ငါနဲ့ ဗိုလ်ချုပ်ဈေးမှာအကျီင်္ လိုက်အပ်မလို့ဆို လုပ်လေ၊ အဝတ်အစားမြန်မြန်လဲ၊ ကိုဖေနဲ့ချိန်းထားတယ်၊ သူတစ်အောင့်နေရင် လာခေါ်တော့မှာ"

မြူးကြွတက်ကြွနေသော ကေကေ့ကိုကြည့်ပြီး ရင်မှာ အားကျ စိတ်ဝင်မိပေမယ့် ကေကေနှင့်ဈေးဝယ်ထွက်ဖို့အထိ စိတ်အားရှိတွေက လေန်းဆန်းတော့။

"ဟော့အေးဟာ ငါ ညစ်နေတယ်၊ မလိုက်ချင်တော့ဘူး"

"ကျွတ် နင်ကလည်းဟာ လင်းမြတ် တစ်ပတ်လောက်လေး မလာတာနဲ့ ကမ္ဘာပျက်နေသလားမှတ်တယ်၊ သူ့မှာလည်း သူ့အကြောင်းနဲ့ သူရှိနေမှာပေါ့ဟာ၊ လာစမ်းပါ နင်ပါတော့ ငါ သတို့သမီးဝတ်စုံ



www.burmeseclassic.com

www.burmeseclassic.com



အတွက် ဝိုင်းစဉ်းစားပေးလို့ရတာပေါ့ ထ အဝတ်အစား မြန်မြန်လဲ မလဲဘူးဆိုလည်း ဒီပုံအတိုင်းပဲလိုက်ခဲ့၊ နင်က အိမ်နေရင်းပုံစံ ပေါ့ပေါ့ ပါးပါးလေးလည်း မိုက်တာပဲ''

စိတ်ဓာတ်တွေ မကြည်မလင်ဖြစ်နေသော ခင်စုးရှ၏အလှကို တမင်ပင် မြှောက်ပြောလိုက်သည်။ မြှောက်ပြောရလောက်အောင်လည်း ခင်စုးရှတကယ်ပင်လှပါသည်။

''သူ ဘာဖြစ်နေလို့ ငါ့ကိုဖုန်းမဆက်ရတာလဲ မသိဘူး ကေကေ ရာ၊ နင့်စိတ်နဲ့မှန်းကြည့်စမ်း''

မြှောက်ပြောနေတာကိုပင် ပီတိဖြစ်ချိန်မရလောက်အောင် စုးရှ အဖို့ စိတ်နှင့်ကိုယ်နှင့်မကပ်။

''နင့်ဖုန်းကို မကိုင်တာ သူ ရေချိုးခန်းဝင်တာတို့ အိမ်သာ ဝင်တာတို့နဲ့ တိုးနေလို့မကိုင်တာဖြစ်မှာပေါ့ဟာ''

မလိုအပ်ဘဲ စိတ်ပူနေသော စုးရှကို ခပ်လွယ်လွယ်ပင် ဖြေသိမ့် လိုက်သည်။

''အို မနေ့ကတည်းက တောက်လျှောက်ဖုန်းခေါ်လိုက် မက်ဆေ့ ပို့လိုက်လုပ်နေတာ အိမ်သာဝင်တယ်ဆိုရင်လည်း မနေ့ကတည်းက ဝင် နေပြီး ခုချိန်ထိ ပြန်မထွက်ဘဲနဲ့ အိမ်သာထဲမှာပဲနေမလား။ အိပ်ရအောင် လည်း ညအချိန်မတော်ကြီး ဆက်နေတာမှ မဟုတ်တာ''

စိတ်တိုစပြုနေပြီမို့ စုးရှ၏အသံတို့သည် တုန်အက်၍နေသည်။ ကေကေ မျက်စောင်းတစ်ချက် ဝေ့လိုက်ပြီး





''ဒါဆိုရင် တစ်နည်းပဲရှိတော့တယ်''

''ဘာလဲ ဘာနည်းလဲ''

''နင် အခေါက်ခံလိုက်ရပြီ''

''ဘာ''

ထိုစကားကို ကေကေ တမင်ရွဲ့ပြောမှန်း သိပေမယ့် စုးရှအဖို့ ခံနိုင်ရည်အင်အားမရှိ။

''ကေကေ နောက်တစ်ခါ အဲလိုစကားမျိုး ထပ်မပြောမိစေနဲ့ လင်းမြတ်ရဲ့ဖုန်း တစ်ခုခုချို့ယွင်းနေလို့ ငါ ဖုန်းဆက်လို့မရတာဘဲဖြစ် မယ်၊ ဟွန်း နင်သိထားဖို့က လင်းမြတ်က ငါ့ကိုသိပ်ချစ်တယ်၊ ငါကလွဲ ပြီး ဘယ်မိန်းကလေးကိုမှ သူစိတ်မဝင်စားဘူး၊ လောကမှာ သစ္စာအရှိဆုံး ယောကျ်ားက ငါ့ချစ်သူလင်းမြတ်ပဲ၊ အဲဒါကို နင်ယုံလိုက်''

မျက်နှာကိုပင့်မော့ကာ ယုံကြည်မှုအပြည့်ဖြင့်ပြောလိုက်သော စုးရှကိုကြည့်ပြီး ကေကေ ဟက်ခနဲတစ်ချက်ရယ်ကာ

''ဒါဆို ဘာလို့ အဲလောက် သွေးပျက်နေရလဲ စုးရှရယ်၊ နင့်ပုံစံ က ထီပေါက်ပြီး ထီလက်မှတ်ပျောက်နေတဲ့လူလို ကယောင်ကတမ်းနဲ့ သွေးရူးသွေးတန်း ဖြစ်နေလိုက်တာ ကြာခြေကိုမရှိဘူး''

''ဒါ ဒါကတော့ နင်မှ မခံစားဘူးတာ၊ ငါနဲ့လင်းမြတ်က တစ် ယောက်ကိုတစ်ယောက် သိပ်ချစ်ကြတာ၊ နင်လည်းအသိပဲ''

စုးရှ လေသံတို့ အနည်းငယ်ဖျော့သွားသည်။

လင်းမြတ်ထံ ဖုန်းထပ်ဆက်ရန် ဖုန်းကိုပြန်၍ ကောက်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

ဖုန်းခေါ်ဆိုနေပေမယ့် လင်းမြတ်ဘက်က ဖုန်းမကိုင်သေး။

■ ■ ■

## အခန်း (၁၀)

လင်းမြတ်အခန်းထဲမှ ဖုန်းခေါ်သံကြောင့် အခန်းရှေ့မှ ဖြတ်သွားသော ချယ်ရီမောင် အခန်းတံခါးချပ်ရှေ့မှာရပ်ပြီး နားစွင့်လိုက်သည်။

"ဟောတော် မောင်လေး အခန်းထဲက ဖုန်းမြည်နေတာပါလား။ ဒီကလေး ခရီးထွက်တာ ဖုန်းမေ့သွားတာများလား"

အခန်းတံခါးကိုဖွင့်ကာ လင်းမြတ်အခန်းထဲသို့ ဝင်ခဲ့လိုက်ပြီး သီချင်းတီးလုံးမြည်နေသည့်ဖုန်းရှိရာသို့ ကပျာကယာ ဝေ့ရှာလိုက်သည်။

"ဖုန်းက ဘယ်ကနေမြည်နေပါလိမ့်၊ သြော် ဟိုအံဆွဲထဲကပဲ ဖြစ်မယ်"

ခုတင်ခြေရင်းရှိ စာကြည့်စားပွဲအံဆွဲကို ကပျာကယာဆွဲဖွင့်ကာ



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းထုတ်လိုက်သည်။

"ဟဲလို"

"လင်းမြတ် ရှင် ဘာဖြစ်လို့ ဖုန်းမကိုင်တာလဲ"

"ဩော် လင်းမြတ် ခရီးထွက်နေပါတယ်၊ ဒီဖုန်းက သူ အိမ်မှာကျန်ခဲ့တဲ့ဖုန်းပါ၊ ကိစ္စရှိရင် မှာထားခဲ့လို့ရပါတယ်"

ယဉ်ကျေးစွာ ပြောလိုက်သော ချယ်ရီမောင့်အဖြေကြောင့် တစ်ဖက်ဖုန်းမှ ခင်စုရှမှာပို၍ သံသယကြီးသွားသည်။

"အဲဒီက လင်းမြတ်ရဲ့အစ်မလား"

"ဟုတ်ပါတယ် လင်းမြတ်ရဲ့မရီးပါ"

ဒီတော့မှ ခင်စုရှ ရင်ထဲမှအလုံးကြီးသည် တောင်အောက်ကို သူ့အလိုလို လိမ့်ဆင်းသွားသလို ရင်ထဲမှာပေါ့ပါးသွားသည်။

"ဩော် ဟုတ်ကဲ့ ဒါဆို လင်းမြတ် ပြန်လာမှ ဖုန်းပြန်ဆက်လိုက်ပါမယ်"

ခင်စုရှ ဘက်မှ ဖုန်းချသွားသည်မို့ ချယ်ရီမောင် ဖုန်းကိုပြန်ပိတ်ကာ အံဆွဲထဲပြန်ထည့်ထားလိုက်သည်။

"မီချယ်"

"ရှင် မာမီ"

"ဘယ်သူ့ဖုန်းလဲ"

"မသိဘူး မာမီ၊ ချယ် မောင်လေးအခန်းရှေ့ကဖြတ်တော့ ဖုန်းမြည်နေတာနဲ့ ဝင်ပြီး ကိုင်လိုက်တာ"





"ယောက်ျားလေးလား မိန်းကလေးလား"

"မိန်းကလေးအသံပါ"

"လင်းမြတ်နဲ့တွဲနေတဲ့ မိန်းကလေးနေမှာပေါ့ မီချယ်၊ တစ်ခါတည်းအပြတ်ပြောလိုက်ရမှာ၊ မောင်လေးနဲ့သူ့ဖနီးလောင်း ဘုရားဖူးခရီးထွက်သွားပါတယ်လို့ ဟွန်း ဒီလိုအခြေအနေတွေမြင်လို့ မာမီ အဲဒီကိစ္စကို သိချင်ဟန်ဆောင်ပြီး မိုးနှင်းဖြူနဲ့လက်ထပ်ဖို့ကိစ္စကို စီစဉ်လိုက်တာ၊ အဓိက မာမီ့သားတွေကို မာမီစိတ်တိုင်းကျတဲ့ မိန်းကလေးတွေနဲ့ပဲ လက်တွဲဖော်ဖြစ်စေချင်တာ"

"လင်းမြတ်မှာ ချစ်သူရှိနေတယ် ဟုတ်လား မာမီ"

"အဟင်း ဟုတ်တယ် သမီး၊ ဒါပေမဲ့ မာမီ ဘာမှမသိသလို နေပါတယ်၊ မိုးနှင်းဖြူနဲ့စီစဉ်တဲ့ကိစ္စမှာ သားက မငြင်းဘဲ မာမီ့စကားကို လက်ခံတယ်ဆိုမှတော့ အဲဒီမိန်းကလေးကို အပျော်သက်သက် တွဲတာ ဖြစ်မှာပေါ့"

"ဒါမှမဟုတ် မာမီ့ဆန္ဒကို မငြင်းရဲလို့ လက်ခံလိုက်ရတာမျိုး လားဟင်"

လင်းမြတ် ချစ်သူကောင်မလေးဘက်က မဆီမဆိုင် ဝင်၍ ကရုဏာသက်မိသူက ချယ်ရီမောင်ပင်ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် မိန်းမချင်းစာနာတတ်သည့်စိတ်တော့ ချယ်ရီမောင့်မှာ အပြည့်အဝရှိနေသည်။ ကောင်မလေးသာ လင်းမြတ်ကို တကယ်နှစ်နှစ်ကာကာ ချစ်နေလျှင်တော့ ရင်ကွဲကျန်ရစ်ရပေဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



လင်းမြတ်ဇော်စိတ်ကို ချယ်ရီမောင် နားလည်ရခက်နေ၏။

"ဘယ်လိုပုံစံနဲ့ပဲ လက်ခံလက်ခံ ဒါတွေအားလုံးဟာ သားငယ်ရဲ့အနာဂတ် လုပဖို့ပါ သမီးရယ်၊ မာမီ လူ့လောကထဲမှာ ရှိနေတုံး မာမီ့သားတွေရဲ့ဘဝရေ့ရေးကို မာမီကိုယ်တိုင် စိတ်တိုင်းကျ စီမံပေးခဲ့ချင်တယ်၊ မတော်တဆရော် မိန်းကလေးမျိုးတွေနဲ့သာတွေ့သွားရင် မာမီ သေတာတောင် အသေဖြောင့်မှာမဟုတ်ဘူး သမီးရယ်၊ လောကမှာလေ မာမီ အလေးအနက်အထားရဆုံးက မာမီ့ရင်နဲ့လွယ်မွေးခဲ့ရတဲ့ မာမီ့ရဲ့ အချစ်ဆုံးသားနှစ်ယောက်ပါပဲ၊ လိုအပ်ရင် မိန်းမကြမ်းကြီးဝင်လုပ်ဆိုလည်း မာမီဝင်လုပ်သင့်ရင် လုပ်ရမှာပဲလေ၊ သားကြီးအတွက် စိတ်ချရပေမယ့် သားငယ်အတွက် ရတက်မအေးနိုင်သေးပါဘူး သမီးရယ်"

သားတွေအပေါ်မှာ ထောက်စေ့အကွက်စေ့ မိခင်ပီသသော ယောက္ခမကိုကြည့်ပြီး ချယ်ရီမောင် လေးစားအားကျမိပါသည်။

အမှန်ဆို ချယ်ရီမောင်လည်းပဲ မာမီလို မိခင်ကောင်းတစ်ယောက် ဖြစ်ချင်ခဲ့တာပါ။

■ ■ ■

## အခန်း (၁၁)

"ဟယ် ကျ ကျကုန်ပြီ"

မနိုင်မနင်း သယ်လာသော အထုပ်တွေကြားထဲမှ လိမ္မော်သီးဆွဲပြုတ်ကျကာ အချို့ရပ်ထားရာဘက်သို့ လိမ့်ဆင်းသွားသည်။

ကေကေနှင့်ရှုရှုမှာ မနိုင်မနင်း ဝယ်လာမိကြသောပစ္စည်းတွေနှင့် လိမ့်ဆင်းသွားသော လိမ္မော်သီးတွေနောက်သို့ လိုက်ကြသည်။

ထိုစဉ် ကားတစ်စီးမှာ လိမ့်ဆင်းသွားသော လိမ္မော်သီးတွေရှိရာသို့ ဘီးလိမ့်၍ မောင်းလာသည်။

"ဟယ် ကြိတ် ကြိတ်ပြီ၊ အမလေး ကုန်ပါပြီဟယ် ဟိုး ဟိုး ကြိတ်ပြီ ကြိတ်ပြီ"

ကေကေ့အသံမှာ အလန့်တကြားနိုင်နေ၍ ဖိမ်ခံကားလေးမှာ ချွံခနဲ ရပ်လိုက်သည်။

www.burmeseclassic.com



''ကျွီ''

ကားပေါ်မှ မင်းပျို့ အလန့်တကြား အထိတ်တလန့်နိုင်သောဟန်ဖြင့် ကမျာကယာဆင်းလာပြီး ကားရှေ့သို့ အသည်းအသန်ပြုး၍ ငုံ့ကြည့်လိုက်သည်။

''ဘာကြိတ်မိသွားတာလဲ ဘယ်မှာလဲ''

အလောတကြီး မေးလိုက်သော မင်းပျို့အမေးကို ကေကေရောစူးရှရော ဖြေဖို့စွံ့အနေကာ ယောက်ျားပီပီသသဖြင့် ကျက်သရေရှိလွန်းသော မင်းပျို့၏တည်ကြည်ခန့်ညားသော ရုပ်သွင်ကို ပြိုင်တူငေးမိသွားကြသည်။

''ဒီ ဒီမှာ ခင်ဗျ ဘာကိုကြိတ်မိတာလဲ''

ဒုတိယအကြိမ် ထပ်မေးခြင်းခံရတော့မှ နှစ်ယောက်သား ကျဲခြေပြန်ဆည်ကာ

''ဩော် အင်း ဟို ဟိုမှာလေ ကျွန်မတို့အိတ်ထဲက ပြုတ်ကျသွားတဲ့ လိမ္မော်သီးတွေကို ရှင့်ကားက တက်ကြိတ်သွားတာ''

လက်ညှိုးထိုးပြကာ ရှင်းပြလိုက်သော စူးရှ စကားကြောင့် မင်းပျို့ ကိုယ့်နဖူးကိုယ်ပြန်ရိုက်ကာ

''ဟာဗျာ ဘာများလဲလို့ ကျွန်တော်က လူကိုကြိတ်မိတာမဟုတ်တောင် ခွေးလေးဖြစ်ဖြစ် ကြောင်လေးဖြစ်ဖြစ် တစ်ကောင်ကောင်ကို ကြိတ်မိလိုက်ပြီလို့ ထင်ပြီး လန့်သွားတာဗျ ဟူး''

သက်မကောကို ဟူးခနဲ မှုတ်ထုတ်ကာ စိတ်သက်သာရာရသွား





သော မင်းပျို့ကိုကြည့်ပြီး နှစ်ယောက်သား ခစ်ခနဲ ခပ်ကြိတ်ကြိတ်ရယ်လိုက်ကြသည်။

''ဟုတ်ပါပြီ ခု ကျွန်မတို့လိမ္မော်သီးတွေကို ဘယ်လိုပြန်လုပ်ပေးမလဲ၊ ကားကြိတ်ပြီးသားတွေကိုတော့ စားလို့မဖြစ်တာ ရှင်သိတယ်နော်''

စူးရှ စကားကြောင့် မင်းပျို့ အရေးမကြီးဟန် ပြုံးလိုက်ပြီး

''ဟာ ဒါပေါ့ ကားကြိတ်ခံပြီးသား လိမ္မော်သီးကို ဘယ်သူကစားမှာလဲ၊ လမ်းဘေးက ကလေးသွားကျွေးရင်တောင် မစားတာ ကျွန်တော်သိတာပေါ့''

မင်းပျို့ ပြောပြောဆိုဆို ဘောင်းဘီအိတ်ထဲမှ ဖုန်းကို နှိုက်ယူလိုက်ပြီး ဖုန်းခလုပ်နှိပ်ကာ

''အေး အဲဒီမှာ အားတဲ့သူတစ်ယောက်ယောက်ကို လိမ္မော်သီးတစ်သေတ္တာ အိတလီပန်းသီးတစ်သေတ္တာယူပြီး ကားစတန်းဘက် လွှတ်လိုက်စမ်း ဟုတ်ပြီ ခုချက်ချင်းနော်''

မင်းပျို့ ဖုန်းပြန်ပိတ်ပြီး ကေကေနှင့်စူးရှကို ပြုံးပြီး ခေါင်းတစ်ချက်ဆတ်ပြကာ

''ခဏလေးပါနော်၊ ခုပဲ ရောက်မှာပါ''

ဖြူဖွေးရှင်းသန့်ပြီး စမတ်ကျလွန်းသော မင်းပျို့ဖုန်းပြောနေသည်ကို နှစ်ယောက်သား တအံ့တဩ ငေးကြည့်နေကြရင်းမှ

''ဩော် ဟုတ် ရ ရပါတယ်၊ အဟင်၊ ဟင်း အား အားနာစရာ



www.burmeseclassic.com

www.burmeseclassic.com



ပဲရှင် ဟို ဟိုလေ ဖူးရုတ္တိရဲ့လိမ္မော်သီးကို ရှင့်ကားနဲ့ကြိတ်မိတာ သုံးလေးလုံးထဲပါ၊ ရှင်ကဲ သေတ္တာလိုက်ပြန်လျော်ပေးစရာ မလိုပါဘူး''

''ဟုတ်တယ် ရွှဲတာတော့ မဟုတ်ပါဘူးနော်၊ အလျော်ပြန်ယူရမှာ လိပ်ပြာတောင်မသန့်တော့ဘူး။ သိပ်များပုံကြီးချဲ့သလို ဖြစ်သွားလားမသိဘူး''

ကေကေကပါ အနေခက်ပြီး ပြန်ပြောသည်မို့ တဖန် မင်းပျို့ကပြန်၍ အနေခက်ကာ

''ဟာ ဘယ်ကလာ ရွှဲရမှာလဲဗျာ၊ တကယ် မရွှဲပါဘူး၊ ကျွန်တော်ကြောင့် ဆုံးရှုံးသွားတဲ့လိမ္မော်သီးအရေအတွက်ထက် အလျော်ပြန်ပေးချင်တဲ့စေတနာက များနေလို့ပါ''

ထိုစဉ် အရောင်းဝန်ထမ်းကောင်လေးနှစ်ယောက် လိမ္မော်သီးသေတ္တာနှင့် ပန်းသီးသေတ္တာတစ်သေတ္တာဆီကို သယ်လာကြသည်။

''အမ်ဒီ ကျွန်တော်တို့ကားပေါ်တင်လိုက်ရတော့မှာလား''

ဝန်ထမ်းကောင်လေးနှစ်ယောက်က အမ်ဒီဟူသော အသုံးအနှုန်းဖြင့် ခေါ်လိုက်သောကြောင့် ဖူးရုရော ကေကေရော မျက်လုံးပြူးသွားကြကာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။

''နေ နေ ကိုယ့်ကားပေါ်တင်ဖို့ မလိုဘူး။ ဟိုလေ ဒီက အစ်မနှစ်ယောက် ကားပါလား၊ တစ်လက်စတည်း တင်နိုင်းလိုက်ရအောင်''

မင်းပျို့အမေးကြောင့် နှစ်ယောက်သား သိမ်ငယ်သွားကြဟန်ဖြင့်





''ကျွန်မတို့က သူဌေးမဟုတ်ဘူး။ ဘယ်လိုလုပ် ကိုယ်ပိုင်ကားစီးနိုင်မှာလဲရှင်''

''ဪ ဆောရီးနော် ကျွန်တော်က သူတို့ကို တစ်လက်စတည်းခိုင်းမလို့မေးတာ၊ ဟို ဒါဆို ဒီလိုလုပ်ပါလား၊ ကားငှားခိုင်းလိုက်မယ်လေ၊ ဘယ်ပြန်မှာလဲ၊ ကျွန်တော် ကားခပေးမှာပါ''

''အို မ မလိုပါဘူး။ ရပါတယ်၊ ကျွန်မတို့ဘာသာပဲ ငှားမှာပါ''

''အိုကေ ငါ့ညီ တစ်လက်စတည်း ကားငှားပေးလိုက်ပါ ရော့ ကားခပါ တစ်ခါတည်းရှင်းပေးလိုက် ပိုတာ ငါ့ညီတို့ ယူလိုက်''

ချိုင်းကြားတွင် ညှပ်ထားသော လယ်သာဖစ်ဆွဲအိတ်ထဲမှ ငါးထောင်တန်တစ်ရွက်ထုတ်ပြီး ဝန်ထမ်းကောင်လေးထံ လှမ်းပေးလိုက်၏။

''ဟုတ်ကဲ့ပါ အမ်ဒီ၊ အစ်မ ဘယ်ကိုငှားမှာလဲ''

''စမ်းချောင်းကို''

ဝန်ထမ်းကောင်လေးကားငှားရန် ထွက်သွားသည်။ မင်းပျို့ဖူးရုတို့ဘက်ကိုလှည့်ကာ

''ကဲ ကျွန်တော် အဆင်ပြေအောင် စီစဉ်ပေးခဲ့ပြီမို့ ခွင့်ပြုပါဦး''

တရိုတသေ နှုတ်ဆက်ခဲ့ပြီး မင်းပျို့ ကားပေါ်သို့တက်ကာ ဖူးရုတို့ရှေ့မှ ခပ်ငြိမ့်ငြိမ့်လေး ကားမောင်း၍ ထွက်သွား၏။

ဘာရယ်မဟုတ် မျက်စိတစ်ဆုံး လိုက်ငေးကြည့်မိသူက ဖူးရု။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ဝေးလှချည်လား"

ကေကေ့အသံကြားမှ တရွေ့ရွေ့မောင်းထွက်သွားသော မင်းယို့ ကားဆီမှ အကြည့်ရွေ့ကာ

"တော်တော်ချောတယ်နော်၊ ကိုရီးယားမင်းသားလေးကျနေတာ ပဲ၊ အသားအရည်ကအစ ဖွေးကြည်သန့်နေတာပဲ၊ ဒီ shopping mall ကြီးရဲ့ပိုင်ရှင်ဖြစ်တာတောင် သဘောကောင်းလိုက်တာ"

"ဒါပေါ့ ဒါ တွေ့ဖူးမြင်ဖူးသမျှ လုပ်ငန်းရှင်သူဌေးတွေအားလုံး ဘဝင်မြင့် အောက်ခြေလွတ် မာနကြီးတတ်ကြတာချည်းပဲ၊ ဒီသူဌေးကျ တော့ သဘောကောင်း ရုပ်ချော ဥစ္စာပေါ၊ မိုးကျရွှေကိုယ်များမှတ်တယ် သူ့ကိုလက်ထပ်ရမယ့် မိန်းကလေးကတော့ ကမ္ဘာမှာ ကံအကောင်းဆုံး မိန်းမလို့တောင် စံချိန်တင်ရမလားပဲ၊ စိတ်မှန်းနဲ့တောင် အားကျလိုက် တာဟယ်"

"ဟယ် မိန်းမ နင့်မှာလင်းမြတ်တစ်ယောက်လုံးရှိနေတယ်လေ လင်းမြတ်ကရော ပိုက်ဆံချမ်းသာတယ်ဆို၊ အသားလေးညိုတာနဲ့ စွတ် စွတ်ဖြူတာနဲ့ပဲ ကွာတာပါဟယ်၊ ချောတာကတော့ တစ်ယောက်တစ်မျိုး ချောတာပါ၊ ဟွန်း မပြောချင်ဘူး၊ ရည်းစားကြီးငုတ်တုတ်ရှိနေပြီ၊ တခြား ယောက်ျားကို ချီးမွမ်းခန်းဖွင့်နေတာများ မိုးကိုမွှန်လို့"

ကေကေ့ အပြစ်တင်စကားကို ဘာမှပြန်မချေပဘဲ ခပ်တိုးတိုး ရယ်ရင်း လိမ့်မှော်သီး သေတ္တာဆီသို့ အကြည့်ရောက်သွားခိုက်

"ဟင် ဒီမှာ ဓာတ်ပုံတစ်ပုံ"





စူးရှ တစ်ကိုယ်လုံးကြားသာရှံ့ပြောပြီး ပတ်စပို့ဆိုဒ် ဓာတ်ပုံ လေးတစ်ပုံကို ဖျတ်ခနဲ ကောက်လိုက်သည်။

"ဟယ် သူ့ သူ့ပုံပဲ"

"ဘယ်သူ့လဲ"

ကေကေပါ စူးရှ လက်ထဲမှ ပတ်စ်ပို့ပုံကို ကဲကြည့်ရင်းမေး၏။

"စောစောက ဘောစ်ပုံလေ"

"ဒါဆို သူပိုက်ဆံထုတ်ရင်း ပြုတ်ကျသွားတာဖြစ်မယ်၊ သူ့ ဝန်ထမ်းကောင်လေးကို ပြန်ပေးခဲ့လိုက်လေ"

. ကေကေ့စကားကို စူးရှ မသိသလိုဟန်ဖြင့် သူ့စလင်းဘတ် အိတ်ထဲသို့ ကောက်ထည့်လိုက်သည်။

"ဟဲ့ နင်ယူသွားမလို့လား"

"အင်း နောက်တစ်ခါ ထပ်ကြုံမှ ပြန်ပေးလိုက်မယ်လေ၊ မိတ် ဖြစ်ချွေဖြစ်ပေါ့"

"ဟွန်း အခွင့်အရေးဘပ်ယူဦးမယ်ပေါ့၊ လင်းမြတ်နဲ့တိုင်ပြော မယ် သိလား"

"မိန်းမ အကျင့်မပုတ်နဲ့နော်၊ လင်းမြတ်က ကျုပ်ရင်ထဲမှာ နှုတ်မရတဲ့သက်တမ်းရင့်သစ်ပင်ကြီးလို ထာဝရအမြဲရှိနေပြီးသား"

"အံမယ် အဲဒီနှုတ်မရတဲ့ သစ်ပင်ကြီးကလည်း မုန်တိုင်းခပ် ပြင်းပြင်းတိုက်ရင် သူ့အလိုလို အမြစ်ကကျွတ်ထွက်ရင် ထွက်သွားနိုင် တာကျတော့ရော ဆုတောင်းပါတယ် ဒီဓာတ်ပုံလေးက နာဂစ်မုန်တိုင်းလို



www.burmeseclassic.com

www.burmeseclassic.com



အနီရောင်အဆင့်ရှိတဲ့ မုန့်တိုင်းတစ်ခု မဖြစ်ပါစေနဲ့လို့ပဲ''

ရူးရှုစိတ်ကို သိ၍ ကေကေ တမင်ပင်ပြောလိုက်ခြင်းဖြစ်သည်။ ရူးရှု ထံမှ ဘာစကားမှ ထွက်မလာဘဲ ဟိုးခပ်ဝေးဝေးဈေးတန်းတွေဘက်ကို ငေးနေ၏။

ဝန်ထမ်းကောင်လေးနှစ်ယောက် တက္ကစီကားခေါ်ပြီး ပြန်ရောက်လာသည်။

■ ■ ■

## အခန်း (၁၂)

''သားနဲ့သမီး ခရီးသွားရတာ ပင်ပန်းလို့ထင်တယ်ကွယ် ..ျက်နှာလေးတွေ ချောင်သွားလိုက်ကြတာ''

ဒေါ်ခင်သက်ထားအကဲပိုစွာဖြင့် ခရီးရောက်မဆိုက် ကြိုဆိုလိုက်သည်။

''မပင်ပန်းပါဘူး အန်တီရယ်၊ မြန်မာပြည်နဲ့အဆက်အသွယ် ပြတ်နေတာ ငါးနှစ်လောက်ရှိသွားလို့ ထင်တယ်၊ ကိုယ့်မြေကိုယ့်ရေပေါ် ပြန်ရောက်နေပါလားဆိုတဲ့အသိကြောင့် ဘယ်လောက်ပဲ ပင်ပန်းပင်ပန်း ..င်ပန်းတယ်လို့ကို မထင်ရဘူး''

''ဒါဆို သမီးလေး ပျော်လာတယ်ပေါ့''

''ဟုတ် အရမ်းပျော်တယ် အန်တီ၊ လင်းမြတ်က မိုးနှင်းအခွား



www.burmeseclassic.com

မှာတစ်ချိန်လုံး ဂရုစိုက်ပေးနေလို့ ပိုပြီးတော့တောင် ပျော်သေးတယ်"

လူငယ်နှစ်ဦးကို ပို၍ရင်းနှီးမှုရစေချင်သဖြင့် တမင်ခရီးသွားကို စီစဉ်လိုက်ခြင်းဖြစ်သည်။

ဒေါ်သက်ထား စီစဉ်သည့်ဂွင်ထဲရောက်လာ၍ ကလေးနှင့် ယောက်ထက်ပို၍ ပီတိဖြစ်ကျေနပ်ရသူက ဒေါ်ခင်သက်ထားပင်ဖြစ်သည်။

"ကဲ မာမီ သားအထုပ်တွေ အခန်းထဲပို့လိုက်ဦးမယ်၊ မိုးနှင်းလည်း တစ်ညလုံးကားစီးလာရတာ ပင်ပန်းရောပေါ့၊ အနားယူလိုက်ပါလား"

"ဟင့်အင်း မိုးနှင်းထက် ပင်ပန်းတာက လင်းမြတ်ပါနော်၊ ကားပေါ်မှာ တစ်မှေးတောင် မမှေးဘူး"

"ကိုယ်က ရတယ်၊ ယောက်ျားလေး နောက်ပြီး ကိုယ်မှာကားပေါ်မှာ အိပ်တတ်တဲ့အကျင့်မရှိတာ"

"အဲဒါတော့ တုတ်တယ် သမီးရဲ့၊ သားကလေး ဟိုးငယ်ငယ်လသားအရွယ်ကတည်းက ခရီးထွက်ပြီဆိုရင် ပျော်နေတာ၊ အမေက ဘယ်လောက်သိပ်သိပ် လုံးဝကိုမအိပ်ဘူး၊ အဲဒီအကျင့်က ခုကြီးတဲ့အရွယ်အထိကို ပါလာတာ"

ဧည့်ခန်းထဲတွင် စကားကောင်းနေကြတုန်း ချယ်ရီမောင် အိမ်ပေါ်ထပ်မှဆင်းလာသည်။

"သြော် မောင်လေးနဲ့ညီမလေးတို့ ခရီးကပြန်ရောက်နေကြတာပဲ၊ မမချယ် မသိလိုက်ဘူး"





"ခုပဲ ရောက်တာပါ မမ၊ နေကောင်းတယ် မဟုတ်လား"

မရီးဖြစ်သူကို ပြန်၍နှုတ်ဆက်လိုက်သည်။

ချယ်ရီမောင် လှေကားပေါ်မှဆင်းလာပြီး ဒေါ်ခင်သက်ထားအနားမှာ ဝင်ထိုင်လိုက်သည်။

"ကိုကိုရော"

"ဒီနေ့ ဟော်တယ်မှာ ဝန်ထမ်းအစည်းအဝေးရှိတယ်လေ၊ ရှေ့လအတွက် အရောင်းမြှင့်တင်ဖို့ကိစ္စကို အသေးစိတ် ညွှန်ကြားဖို့ဆိုလားပဲ"

"သြော် ဒါကြောင့် ရန်ကုန်ထဲမဝင်ခင် မော်တီလောက်ရောက်တော့ ကျွန်တော် ဖုန်းဆက်သေးတယ်၊ ကိုကို ဖုန်းပိတ်ထားတယ်၊ အစည်းအဝေးခန်းထဲရောက်နေလို့ ထင်တယ်"

"သားရဲ့အစ်ကိုလည်း ပင်ပန်းပါတယ်ကွယ်၊ စင်တာကိုပြေးလိုက်၊ ဒီကြားထဲ တခြားရှယ်ယာဝင်ထားတဲ့ကုမ္ပဏီတွေက အစည်းအဝေးဆိုရင်လည်း ဖုတ်ပူမီးတိုက် သွားရပြန်ရော"

သားကြီးကို သနားနေသော ဒေါ်ခင်သက်ထားကို လင်းမြတ်အားနာသောအကြည့်ဖြင့် ကြည့်လိုက်ပြီး

"သားလည်း ကိုကို့လုပ်ငန်းတွေမှာ ဝင်ကူဖို့စိတ်ကူးရှိပါတယ်မာမီ"

"အို ဝင်ကူတော့ရော သားက လုပ်ငန်းအကြောင်း နားမလည်တော့ ဘယ်လိုလုပ်မလဲ၊ နောက်ပြီး သမီးလေးနဲ့လက်ထပ်ပြီးတာနဲ့ ဂျပန်ကိုလိုက်သွားရမှာလေ"

www.burmeseclassic.com



သူ့အစီအစဉ်နှင့်သူ အံဝင်ခွင်ကျဖြစ်နေသော အခြေအနေတစ်ခုကို မာမီ့စိတ်ကြိုက် ဖန်တီးထားမှတော့ လင်းမြတ်မှာ ငြင်းပိုင်ခွင့် ဘာမှမရှိသလို ဆင်ခြေပေးအကြောင်းပြစရာလည်း မလိုအပ်။

သားတွေရဲ့အနာဂတ်ကောင်းစားဖို့ စနစ်တကျ စီစဉ်တတ်သော မာမီ့စေတနာကို နားလည်ထားမှတော့ မာမီ ရွေးချယ်ပေးထားသော မိုးနှင်းဖြူကိုလည်း မငြင်းချင်တော့။ အချစ်မပါပေမယ့် ဘာမှငြင်းစရာ မရှိအောင် ပြီးပြည့်စုံသော မိုးနှင်းဖြူကို လက်ထပ်ဖို့ လင်းမြတ်စိတ်ထဲမှာ တွန့်ဆုတ်မနေတာဟာ စုးရှအပေါ် သစ္စာဖောက်ဖို့ တာဆူနေပြီလားဟု ကိုယ့်ကိုယ်ကိုယ် ဝေခွဲမရဖြစ်နေ၏။

"ဟုတ်ပါတယ် မောင်လေးရယ် ဒီအချိန်မှာ စီးပွားရှာမယ့် အစား နောက်ထပ်ဘွဲ့တွေအများကြီးရအောင်လုပ်၊ မမ မောင်လေးကို ပရော်ဖက်ဆာတစ်ယောက်အဖြစ် မမက မြင်ချင်တာ၊ အခု မမတို့ရှာသမျှ ကလည်း မောင်လေးအတွက်ပဲ၊ ဒါကြောင့် နောက်ဆုံးမတင်းဘဲ ဂျပန်မှာ ဒေါက်တာဘွဲ့တစ်ခုထပ်ရအောင် ကြိုးစားလိုက်ပါ၊ နော် ဟုတ်တယ်မ ဟုတ်လား မိုးနှင်းဖြူ"

"ရက်စ် မမ ပြောတာ အားလုံးအမှန်တွေချည်းပဲ၊ ဒါပဲနော် လင်းနဲ့လက်ထပ်ပြီးရင် ဂျပန်ကို အန်တီပါ လိုက်ခဲ့ရမယ်၊ ချွေးမကောင်း တစ်ယောက်အဖြစ် စိတ်ရင်းနဲ့ပြုစုကြည့်ချင်လို့ပါ"

ကလေးငယ်တစ်ယောက်လို အပြစ်ကင်းစင်သောဟန်လေးဖြင့် ဖေတာင်းဆိုနေသော ချွေးမလောင်းလေးကိုကြည့်ကာ လီမွှာလိုက်တာ





ရွေးချယ်ရကျိုးနပ်လိုက်တာဟု တွေးကာ ရင်ထဲမှာ တစိမ့်စိမ့် ပီတိတွေ ဖြစ်နေရသည်။

လင်းမြတ်ကတော့ ဘာမှဝင်မပြော။ ငြိမ်၍သာနားထောင်နေသည်။ မိုးနှင်းဖြူနှင့် တကယ်တမ်း လက်ထပ်ရတော့မည့်အရေးနှင့်ကြုံသာချိန်မှာ စုးရှကို ရင်ထဲက ထုတ်ပစ်နိုင်ပါ့မလား။

စုးရှအား ရင်ထဲမှာ တမ်းတမ်းစွဲ မချစ်မိသေးပေမယ့် ချစ်သူ တစ်ယောက်ဟူသောအသိလေးတစ်ခုက ရင်မှာစွဲနေလေတော့ ကိုယ့်ကိုယ် ကိုယ် အပြစ်ရှိသူလို စိတ်ထဲမှာသိပ်မလုံချင်။

ခုတောင် ခရီးထွက်နေ၍ ဖုန်းအဆက်အသွယ်မလုပ်ဖြစ်သည့်အတွက် သူ့ကို စုးရှတစ်ယောက် ဘယ်လောက်စိတ်ဆိုးဒေါသထွက်နေ သိမ့်မလဲ။

မိုးနှင်းဖြူနှင့်နှစ်ယောက်ထဲသာ မြန်မာပြည်အနှံ့ ဘုရားဖူးထွက် သွားသည်ဆိုတာသာသိလျှင် . . .

တော်တော်လေး ဖြေရှင်းရမည့် ပြဿနာကြီးဖြစ်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"ဩော် ပေါ်လာသေးတယ်နော် လင်းမြတ်"

"ကိုယ် ခရီးထွက်နေလို့ပါ စူးရှ"

စူးရှသေား ဝင်ထိုင်ရင်း ယုတ္တိတန်သော ဆင်ခြေတစ်ခုကို ဖြေလိုက်သည်။ စူးရှ မျက်နှာလေးမှာတော့ အလိုမကျဟန် စိတ်ကောက်ချင်ဟန်ဖြင့် နှုတ်ခမ်းကိုရှေ့သို့တစ်တောင်လောက် ဆူထား၏။

တွေ့ရင်တော့ အရသာရှိရှိ စိတ်ကောက်ပစ်လိုက်မည်ဟု ကြိုတင်စိတ်ကူးယဉ်ထားသည့်အတိုင်း မျက်စောင်းတဝင့်ဝင့်နှင့် မျက်နှာကို တစ်ဖက်သို့လွှဲထားလိုက်၏။

တကယ်ဆို စိတ်ကောက်ချင်တာနည်းနည်း၊ အချော့ခံချင်တာများများမို့ တမင်ပင် ဟန်လုပ်နေသည်ဆိုတာ စူးရှသာလျှင် အသိဆုံး။





"စူးရှ စိတ်မကောက်နဲ့ကွာ၊ ကိုယ် မချော့တတ်ဘူး"

"အို ရည်းစားကိုတော့ ချစ်တယ်ဆိုပြီး ချော့တော့မချော့တတ်ဘူးပေါ့ ဟုတ်လား"

"အဲ ချစ်တာနဲ့ချော့တာဆိုင်မှမဆိုင်တာ၊ အခု ကိုယ် ခရီးထွက်ယ်ဆိုတာကလည်း ဂျပန်ကလာတဲ့ဧည့်သည်ကို အထက်မြန်မာပြည်ရေးဖူးလိုက်ပို့နေရလို့ပါကွာ"

"ဒါဆို ဖုန်းကြိုဆက်ခဲ့ပါလား၊ အဲလိုဆိုရင် ဒီက ဟောဒီည့်ပင်းကိုအရှည်ခံပြီး မျှော်မနေတော့ဘူး"

"အင်းပါ ကိုယ်လည်း အစီအစဉ်မရှိဘဲ ဗြုန်းစားကြီး ထွက်ရတာ ဘယ်လောက်ဗြုန်းစားကြီးနိုင်သလဲဆိုရင်လေ စူးရှနဲ့ဆက်သွယ်တဲ့ နံပါတ်ဖုန်းကို မေ့ကျန်ခဲ့တယ်ကွာ၊ တော်သေးတာပေါ့ ကိုယ်ထွက်စဉ်တစ်လျှောက်လုံး စူးရှဆီက ဖုန်းမလာထားလို့ပေါ့"

"ဘာရယ် ဘာရယ် လင်းမြတ် ကျန်ခဲ့တဲ့ဖုန်းမလာဘူး ဟုတ်း"

"အင်းလေ ကိုယ်ပြန်လာတော့ အံဆွဲထဲ မေ့ကျန်ခဲ့တဲ့ဖုန်းကို Call ဘယ်နှ Call လောက်ဝင်နေလဲကြည့်တာ တစ် Call မှကိုထားဘူး"

"အို မဝင်ဘဲရှိမလား၊ ရှင့်ဆီကို နေ့တိုင်းဖုန်းခေါ်တာ တစ်နေ့ကိုဆယ့်ကိုးခါထက် မနည်းဘူး ရှင်းလား"

"ဒါနဲ့များ ခေါ်ထားတဲ့ Call တွေမတွေ့ဘူးဆိုတော့ ရှင့်အိမ်က



www.burmeseclassic.com

www.burmeseclassic.com



ရှင့်အစ်မဆိုလား ဘာလား မပြောဘူးလား''

''ဩော် အစ်မလား အင်း ခုထိတော့ ဘာမှမပြောဘူး''

ဖဝေဖဝါ အပြောကြောင့် စူးရှ မျက်နှာကို လိုတာထက်ပို

ရှုံ့မဲ့ပစ်လိုက်သည်။

''ဟွန်း တော်တော်လေး အလေးအနက်ထားတာပဲ''

''ဆောရီးပဲ စူးရှရာ၊ ကိုယ်လည်း အစီအစဉ်မရှိဘဲ ဖြန်း

ကြီးသွားရတာမို့ပါ''

''ကဲပါ ခုမှ ဆောရီးမနေနဲ့တော့၊ ခုလောလောဆယ် ခွဲရေ

ရက်တွေကြာနေလို့ စိတ်လည်းမကောက်ချင်တော့ပါဘူး''

''ဒါဆို စိတ်ဆိုးပြေပြီပေါ့''

''အင်း စိတ်ဆိုးပြေတဲ့အနေနဲ့ စူးရှကို ဈေးဝယ်ဖို့လိုက်

ပြီးရင် ဖူဂျီမှာ ကော်ဖီဝင်သောက်မယ်၊ အပြန်ကျရင် လင်းမြတ်အိမ်

အလည်လိုက်မယ်''

အိမ်ကိုအလည်လိုက်မယ်ဆို၍ လင်းမြတ် ရင်ထဲထိတ်ခနဲ

သွားသည်။

မိုးနှင်းဖြူနှင့်သဘောတူပြီး မင်္ဂလာရက်တောင် သတ်မှတ်

ပြီးသော မာမီဟာ စူးရှကို ချစ်သူအဖြစ် အိမ်လည်ခေါ်သွားဖို့မပြော

သူငယ်ချင်းအဖြစ်နှင့် အိမ်လည်ခေါ်သွားလျှင်တောင် လက်ခံမည်မဟု

ဒီအတိုင်း ပြောင်ပြောင်းလိုက်လျှင်လည်း စူးရှ၏ရန်တွေ့

သော စကားလုံးတွေကို နားကြွမတတ် ရင်ဆိုင်ရဦးမည်မို့ အကြော





ချက်တစ်ခုကို အပြေးအလွှား စဉ်းစားလိုက်ပြီး

''ဟာ အဲလို အိမ်လည်လိုက်မယ်ဆိုရင်လည်း ကြိုပြောရမှာ

စူးရှရ၊ ခုတော့ အိမ်သွားလည်း စူးရှ သွားမော့ကြီးဖြစ်ရုံပဲ''

''ဟင် ဘာဖြစ်လို့လဲ''

မျက်ခုံးနှစ်ဖက် တွန့်ကာ မျက်လုံးဝင့်၍ မေးသော စူးရှကို

မျက်နှာပေါ်တွင် အလိမ်တွေမပေါ်အောင် မနည်းဟန်ဆောင်ထိန်းရင်း

''ဟို ဟိုလေ မာမီ တရားရိပ်သာဝင်သွားပြီ၊ မနေ့ညကပဲ

ကိုယ်လိုက်ပို့လိုက်တယ်လေ''

''ဟင် ဟုတ်လား''

ယောကျာ်းမလောင်း ကြွေသွားအောင် အလိမ္မာတွေထုတ်သုံးပြ

ည်ဟူသောအစီအစဉ်တွေ ခုတော့ မျှော်လင့်ချက်မဲ့စွာ ပျက်စီးကုန်၏။

''အင်း ဟုတ်တယ် မာမီ တကယ်ရိပ်သာဝင်သွားတာ''

''ဘယ်ရိပ်သာလဲ''

''မိုးကုတ်လေ''

''ဟင် ဟုတ်လား၊ ဒါဆိုရင်လည်း ရှင့်မာမီ ရိပ်သာကပြန်ထွက်

လာတော့မှပဲ လိုက်လည်တော့မယ်၊ ဩော် ဒါနဲ့ လင်းမြတ်ရဲ့မာမီက

ဒီခေတ်မိန်းကလေးတွေထဲမှာ ဘယ်လိုစတိုင်လ်မျိုးကြိုက်လဲ''

''ဟင် မာမီက ဘယ်လိုစတိုင်ကို ကြိုက်ရမှာလဲ''

''ဩော် လင်းမြတ်ရယ် ဝေးလိုက်တာကွယ်၊ စူးရှက လင်းမြတ်

အိမ်ကို ချွေးမလောင်းတစ်ယောက်အနေနဲ့ လိုက်မှာလေ၊ ယောကျာ်းမ



www.burmeseclassic.com

www.burmeseclassic.com



လောင်းနဲ့တွေ့ရမယ့် စူးရှအတွက် ယောက္ခမကြိုက်တဲ့အကြိုက်လေးတွေကိုရွေးပြီးမှ သွားတွေ့တာပိုမကောင်းဘူးလား။ ဥပမာ လင်းမြတ်မာမီက ခေတ်ဆန်တာကိုကြိုက်တယ်ဆိုရင် စူးရှက ခေတ်သစ်မိန်းမပျိုလေးစတိုင်လို လန်းလန်းလေးဝတ်စားဆင်ယင်သွားမှာပေါ့။ အဲ ရိုးရိုးလေးကြိုက်တယ်ဆိုရင်တော့ ဗမာဆန်ဆန် ယဉ်စစလေးနဲ့ ယောက္ခမလောင်းကြိုးနိုက်သွားအောင် ဝတ်သွားမှာပေါ့၊ လိုအပ်ရင် ဘီးဆထုံးထုံးပြီး ပါးပေါ်မှာ သနပ်ခါးပါးကွက်ကျားလေးတောင် တင်သွားလိုက်ဦးမှာ''

တက်ကြွစွာပြောဆိုနေသော စူးရှ၏မျှော်လင့်ချက်တွေ ဘယ်တော့မှ ဖြစ်မလာနိုင်တော့သည့်အတွက် လင်းမြတ် စိတ်မကောင်းဖြစ်ရုံမှလွဲ၍ ဘာမှမတတ်နိုင်။

အမှန်ဆို စူးရှ၏ဟန်နှင့်စတိုင် နေထိုင်ပြောဆိုမှု အသိုင်းအမိုင်း အဆင့်အတန်း အရည်အချင်းတွေအားလုံးသည် မာမီ့အကြိုက်တစ်ခုမှ မဟုတ်။ တစ်ခုမှမပါ။

မိုးနှင်းဖြူ၏အထက်တန်းကျသော နေထိုင်မှုပုံစံနှင့် ခင်စုရှ၏ ရဲရင့်ပွင့်လင်းသော နေထိုင်မှုပုံစံသည် ဘယ်လိုမှ နှိုင်းယှဉ်၍ပင်မရနိုင်။

ယုတ်ဆွအဆုံး အပြုံးချင်းယှဉ်လျှင်တောင် ခင်စူးရှ၏အပြုံးသည် မိုးနှင်းဖြူ၏အပြုံးလောက် အေးမြမှုမရှိ။

ကိုယ့်ချစ်သူကို ကိုယ်နှင့်လက်ထပ်ရမည့် မိန်းကလေးနှင့် အားသာချက် အားနည်းချက်ချင်း ယှဉ်ပြီး အဖြေတိုက်နေသော လင်းမြတ်အဖို့ ကိုယ့်လိပ်ပြာကိုယ် မလုံချင်ပေမယ့် ဒါဟာ လင်းမြတ်ကိုယ်တိုင်





ဖန်တီးခွင့်ရသည့် ကံကြမ္မာမှ မဟုတ်တာဘဲ။

လင်းမြတ်ဘဝက ကိုယ့်ရဲ့ဘဝ လက်တွဲဖော်ကို ကိုယ့်စိတ်တိုင်းကျ ရွေးချယ်ခွင့်မရှိသည့်ဘဝမို့ အရာရာကို ကံတရားအတိုင်းဟု ခပ်ရိုးရိုးတွေးကာ မာမီစီစဉ်ပေးသည့် ကံတရားအတိုင်း အလိုက်သင့်လေး မျောလိုက်ရုံပင်မဟုတ်လား။

လင်းမြတ် ရင်ထဲမှာ ဝန်ထုပ်ဝန်ပိုးတစ်ခုလို ဖြစ်နေတာကတော့ စူးရှကို မေ့ပစ်ဖို့ပဲဖြစ်သည်။

စူးရှကရော လင်းမြတ်မေ့ပစ်လိုက်တိုင်း လင်းမြတ် ထားခဲ့သည့်အတိုင်း နေရာမှာပင် ရပ်ကျန်ခဲ့မည့် မိန်းကလေးတစ်ယောက်မှ မဟုတ်တာ။

မိုးနှင်းဖြူနှင့်လက်ထပ်တော့မည်ဆိုတာသိလျှင် လင်းမြတ်ကို ပြဿနာတစ်ခုခု ရှာမှာသေချာသည်။

လင်းမြတ် အကြောက်ဆုံးအချိန်က ထိုအချိန်ပဲဖြစ်သည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"ဟယ် ရှူးရှုပါလား"

"ဪ အန်တီချို၊ ဘယ်လာတာလဲ"

"သမီးတို့အိမ်ကိုပဲလေ"

"ရှန် ရှူးရှုတို့ဆီကို ဟုတ်လား၊ ဘာကိစ္စလဲဟင်"

"ဪ သမီးနဲ့ကကော့ကို အထည်ဆန်းလေးတွေ ပါလို့ လာပြတာကွဲ့၊ အန်တီချို့တူမလေး မနေ့က စင်ကာပူက ပြန်လာလို့ ဂါဝန်ဒီဇိုင်းဆန်းဆန်းလေးတွေ ဝယ်လာတယ်၊ အဟင်း ဒီမှာ အန်တီချို ပြန်ရောင်းဖို့လေ၊ နောက်ပြီး လက်ကိုင်အိတ်အမှန်အကန် တစ်လုံးလည်း ပါတယ်"

"ဪ"





အရေးထဲ ဗိုင်ပြတ်နေ၍ နားကပ်ပေါင်ပြီး ပြန်လာသော ခင်ရှူးရှု သွားဖြဲလေးရယ်ရင်း ဪလိုက်သည်။

"ကဲ လာ လာ သမီးရော အိမ်ပြန်မှာမဟုတ်လား"

"အင်း ဟုတ် ဟုတ်ကဲ့ အိမ်ပြန်မှာလေ"

"အေးလေ ဒါကြောင့် အိမ်ကိုလိုက်မယ်၊ အိမ်ရောက်မှ သမီးကြိုက်တဲ့ပစ္စည်းရွေး၊ ဒါနဲ့ ကေကေရော ရှိလား"

"မရှိဘူး အန်တီ၊ သူ့အဒေါ်အိမ်ကို သွားတယ်"

"ဘယ်သူ့အဒေါ်လဲ၊ တူးတူးမာကိုပြောတာလား"

"မဟုတ်ဘူး၊ အခု ရှူးရှုတို့နေတဲ့ အိမ်ပိုင်ရှင်အဒေါ်ဆီကိုသွားတာ"

"အေး အေးပါ ဘာပဲဖြစ်ဖြစ် သူမရှိသေးဘူးဆိုတော့ ငါ့သမီးအကြိုက်ကို အရင်ဆုံးရွေးထားလို့ရတာပေါ့၊ ဟုတ်ဘူးလား ကဲ လာပါ ပြောနေကြာတယ်၊ အိမ်ပေါ်မြန်မြန်တက်မယ် လာ"

ရှူးရှုလက်ကို တစ်ဖက်ဆွဲ အထည်တွေထည့်လာသောလက်ဆွဲအိတ်ကို တစ်ဖက်ဆွဲပြီး အိမ်ပေါ်ထပ်ကို တက်ဖို့ အန်တီချို စိတ်ဓာတ်တွေ တက်ကြွ၍နေသည်။

ရှူးရှုမှာသာ လစာမထုတ်ခင် ငွေပြတ်သွား၍ နားမှ နားကပ်ကို ပေါင်ဆိုင်ပို့ပြီး ရလာသောငွေလေးတွေ ကုန်မည့်အရေး စိတ်မသက်သာဖြစ်နေရသည်။

ထိုသို့ ပစ္စည်းပေါင်ပြီး သုံးရသည်ဆိုတာကို ဖွင့်ပြော၍လည်း



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်။ အန်တီချို မပြောနှင့် တစ်အိမ်ထဲနေနေသည့် ကေကေပင် ရူး
ငွေကြေးအကြပ်အတည်းဖြစ်နေသည်ကို နည်းနည်းမှ မရိပ်မိ။

မရိပ်မိအောင်လည်း ရူးရှ အတတ်နိုင်ဆုံး ဟန်မပျက်နေသည်
ရူးရှ စိတ်ကတစ်မျိုး၊ ကိုယ်မရှိတာကို ကိုယ်ပဲသိသည် သူများမသိစေ
ဆိုသည့် စိတ်မျိုးဖြင့် ကိုယ့်ကိုလူတစ်ဖက်သား အထင်ကြီးအောင်နေ
သည်။

သူဌေးသမီးစတိုင်မျိုး နေတတ်သည်။ သိုသိပ်ပိရိလွန်းသဖြ
ရူးရှ၏အခြေအနေမှန်ကိုပင် ကေကေ လုံးဝမရိပ်မိစေရ။

ထိုသို့မရိပ်မိအောင်လည်း မိဘတွေက ပွဲရုံပိုင်ရှင်တွေဟု ညာ
ပြောကာ ရန်ကုန်မှာအလုပ်လုပ်ပြီး သင်တန်းတွေတက်ချင်လို့ဟုသော
အကြောင်းပြချက်ဖြင့် ကေကေ့ကို ညာထားခြင်းဖြစ်သည်။

ကံကောင်းချင်တော့ ကေကေနှင့်ကွန်ပျူတာသင်တန်းတစ်ခု
ဆုံမိကြပြီး သူငယ်ချင်းဖြစ်သွားရာမှ မော်ဘီမှာအလုပ်လာလုပ်သော
ကေကေမှာ သူ့အဒေါ်အိမ်မှာ တစ်ယောက်ထဲနေရ၍ ရူးရှအား သူနှ
အတူလာနေဖို့ ခေါ်နေသဖြင့် ကရင်ထန်းလျက်အိုးတွေ့ကာ အဆောင်
အိပ်ခန်းငှားခ သက်သာစွာဖြင့် ကေကေနှင့်အတူ အလကား လိုက်က
နေလိုက်ခြင်းဖြစ်သည်။

ဆင်းရဲသော ရူးရှအဖို့ ရန်ကုန်မှာ အလုပ်လုပ်ရင်း အိမ်ငှာ
နေဖို့ဆိုတာ တော်ရုံလွယ်ကူသောကိစ္စမဟုတ်။

ဒီထက်ပိုဆိုးသည်မှာ ကိုယ့်ကိုလူအထင်ကြီးအောင် လိမ်





ညာရ ဟန်ဆောင်ရတာ အပင်ပန်းဆုံးဖြစ်သည်။

"ရူးရှ ဟဲ့ သမီး သော့ဖွင့်လေ"

အတွေးတို့ မည်မျှကြာသွားသည်မသိ၊ လှေကားပေါ်မှ တက်
လာရင်း အခန်းရှေ့ရောက်နေမှန်းပင် သတိမထားမိလိုက်။

အန်တီချို သတိပေးမှ အတွေးစတို့ တီခနဲ ပြတ်သွားကာ

"ဪ အင်း ဟုတ်သားပဲ၊ ရူးရှ အတွေးလွန်သွားတယ်
အဟင်း ဟင်း ဟင်း"

အန်တီချို့ကို အရှက်ပြေရယ်ပြရင်း လွယ်ထားသော စလင်း
ဘတ်အိတ်ထဲမှ သော့ကိုထုတ်ယူလိုက်သည်။

အခန်းထဲရောက်သည်နှင့် အန်တီချိုမှာ လက်ထဲမှအထည်ထုပ်
ကို ဘုတ်ခနဲ ချကာ

"သမီးရေ ရေလေးတစ်ခွက်လောက် တိုက်စမ်းပါကွယ်၊ လှေကား
တက်ရတာ မောလိုက်တာ၊ အသက်ကလေး ရလာတော့ သက်လုံက
သိပ်မကောင်းချင်တော့ဘူး"

အတွင်းခန်းထဲဝင်ကာ ရေခဲသေတ္တာထဲမှ ရေပုလင်းနှင့်ဖန်ခွက်
ကိုထုတ်ရင်း

"ဒါဆိုလည်း အိမ်မှာပဲ နားနားနေနေ နေပေါ့ အန်တီချိုရယ်၊
ဘာလို့ အလုပ်တွေလျှောက်လုပ်နေသေးလဲ"

"အမလေး နေချင်တာပေါ့ သမီးရယ်၊ အန်တီချိုတို့ဘဝက
သက်လှုပ်မှ ပါးစပ်လှုပ်မှာလေ၊ ကုန်သည်ယောင်ယောင် ပွဲစားယောင်



www.burmeseclassic.com

www.burmeseclassic.com



ယောင်နဲ့ ဟောဒီပါးစပ်ကလေးရှိနေလို့ မိသားစု လှုတန်းစေ့နေနိုင်တာ၊ ငါ့သမီးတို့ ကေကေတို့လို မိဘဆွေမျိုး ကျောထောက်နောက်ခံကောင်းလို့ကတော့ ဒီအလုပ်ဘယ်လုပ်လိမ့်မလဲ ဟင်း ဟင်း ဟင်း''

''ကဲပါ ရော့ စကားတွေအများကြီးပြောလို့ ပိုမောနေပါမယ် ရော့ သောက်လိုက်ဦး ရေအေးအေးလေး''

အန့်တီချို့လက်ထဲကို ရေဖန်ခွက်လှမ်းပေးပြီး အထုပ်တွေနားမှာ ထိုင်လိုက်သည်။

အထည်တွေ မပယ်ချင်ပေမယ့် မဝယ်ပြန်လျှင်လည်း စူးရှကို မဝယ်နိုင်တော့ဘူးဆိုပြီး အထင်သေးသွားဦးမည်လေ။

စူးရှ အကြောက်ဆုံးက လူတွေ စူးရှကိုအထင်သေးသည့် အကြည့်တွေနှင့် ကြည့်မှာကိုပဲဖြစ်သည်။

တကယ်ဆို စူးရှဘဝက ဘာမှမဟုတ်ဘူးလေ။

■ ■ ■

## အခန်း (၁၅)

''အံမယ် အံမယ် နားမှာလည်း နားကပ်က ပုံစံတစ်မျိုး တ်ထားတဲ့ဂါဝန့်ကလည်း အလန်းဖယားနဲ့ နင့်ကိုကြည့်ရတာ ဒီနေ့ သနေသလိုပဲ စူးရှ''

အပြင်မှပြန်လာသော ကေကေမှာ နားကပ်အသစ် ဂါဝန် သစ်နှင့် အိမ်ရှေ့ဆက်တီခုံမှာ ကြွကြွရွရွလေးထိုင်ပြီး မဂ္ဂဇင်းဖတ်နေ သော စူးရှကိုအကဲခတ်ပြီး ပြောလိုက်သည်။

''ဟုတ်တယ် ဒါက အန့်တီချို့ဆီကဝယ်လိုက်တာလေ၊ စင်ကာပူ ပါလာလို့တဲ့၊ နင့်ကိုပါ စောင့်သေးတယ်၊ သူ့မြေးကိုကျူရှင်ကြိုရ မို့ မစောင့်ဘဲ ပြန်သွားတာ''

''ဟွန်း နင်တော့ အညှုပ်ချခံလိုက်ရပြန်ပြီ''

''အယ် ဘာကိုအညှုပ်ချခံလိုက်ရလို့လဲ''

မြူးတပေ

www.burmeseclassic.com

www.burmeseclassic.com



"စင်ကာပူကပါတဲ့ဂါဝန်ဆိုပြီး ဈေးတွေမတန်တဆနဲ့ ရောင်းသွားပြီမဟုတ်လား"

"အေးလေ တကယ်လည်း စင်ကာပူကပါလာတဲ့ Brand တွေပဲဟာ၊ ကြည့်ပါလားတဲ့ဆိပ်တွေကို အမှန်အကန်တွေချည်းပဲ"

"ဘယ်လောက်ပေးလိုက်ရလဲ"

ကေကေ ဂါဝန်စကိုကိုင်ပြီး မေးသည်။

"တစ်သောင်းခွဲထဲပါ၊ ဘာရယ်တော့ မဟုတ်ပါဘူး၊ ညဝတ်အိပ်တော့ ပေါ့ပေါ့ပါးပါး ရှိတာပေါ့၊ ဟဲ့ ဒီမှာကြည့် ဒီနားဆွဲနဲ့ငါနဲ့ လိုက်လား"

"အေး လိုက်တယ်၊ နင့်ရဲ့အရင်နားကပ်ကရော"

"ရှိသားပဲ အမြဲတမ်းဝတ်နေရလို့ ရိုးသွားပြီလေ၊ ဒါကြောင့် အဲဒီနားကပ်ကို သိမ်းထားပြီး ဒါလေး ထပ်ဝယ်လိုက်တာ"

"ဘယ်လောက်ကျလဲ"

"နှစ်သိန်းသုံးသောင်းကျတယ်၊ ၁၅ ပဲရည်အပြည့်"

စူးရှနားမှ နားကပ်ကို ကေကေ ကိုင်ကြည့်ကာ သဘောကျသွားသည်။

"လှတယ်နော် နင့်မျက်နှာလေးနဲ့မှ ပိုလိုက်တာနေမှာ"

မြှောက်ပြောလျှင် အလွန်သဘောကျသော စူးရှမှာ သူ့နားမှ နားကပ်ကို ကေကေက အတုကြီးဟု ပြောလိုက်မှာကိုတော့ စိတ်ထဲမှာ တထင့်ထင့်ဖြစ်နေသည်။





ညနေကတည်းက နားကပ်အစစ်ကို အပေါင်ဆိုင်မှာ ပေါင်နှံပြီး နားပေါက်ဟောင်းလောင်းကြီး ဖြစ်နေမည်ဆိုလျှင် လူအထင်သေးခံမည်၊ ထို့အတွက်ကြောင့် နားကပ်အတုကြီး လုပ်ဝတ်ထားခြင်းဖြစ်သည်။

"ငါ ထမင်းစားတော့မယ် ကေကေ၊ နင်ရော စားတော့မလား"

"ဟော့အေး စားနှင့်လိုက်တော့ ငါ ရေတောင်မချိုးရသေးဘူး"

"ဒါဆိုလည်း မြန်မြန်ချိုးလိုက်လေ၊ ငါတို့အတူတူ စားရအောင်၊ နင်ရေချိုးနေတုန်း ငါ ထမင်းပွဲပြင်ထားလိုက်မယ်"

"အေး ဒါဆိုလည်း ပြီးရော၊ ငါ ရေချိုးခန်းမြန်မြန်ဝင်လိုက်မယ်"

ကေကေ ရေချိုးခန်းဘက်ဝင်သွားတော့မှ စူးရှ ဟင်းခနဲ သက်ပြင်းချလိုက်သည်။

ဘဝကို ရိုးရိုးရှင်းရှင်း ပွင့်ပွင့်လင်းလင်း မဖြတ်သန်းခဲ့မိသည့်အတွက် တကယ်တမ်း စိတ်ပင်ပန်းရသူက စူးရှပင်ဖြစ်သည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၆)

"ဝါး ပန်းစည်းလေးက လှလိုက်တာ လင်းမြတ်ရယ်"

တွေ့တွေ့ချင်း ကမ်းပေးလာသော ခရမ်းရောင်ရင့်ရင့် သင်[illegible] ပန်းစည်းကို ဝမ်းသာအားရလှမ်းယူလိုက်သည်။ ရူးရှုမျက်နှာမှာ ကျေး[illegible] ပီတိဖြစ်နေသောအရောင်တွေ ဖိတ်ဖိတ်တောက်နေသည်။

သစ်ခွရန့် သိပ်မမွှေးပေမယ့် ရူးရှု တရှုံ့ရှုံ့နမ်းကာ ထိုပန်းစည်းကို တော်တော်လေး တန်ဖိုးထားနေပုံရသည်။

ခင်ရူးရှ ပျော်နေသလောက် လင်းမြတ် မျက်နှာမသာယာ[illegible]

"လင်းမြတ် တစ်ခါမှ ပန်းစည်းမပေးဖူးဘဲနဲ့ ခုမှ ရူးရှု[illegible] ဘာလို့ပန်းစည်းပေးတာလဲဟင်"

"တောင်းပန်ချင်လို့ပေါ့"





နည်းနည်းထူးဆန်းနေသော လင်းမြတ်စကားကြောင့် ခင်ရူးရှ လင်းမြတ်ကို အသေအချာကြည့်သည်။ မျက်လုံးချင်းဆုံသည့်နှင့် လင်းမြတ်အံကြည့်တွေ ချက်ချင်းလွှဲပစ်လိုက်သည်။

ရူးရှု၏ပေါက်ကွဲသံစဉ်တွေကို ရင်ဆိုင်ရမည့်အရေး တွေးပြီး သွေးပျက်နေသူက လင်းမြတ်ပင်ဖြစ်သည်။ ဘာမှမသိသေးသော ရူးရှုမှာသာ ပန်းကိုတစ်လှည့် လင်းမြတ်ကိုတစ်လှည့် နားမလည်စွာကြည့်ပြီး

"လင်းမြတ် ရှင်းအောင်ပြောစမ်းပါ၊ ရူးရှုကို တောင်းပန်ရအောင် လင်းမြတ် ဘာအမှားမှ လုပ်မထားဘူးလေ"

"ဟင့်အင်း အရင်က မလုပ်ခဲ့ပေမယ့် ခုလုပ်ရတော့မှာမို့ ကြိုပြီးတောင်းပန်ထားတာပါ"

"ကျွတ် ဘာလဲကွာ၊ စကားကိုဝေ့နေတယ်၊ ဒဲ့သာပြောစမ်းပါ ရူးရှ စိတ်မရှည်တော့ဘူး"

ပွင့်လင်းမှုမရှိသော လင်းမြတ်၏မြဲစိစိ ပုံစံကိုကြည့်ပြီး ရူးရှ ရင်ထိတ်လာသည်နှင့်အမျှ စိတ်လည်းမရှည်တော့။

"ကိုယ့်ကိုမေ့လိုက်ပါတော့"

"ဘာ"

ကျယ်လောင်သွားသော ဘာဆိုသည့် ရူးရှု၏အသံကြောင့် ကော်ဖီဆိုင်ထဲမှ လူအချို့ ရူးရှုကို ဝိုင်းကြည့်ကြသည်။ ရူးရှ ဂရုမထားနိုင်။

"ဘယ်လို လင်းမြတ် ရှင် ကျွန်မကို ဘာပြောလိုက်တယ်"

"ကိုယ့်ကိုမေ့လိုက်ပါတော့လို့ ပြောတာပါ၊ တကယ်တော့လေ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က ကိုယ့်ဘဝကို ကိုယ်တိုင်ဖန်တီးခွင့်မရှိဘူး''

''အဲဒါ ဘာစကားလဲ၊ လူတိုင်း ကိုယ့်ဘဝကို ကိုယ်ကိုယ်တိုင် ဖန်တီးကြရတာပဲ၊ အခု လင်းမြတ် ဘာကိုရည်ရွယ်ပြီး ပြောတာလဲ၊ စူးရှကို နားရှင်းအောင် ပြောစမ်းပါ၊ ဒီမှာ ရင်တွေတုန်လွန်းလို့ အသက် ထွက်မတတ်ပဲ''

သွေးပျက်နေသော စူးရှ မျက်နှာကိုကြည့်ပြီး လင်းမြတ်လည်း တော်တော်လေး အနေခက်နေပုံပင်။ ဖြစ်နိုင်လျှင် စူးရှရှေ့မှ အငွေ့ပျံ၍ ထွက်သွားချင်သည်။

''ကိုယ့်ကို မာမီက သူသဘောတူတဲ့မိန်းကလေးနဲ့ လက်ထပ် ပေးတော့မယ်''

ကြားရသည့်စကားလုံးတွေက ခင်စူးရှကို ကမ္ဘာအပြင်ဘက်သို့ လွင့်ထွက်သွားမတတ်ကို ပြင်းထန်လွန်းသည်။ စူးရှအတွက် ကမ္ဘာပျက် မတတ်ပင်။

''ဘယ်လို ရှင် ရှင်လက်ထပ်တော့မယ်''

''ဟုတ်တယ် စူးရှ ကိုယ် စူးရှကိုချစ်ပေမယ့် မာမီ့စကားကို ဆန့်ကျင်ပြီး စူးရှဆီ မလာရဲဘူး။ ကိုယ့်ဘဝမှာ အလေးအနက်ထား လေးစားတန်ဖိုးထားချစ်ရသူက မာမီပါ၊ မာမီ့စကားကို ကိုယ်ဘယ်တုန်းကမှ မလွန်ဆန်ခဲ့ရဲပါဘူး''

ပါးပေါ်သို့ ဘယ်အချိန်တည်းက စီးကျလာမှန်းမသိသည့် မျက်ရည်အချို့နှင့်အတူ စူးရှ၏မျက်ဝန်းတို့သည် နာကျင်စူးရှကာ သွေးပျက်





ယ်ကောင်း၏။

''အဲဒါနဲ့ပဲ ရှင့်ကို စူးရှက မေ့ပစ်ရမယ်ပေါ့ ဟုတ်လား၊ ရှင် ပြောတော့ စူးရှကို ချစ်တယ်ဆို၊ လက်ထပ်ပြီးရင် သားသားလေးတွေ မီးမီးလေးတွေ မွေးပေးလို့ ရှင်ပဲပြောခဲ့တာမဟုတ်လား။ ရှင့်ရဲ့ဆန္ဒက ရှရဲ့ဆန္ဒမို့ အဲဒီလိုအချိန်ရောက်ဖို့ ဘယ်လောက်မျှော်လင့်ခဲ့ရသလဲ င်သိလား''

''အဲဒီအတွက် တောင်းပန်ပါတယ် ဆိုတဲ့စကားတစ်ခွန်းကလွဲ း ကိုယ့်မှာတခြားပြောစရာစကား မရှိတော့ပါဘူး''

''စူးရှ နှလုံးသား သွေးစိမ်းရှင်ရှင်ထွက်နေတာကို ဒီလိုစကား ုးမျိုးနဲ့ပဲ ပြီးပါပြီဆိုတဲ့ စာတန်းကို ထိုးလိုက်တယ်ပေါ့ ဟုတ်လား င်းမြတ်''

လင်းမြတ်မှာ တခြားပြောစရာစကားလုံးမရှိတော့။ ခုချိန်မှာ နှက်လာသမျှ စကားလုံးရင့်ရင့်ကြမ်းကြမ်းတွေကို ခေါင်းငုံ့ခံလိုက်ရုံပင်။

''ရှင် ရက်စက်တယ်၊ အရမ်းရက်စက်တယ်''

လက်ထဲမှ ပန်းစည်းဖြင့် လင်းမြတ်ကို စိတ်ရှိလက်ရှိ ရိုက်ရင်း ပွဲချ ငိုလိုက်သည်။

ဒီနေ့ဟာ ခင်စူးရှ၏မျှော်လင့်ခြင်း တံတိုင်းကြီး ခါးလည်ကနေ ကျသည့်နေ့တစ်နေ့ဖြစ်သည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

ခင်စုုးရှ တစ်ညလုံး အိပ်မပျော်ပါ။

ဒီနေ့ဟာ ချစ်သူရဲ့လမ်းခွဲခံခဲ့ရသည့်နေ့မို့ ဒီနေ့မျိုးကိုမုန်းသည့် အရာရာကို အစက ပြန်စခွင့်ရခဲ့မည်ဆိုလျှင် လင်းမြတ်ထံမှ ခုလို လမ်းခွဲစကားမထွက်ရလေအောင် ကြိုးစားချင်သည်။

ခုတော့ ခင်စုုးရှ၏ကမ္ဘာမှာ ဘာမှမကျန်ခဲ့တော့လောက်အောင် မြင်မြင်သမျှအရာတွေက ဟင်းလင်းပြင်ကြီးလို ဗလာနတ္ထိ။ ရင်ထဲမှာ ဂလိုင်ပေါက်လို နှလုံးသားတွေ တစ်စစီပဲထွက်ကုန်၏။

မျက်ရည်တို့က တာကျိုးသလို စီးကျကာ မျက်ဝန်းတွေလည်း ငိုရလွန်း၍ မို့အစ်ဖောင်းပြည့်နေသည်။





ခုတင်ထက်တွင် ဟိုဘက်လှိမ့်လိုက် ဒီဘက်လှိမ့်လိုက်နှင့်ဘဝမှာ …တစ်ခါမှ မခံစားဖူးသော အသည်းကွဲခြင်း ဝေဒနာကို အလူးအလိမ့် …စားနေရရှာ၏။

"လင်းမြတ်ရယ် စုုးရှ လင်းမြတ်ကိုချစ်တယ်၊ စုုးရှကို ထားမသွား …နဲ့ လင်းမြတ်မရှိဘဲ စုုးရှ ဘယ်လိုရှင်သန်ရမလဲ၊ ကျေးဇူးပြုပြီး စုုးရှ …ဆီ ပြန်လာခဲ့ပေးပါ"

ငိုသံဗလုံးဗထွေးနှင့်ပြောနေသော စုုးရှ၏အသံသည် အခန်းထဲ …ွင် ခပ်တိုးတိုးလွင့်ပြန့်နေသည်။

ဘေးခုတင်မှ ကေကေပင် စုုးရှ၏အဖြစ်ကိုမြင်နေရ၍ စိတ် …ကောင်းဖြစ်ရသည်။ ချွေးသိပ်ပေးပေမယ့်လည်း ချစ်သူနှင့်လမ်းခွဲခဲ့ရ …သည့်မိန်းကလေးတစ်ယောက်၏ရင်ထဲက သွေးစိမ်းရှင်ရှင် ထွက်မတတ် …ကျင်ရသော ခံစားမှုတွေကို ဘယ်လိုစကားလုံးတွေက ကုစားနိုင်မှာတဲ့ …ဲ။

အိပ်မရတော့မယ့်အတူတူ ကေကေ ခုတင်ထက်မှ ခပ်လေး …သေး ထလိုက်သည်။ စုုးရှနားလျှောက်သွားလိုက်သည်။ စုုးရှ အငိုမျက် …ဖြင့် မော့ကြည့်ပြီး

"ဟင် ကေ နင် မအိပ်သေးဘူးလား"

"နင့်ကိုကြည့်ပြီး စိတ်ဆင်းရဲလွန်းလို့ ငါ ဘယ်လိုအိပ်ပျော်နိုင် …သဲဟာ၊ လင်းမြတ် မမိုက်ဘူး၊ ဒီကောင့်မှာ ဒီလိုစိတ်ဓာတ်မျိုး ရှိလိမ့် …ယ်လို့ ငါ ထင်မထားဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ငါ ဘယ်လိုလုပ်ရမလဲ ကော၊ ငါ သူ့ကိုလုံးဝ လမ်းမခွဲနိုင်ဘူး။ ငါ့အနားမှာ သူမရှိရင် ငါ့ဘဝကြီး ဘာမျှော်လင့်ချက်မှမရှိတော့ဘူး"

ဝမ်းနည်းစွာ ငိုကြွေးပြောရင်း ကေကေ့ပခုံးကို မှီပြီး ထပ်ငိုပြန်သည်။ ဒီမျက်ရည်တွေ ဘယ်တော့များမှ ခမ်းခြောက်တော့မှာလဲ။

"အေးပါ သူငယ်ချင်းရယ် သူ့ကို ငါလည်း ဒေါသထွက်နေတာပါ၊ မိန်းကလေးတစ်ယောက်ကို ရက်ရက်စက်စက် လမ်းခွဲရဲတဲ့စိတ်ဓာတ်မျိုးက တော်ရုံတည်ကြည်တဲ့ယောက်ျားကောင်းတစ်ယောက် မဟုတ်ဘူးဆိုတာ အသိသာကြီး"

"ဒါပေမဲ့ ငါ သူ့ကိုမစွန့်လွှတ်နိုင်ဘူး၊ သူနဲ့ငါနဲ့ ချစ်သူသက်တမ်း တစ်နှစ်အတွင်းမှာ သူ့အကြောင်းတွေကို အားလုံးမသိခဲ့ရပေမယ့် ငါ သူ့ကိုချစ်တဲ့အချစ်တွေကိုတော့ အကုန်ပေးဆပ်ထားခဲ့ရတာပါ"

"ဟုတ်ပါပြီ ဒါပေမဲ့ သူမှ နင့်အချစ်တွေကို မလိုအပ်တော့တာဒါကြောင့် နင်လည်း သူ့ကိုမေ့ပစ်ဖို့ ကြိုးစားလိုက်ပါတော့ သူငယ်ချင်းရယ်"

ကျောပြင်ကို ခပ်ဖွဖွပွတ်သပ်ပြီး နှစ်သိမ့်မှုပေးသော ကေကေ့၏ ဝတ္တရားမပျက်နှစ်သိမ့်မှုတွေသည် တကယ်တမ်း ရင်ဆိုင်ခံစားနေသော စုရှအဖို့တော့ ကမ္ဘာပျက်မတတ် အရက်တရားအချို့နှင့် စိတ်ခံစားမှုတွေကို ဝရုန်းသုန်းကား ဖြစ်သွားစေ၏။

မေ့ပစ်လိုက်ရမယ်တဲ့လား။ ဟင့်အင်း မေ့မပစ်နိုင်ပါဘူး။

ဗျူတာယေ



ကိုယ့်ရဲ့အနာဂတ်ကို လှလှပပလေး ပုံဖော်ပြီးကာမှ စက္ကူစုတ်တစ်ရွက်လို ခြေမွခံခဲ့ရတာဟာ စုရှအတွက် တရားပါ့မလား။

တုန့်ပြန်မှုတိုင်းမှာ တန်ပြန်သက်ရောက်မှုတော့ ရှိရမယ်လေ။

■ ■ ■

www.burmeseclassic.com

## အခန်း (၁၈)

"ဟင် လင်းမြတ်၊ ကေကေ ဟိုမှာ မိန်းကလေးတစ်ယောက် ကော်ဖီဆိုင်ထဲက ထွက်လာတာ လင်းမြတ် မဟုတ်လား"

လက်ချင်းချိတ်၍ ပြုံးရွှင်ရယ်မောနေကြသည့် လင်းမြတ်နှ မိုးနှင်းဖြူ၏ကြည်နူးခန်းကို ကေကေ လှမ်းကြည့်လိုက်သည်။

"အင်း ဟုတ်တယ် ဒီကောင့်ရုပ်ကြီး ခွေးချီသွားတာတော မှတ်မိတယ်"

ရင်ထဲမှာ ဒဏ်ရာတွေကျက်ဖို့အဝေးကြီးလိုနေသေးချိန်မှာ မြ ခနဲ မြင်လိုက်ရသည့်မြင်ကွင်းက လူကိုနေရာမှာတင် မူးခနဲ မိုက် လဲကျမတတ်ပင်။

ဘေးတွင်ရပ်နေသော ကေကေ့လက်ကို ဖမ်းဆုပ်ကာ လဲ မသွားအောင်ထိန်းရပ်နေရသည်။ ကေကေ မျက်လုံးအပြူးသားဖြင့် လ





မြတ်တို့အတွဲကို ငေးကြည့်ရင်းမှ တဆက်တည်းမှာပင် လင်းမြတ်ဟာ ဘာကြောင့် ခင်စူးရှုကို စွန့်လွှတ်ပြီး သူ့မိဘသဘောတူသော မိန်းကလေးကို လက်ခံခဲ့ရသလဲဆိုသည့်အဖြေကိုလည်း သိခဲ့ရသည်။

ခင်စူးရှု လှပါသည်။

သို့သော် စူးရှုအလှသည် အထက်တန်းလွှာတွေလို ကျော့ကျော့မော့မော့လေးနှင့် နုဖတ်စင်ကြည်နေသော အလှတရားမျိုးမဟုတ်။

သာမန်လူလတ်တန်းစားတွေထဲမှာသာ ထင်းခနဲ မြင်သာသည့် အလှမျိုးလောက်သာ။ ထိုအလှမျိုးလောက်နှင့်ယှဉ်လျှင် ယခု သင်းမြတ် ဘေးမှာ လက်ချင်းချိတ်လျက်ရှိနေသည့် မိန်းကလေး၏အလှက ပို၍ပို၍ ထင်းနေအောင် စာဖွဲ့ရလောက်အောင် လှပါသည်။

"ဒီကောင် နင့်ကိုခေါက်သွားတာ ဒါကြောင့်ကိုး"

ကေကေ့စကားက အမှန်တရားတစ်ခုကို ဖော်ညွှန်းပေမယ့် ရှုအတွက်တော့ အောင့်သီးအောင့်သက် ခံစားမှုတို့နှင့်အပြိုင် ရင်နာစရာ ကောင်းလိုက်သည့်ဖြစ်ခြင်း။

"ငါ ဘယ်လိုလုပ်ရမလဲ ကေကေ၊ ပွဲသွားကြမ်းလိုက်ရမလား"

စူးရှု၏မျက်လုံးတွေသည် နေရောင်အောက်မှာ မောင်းချထားကို ချောင်းခနဲ ဖွင့်လိုက်သလို မနာလိုရိပ်တွေ လက်ခနဲတောက်သွားသည်။

အသံတွေသည် အသက်မပါသူလို တုန်ခါအက်ကွဲနေသည်။

"မလုပ်ပါနဲ့ဟာ စိတ်ရှည်ရှည်စောင့်လိုက်ပါ၊ နင် သူ့ကိုတကယ် ချစ်တဲ့အတွက် ကံကြမ္မာက နင့်အတွက် အခွင့်အရေးပေးလာမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာတွေ အရှုပ်အရှုပ် မဖြစ်စေချင်၍ ချွေးသိပ်သော ကောကော့စကားလုံးတွေသည် အင်အားမဲ့သော စူးရှကို နှစ်သိမ့်ရာမရောက် ဘဲ လှောင်ပြောင်နေသလို ဖြစ်နေသည်။

အရိပ်လိုနေပူကာစောင့်ဆိုပြီး ထီးဆောင်းထွက်သွားသူရဲ့စကာ ကို နားယောင်နေလျှင်တော့ ဘဝပဲ နေလောင်သွားတော့မပေါ့။

မရိုးမသား ချစ်ပြခဲ့တာကို လူနုံကြီးလို ခံစားခဲ့ရတာထက်စာ လျှင် ရိုးရိုးသားသား ပြဿနာရှာလိုက်တာ ပိုကောင်းမလားပင်။

"ဟဲ့ ဟဲ့ စူးရှ"

လှမ်းတားချိန်ပင်မရလိုက်တော့။ စူးရှ၏ခြေလှမ်းတွေသည် မာ ဖီနေသော ကျွဲသစ်မတ်စ်ကောင်၏ရန်လိုနေသော ခြေလှမ်းတွေအသွ ဖြင့် ကားတံခါးဖွင့်နေသော လင်းမြတ်ဆီသို့ လျှောက်သွားလိုက်သည်

ရှေ့ဆက် ဘာဖြစ်လာမလဲဆိုတာ ရင်မောရသူက ကေကေ ဖြစ်သည်။

■ ■ ■

အခန်း (၁၉)

ပခုံးကို ဖတ်ခနဲ လာရောက်ပုတ်လိုက်သော အထိအတွေ့ ကြောင့် မိုးနှင်းဖြူကို ကားထဲဝင်ထိုင်စေပြီး တံခါးချပ်ကို ပိတ်နေသော လင်းမြတ် ဖျတ်ခနဲ လှည့်ကြည့်သည်။

"ဟင် စူးရှ"

"ဒါလား ရှင်နဲ့လက်ထပ်မယ့်သူဆိုတာ"

"အင်း ဟုတ် ဟုတ်တယ်"

လင်းမြတ်ပုံစံက စူးရှ ပြဿနာရှာမှာကို တော်တော်လေးဖြု နေသည့်ပုံဖြစ်နေသည်။

"စူးရှကို ဒီလိုပုံစံမျိုးနဲ့ ထားခဲ့လို့ရမယ် ထင်လား လင်းမြတ်"

စူးရှပုံစံက ခပ်မိုက်မိုက်။ ဘာကိုမှ ဂရုမစိုက်သည့်ဟန်မျိုး။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလေ စူးရှ ကိုယ်တောင်းပန်တယ်ကွာ၊ ဒီနေရာက ကိုယ်တို့ပြဿနာကို ပုံကြီးချဲ့လုပ်ပြီး ရှင်းရမယ့်နေရာမဟုတ်ဘူး။ ဒီလိုလုပ်ပါလား ညနေကျရင် ကိုယ် စူးရှဆီလာခဲ့မယ်လေ"

ချွေးသိပ်နေမှန်းသိ၍ စူးရှတို့က ဖြူတော့။ ထူးခြားပြီးတော့လည်း မျှော်လင့်မနေတော့။ ခုဟာက မစားရသည့်အမဲ သဲနှင့်ပက်သလိုဖြစ်နေပေမယ့် မျက်စိရှေ့မှာနှစ်ယောက်သား အကြည်စိုက်နေသည့်မြင်ကွင်းကိုတော့ ခေါင်းငုံ့မျက်နှာလွှဲပြီး နောက်ပြန်လှည့်မသွားနိုင်။

"မလိုပါဘူး၊ ငါ့ဆီကို လာစေချင်လို့ ရှင့်ကိုလာအောက်ကျိုတာမဟုတ်ဘူး၊ ရှင်တို့နှစ်ယောက် အကြည်စိုက်နေတဲ့မြင်ကွင်းက ကျွန်မျက်လုံးထဲမှာ အမှိုက်လိုဖြစ်နေလို့ လာတွေ့တာ"

"လင်း အဲဒါ ဘယ်သူလဲဟင်၊ ဘာတွေဖြစ်နေတာလဲ"

အေးအေးကြည်ကြည် အသံလေးတစ်သံ ကားထဲမှ ခပ်တိုးတိုးထွက်ပေါ်လာသည်။

"မိုးနှင်း ဒါ ကိုယ့် ကိုယ့်ရဲ့"

"ချစ်သူပါ"

လင်းမြတ် စကားတွေထစ်ငေါ့နေစဉ်မှာ အဖြေကို အဆုံးသတ်ပေးလိုက်သူက ခင်စူးရှဖြစ်သည်။

"တို့နာမည် ခင်စူးရှ"

"ဪ လင်းမြတ်ချစ်သူ ခင်စူးရှ ဆိုတာ ယူကိုး၊ နာမည်ကြားဖူးနေတာတော့ ကြာပြီ"





"ဟင်"

ထင်ထားသည့်အခြေအနေက စူးရှ ခုလို ချစ်သူပါဟု ပြောင်ပြောလိုက်လျှင် တစ်ဖက်မိန်းကလေးမှာ လင်းမြတ်ကို နာကျင်သောအကြည့်ဖြင့် ခပ်စိမ်းစိမ်းကြည့်ပြီး မလိုလားသော ရန်ထောင်စကားတွေပြောမည်၊ ပြီးလျှင် လင်းမြတ်ကို လက်မထပ်နိုင်ဘူးဟူသော လမ်းခွဲစကားဖြင့် နောက်ပြန်လှည့်မည်။

ထိုသို့ဖြစ်လျှင် လင်းမြတ် ကိုယ့်ဆီပြန်လာမည်။

"စူးရှ အဲဒါ မိုးနှင်းဖြူတဲ့၊ လူကြီးချင်းသဘောတူထားကြလို့ မြန်မာပြည်ကို လက်ထပ်ဖို့ပြန်လာတာ"

"တွေ့ရတာ ဝမ်းသာပါတယ် ခင်စူးရှ ယူ့ချစ်သူကို လုယူသလိုဖြစ်သွားတဲ့အတွက်လည်း စိတ်မကောင်းပါဘူး"

အသည်းနှလုံးတွေကို သွေးစိမ်းရှင်ရှင်ထွက်အောင် ဓားဦးချွန်နှင့် အကြိမ်ကြိမ် ထိုးဆွပြီးမှ ဆောရီးပါတဲ့လား။

"တို့ကတော့ ဝမ်းမသာဘူး၊ ရှင့်ကိုမြင်ရတာတင် မဟုတ်ဘူး၊ ရှင့်နာမည်ကိုကြားလိုက်ရကတည်းက ဂြိုလ်ဆိုးဝင်တာပဲ၊ တို့ချစ်သူကို လုယူပြီးမှ ဆောရီးလို့ပြောတာ မလွန်လွန်းဘူးလား"

"ဟင့်အင်း တို့လုမယူပါဘူး၊ လူကြီးတွေစီစဉ်တာကို ဝတ္တရားအရ ခေါင်းညိတ်လိုက်ရုံလေးပါ"

"ဘာ ဝတ္တရားအရ ဟုတ်လား။ ဒီမှာတော့ ရှင်လျက်နဲ့သေနေရသလိုပဲ၊ တို့မှာ ဘာမှမကျန်ခဲ့တော့ဘူး၊ ဒီတော့ တို့ချစ်သူကို တို့



www.burmeseclassic.com

www.burmeseclassic.com



ပြန်လိုချင်တယ်၊ ပြန်ပေးပါ၊ ကျေးဇူးပြုပြီး ပြန်ပေးပါ''

''တို့လုယူခဲ့တာမဟုတ်တဲ့အတွက် ဘာကိုပြန်ပေးရမှာလဲ ခင်စူးရှ၊ တို့ဆီကို လင်းမြတ်မလာသေးဘူး၊ သူလည်း သူ့မိဘစကား မလွန်ဆန်နိုင်လို့ လက်ထပ်ဖို့ကို ဝတ္တရားအရ ခေါင်းညိတ်လိုက်ရုံလေး သူသာဆန္ဒရှိမယ်ဆိုရင် စူးရှဆီကိုပြန်လှည့်သွားလို့ရတာပဲ၊ တို့က အတင် ဆွဲမထားဘူး၊ ရှင့်ဆီကို လင်းမြတ် ပြန်လာတာ မလာတာ တို့နဲ့ ဘာ မဆိုင်တော့ဘူး၊ ယုတ်စွအဆုံး ရှင် ဒဿဂီရိလို အချစ်ရူးသမားဖြစ်ခဲ့မယ် ဆိုရင်တောင် တို့ပယောဂကင်းတယ်''

ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ဖြင့်ပြောနေသော မိုးနှင်း ကိုမေးကျဉ်းသော မျက်လုံးဖြင့်ကြည့်လိုက်ပြီး

''ဘာ တို့က အချစ်ရူးသမား ဟုတ်လား၊ အဟက် အချ ရူးရုံနဲ့ ဒဿဂီရိကို တန်းညှိရအောင် ရှင့်မှာ လက်ဘဒီပရှိလို့လား၊ နားလို စမ်းပါ၊ ရှင့်ရဲ့အချစ်ဆိုတာကြီးကို ခပ်ပေါပေါ် လူပြက်တွေရဲ့ဇာတ်ပွဲမှ သွားရွတ်ပြလိုက်၊ တို့က အချစ်ရူးတာမဟုတ်ဘူး၊ အလုယူခံလိုက်ရတာ နားလည်လား''

''အို့.နိုး တို့ လုမယူပါဘူးလို့ ပြောပြီးပြီလေ၊ ရှင့်ဆီပြန်လာတာ မလာတာ လင်းမြတ်ရဲ့ဆုံးဖြတ်ချက်ပဲ၊ လင်းမြတ်အနေနဲ့ တို့ဆီတိုးလာ လည်း ရတယ်၊ ရှင့်ဆီကိုလှည့်ပြန်လို့လည်းရတယ်၊ ဒါဟာ သူ့ရဲ့ကိုယ်ပိုင် ဆုံးဖြတ်ချက်မို့ တို့နဲ့ဘာမှမဆိုင်ဘူး''

နှစ်ယောက်သား အခြေအတင်ဖြစ်လာကြသည်။ တစ်ဖက်နှ





တစ်ဖက် အလျှော့ပေးကြမည့်ပုံမပေါ်။ ကြားထဲမှ လင်းမြတ် အနေခက် သလို ပတ်ဝန်းကျင်တစ်ခွင်မှ လမ်းသွားလမ်းလာအချို့ဝိုင်းကြည့် ခံရ၍ ရှက်လည်းရှက်လာသည်။

''တော် တော်ကြပါတော့ ကဲ စူးရှ ကိုယ်တောင်းပန်တယ်ကွာ၊ ငြိမ်ပါတော့နော်၊ စူးရှဆီကို ညနေလာခဲ့မယ်၊ လုံးဝ ကတိပေးတယ်ကွာ''

''ချွေးသိပ်ဖို့ဆိုရင်တော့ လာစရာမလိုဘူး လင်းမြတ်''

''ကဲပါ ကိုယ် စူးရှ ကျေနပ်လောက်တဲ့အထိ လိုက်လျောမယ် ကွာ၊ နော် ခု မာမီ့ဆီအရေးတကြီးသွားစရာရှိလို့ ကိုယ် ဒီကနေ အမြန် သွားမှဖြစ်မှာမို့ပါ ပလိစ်''

အနူးအညွတ်တောင်းဆိုနေသော လင်းမြတ်ကို ယုံကြည်မှုလုံးဝ မဲ့ ရင်ထဲမှာ နာကျင်တာပဲသိသည်။

''ကဲပါ စူးရှရယ် လူမြင်ကွင်းကြီးမှာ ရှင်းနေလို့ပြဿနာက ကြီးသွားမှာမှမဟုတ်တာ လာပါ၊ ပြန်ကြရအောင် ကဲ လင်းမြတ် ရှင်လည်း ရှေ့ မျက်စိရှေ့က မြန်မြန်ထွက်သွားပါ''

တင်းမာသော လသံဖြင့် နှင်လိုက်သော ကေကေ့စကား ကြောင့် လင်းမြတ် ကားထဲဝင်ထိုင်ကာ စက်နှိုး၍ မောင်းထွက်သွားသည်။ ပွဲက ထိုမျှနှင့်မပြီးသေးဘူးဆိုတာ လင်းမြတ် သိနေသည်ပဲ။ တကယ်တမ်း မပြတ်သားခဲ့သူက ကိုယ်ကိုယ်တိုင်ပဲလေ။

''ဒါက ဘာလဲ ဘာအတွက် ဟောဒီငွေတွေတစ်ထပ်ကြီးကို ရှေ့ လာချပေးရတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



မျှားပြားလှသော တစ်သောင်းတန်အုပ်တွေကိုကြည့်ပြီး စိတ်ထဲမှာ လောဘအနည်းငယ်ဖြစ်မိပေမယ့် တကယ်တမ်း စူးရှ မျှော်လင့်မက်မောခဲ့ရတာက ဒီထက်မှမကတာ။

"ကိုယ် စူးရှကိုချစ်တယ်၊ ဒါပေမဲ့ လက်ထပ်လို့တော့ မဖြစ်နိုင်ဘူး"

"အဲဒီတော့"

ရှေ့ဆက်လာမည့်စကားကို အလောတကြီး မျှော်ရင်း မေးလိုက်သည်။

"ဒီ ဒီငွေတွေက ကိုယ်နဲ့ချစ်သူဖြစ်ခဲ့ရတဲ့အတွက် နစ်နာကြေးလို့မှတ်လိုက်လို့ရပါတယ်"

ထင်မှတ်မထားသော စကားကြောင့် စူးရှ မျက်နှာညှိုးဆင်းသွားသည်။ စူးရှကို အမှန်တကယ် မနစ်နာစေလို၍လား၊ ဒါမှမဟုတ် ငွေမက်သည်ဟု ထင်ထား၍ ခုလိုပုံစံမျိုးဖြင့် စူးရှ၏သိက္ခာတရားတွေကို ရိုက်ချိုးလိုက်တာလား။

"ဘာ စူးရှ ရှင့်ကိုချစ်ခဲ့တာ ငွေမက်လို့ ချစ်ခဲ့တယ်လို့ ရှင်ထင်နေတာလား"

"အဲ အဲလိုလည်း မဟုတ်ပါဘူး။ ကိုယ့်ဘက်က မှားယွင်းမှုအတွက် ကိုယ်လေ စူးရှကိုအရမ်းအားနာတယ်၊ တစ်ခုခုနဲ့ပြန်ပေးဆပ်ချင်တယ်၊ ဒါပေမဲ့ ဘယ်လိုနည်းနဲ့ပေးဆပ်ရင် ကိုယ့်ဘက်က တရားမဝင်လို့စဉ်းစားတိုင်း အဖြေကောင်းကောင်း ထွက်မလာဘူး။ နောက်ပြီး စူး





ငွေလိုနေမှာပဲဆိုတာကို ကိုယ်သိသွားတော့ ဒီနည်းလမ်းကို သုံးလိုက်တာပါ"

အံ့သြစရာကောင်းလိုက်တာ စူးရှဘဝမှာ အလိုအပ်ဆုံးက ငွေကြေးနဲ့ဂုဏ်ပကာသနဆိုတာကို သူကောင်းကောင်း ရိပ်မိသွားပုံပင်။

"စူး စူးရှ ငွေလိုမှာစိုးလို့ ဟုတ် ဟုတ်လား"

ရင်ထဲမှာ တလှပ်လှပ် မူးနောက်လာသလို ခံစားလိုက်ရပြီး အရိပ်ရိပ် တက်လာသော ဒေါသငွေ့တွေကို ထိန်းချုပ်မျိုချပစ်နေရသော အခိုက် ရင်မှာအဆမတန် ဆို့တက်လာသည်။

"ပြီးခဲ့တဲ့ အပတ်က ကိုယ် စူးရှကို အမိန့်ရေးအပေါင်ဆိုင်ထဲက ထွက်လာတာ တွေ့လိုက်တယ်"

"ဘာ"

မျက်နှာကို ရေနွေးပူနဲ့ပက်လိုက်သလို ဖျဉ်းခနဲ ပူဆင်းသွားသည်။ တစ်သက်လုံး ထိန်းလာသည့် သိက္ခာတွေက ကိုယ်တောင်မသိလိုက်ရဘဲ ကျဆင်းနေသည်ပဲ။ ရှက်စရာကောင်းလိုက်တာ။

"ဒါကြောင့် စူးရှ ငွေလိုနေတယ်ဆိုတာ ကိုယ်သိလိုက်ရတယ်၊ ကိုယ့်ကိုနာကျည်းတယ်ဆိုရင် ဒီငွေကို လက်ခံမှဖြစ်မယ်၊ တကယ်ဆို ကိုယ်ဟာ မင်းအပေါ် တကယ့်ကိုသစ္စာမရှိတဲ့ယောက်ျားတစ်ယောက်ပါ"

"ရှင် စူးရှကို တကယ်ချစ်ခဲ့လား၊ မချစ်ခဲ့ဘူးလားဆိုတာ စူးရှ သိချင်တယ်"

ယောက်ျားတစ်ယောက်၏ရင်ထဲမှ နေရာယူခွင့်ရှိမနေမှတော့



www.burmeseclassic.com

www.burmeseclassic.com



အချစ် အချစ်လို့ အော်ဟစ်ပြည်ဟ်နေတဲ့မိန်းမဟာ အရှုးနဲ့အတူတူပဲ ဟူသော အသိတရားတစ်ခု ရင်ထဲလှစ်ခနဲ တိုးဝင်လာသည်။

"ဖြေလေ၊ ဖြေစမ်းပါ၊ ရှင် စူးရှကို တကယ်မချစ်ခဲ့ဘူးမဟုတ်လား။ မချစ်ခဲ့လို့သာ ခု ဒီလို လမ်းခွဲဖို့ အခြေအနေတွေ ဖြစ်လာတာလေ"

လင်းမြတ်နှုတ်တွေ လူအတစ်ယောက်လို ဆွံ့အနေသည်။

သို့သော် မဖြေဘဲ ရှောင်လွှဲသွား၍လည်း ရမှမရတာ။

"အမှန်အတိုင်း ဝန်ခံရရင် အချစ်ဆိုတာ ဘယ်လိုခံစားမှုမျိုးလဲဆိုတာ သေသေချာချာ မသိသေးတဲ့ ခပ်ညံ့ညံ့ယောက်ျားတစ်ယောက်ပါ"

"ဘာ ဒါ ဒါဆို ရှင် စူးရှကို တကယ်မချစ်ခဲ့ဖူးပေါ့"

လင်းမြတ်ဘက်မှ အသံတိုးတိတ်နေသည်။ ဆိတ်ငြိမ်ခြင်းသည် ဝန်ခံခြင်းဖြစ်နိုင်သလို စိတ်ကုန်လွန်းရင်လည်း ဆိတ်ငြိမ်သွားနိုင်တာပဲလေ။ အဖြေကရှင်းနေပြီ။ လင်းမြတ်ဟာ စူးရှကို တကယ့်အချစ်စစ်နဲ့ ချစ်ခဲ့တာမှမဟုတ်ဘဲ။

နှလုံးသားမှာ ဂလိုင်ခေါက်နေလျက်သားနဲ့ နောက်ပြန်မလှည့်ဘူးဆိုလျှင် စူးရှအတွက် ဘာတစ်ခုမှ အကျိုးထူးလာနိုင်မှာမှမဟုတ်တာ။

ရင်ထဲမှာတော့ မကျေနပ်ခြင်းတွေ နာကျင်ခြင်းတွေ အမှန်တရားတွေကို စုပုံထပ်ထားလိုက်သည်မှာ နည်းတဲ့ထုထည်မှမဟုတ်တာ။

ဒီတစ်ခါတော့ ရှိစေတော့။





အချစ်နှင့်ပထမအကြိမ် လွဲခဲ့တဲ့ သနားစရာကောင်းလွန်းသည့် န်းမတစ်ယောက်အဖြစ် နောက်ထပ်ရောက်ရှိလာမည့် အချစ်အတွက် င်ခန်းစာယူခွင့်ရှိသွားတာပေါ့။

"ရှင် စူးရှရှေ့ကနေ ထွက်သွားပါတော့၊ သွား ရှင့်ငွေတွေကို ည်း ပြန်ယူသွားပါ၊ သွား ထွက်သွား"

ခံပြင်းလွန်း၍ အာခေါင်ခြစ်ပြီး အော်လိုက်သည်။

ဘယ်အချိန်တည်းက အနားကထွက်သွားချင်နေလဲမသိသော င်းမြတ်မှာ စူးရှရှေ့မှ အပြစ်သားတစ်ယောက်လို ခပ်ကုတ်ကုတ်လှည့် က်သွားသည်။

သံယောဇဉ် လက်ကျန်လေးဖြင့် တစ်ချက်ကလေးတောင် လှည့် ကြည့်။

အဟက် တတ်လည်းတတ်နိုင်တဲ့ ယောက်ျားတွေပါလား။

ရင်ထဲမှာ ခံစားရလွန်း၍ စူးရှရှေ့မှ ငွေတွေကိုကြည့်ကာ ခြောက် သောရယ်ခြင်းမျိုးဖြင့် ခပ်ကျယ်ကျယ် အော်ရယ်ပစ်လိုက်သည်။

ရယ်သံတွေက အသက်မပါ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

''ဒီနေ့ လင်းမြတ်တို့ မင်္ဂလာပွဲကို ဆီဒိုးနားမှာ လုပ်တယ်''

အပြင်မှပြန်လာသော ကေကေ သယ်ဆောင်လာသည့်စကား အကြောင်းအရာက မကျက်သေးသော ဒဏ်ရာကို အချွန်နှင့်ဆွသလို ခံရခက်လှသည့်ဖြစ်ခြင်း။

အမှန်ဆို မိုးနှင်းဖြူဆိုတဲ့ သတို့သမီးနေရာမှာ ရှုးရှုဖြစ်ရမှာ ကိုယ့်ရမယ့်နေရာကို သူများကို ရက်ရက်ရောရော ဖယ်ပေး လိုက်ရတဲ့ရာဇဝင်က ကမ္ဘာပြိုတောင် ပျယ်ပါ့မလား။

''ငါ ဘာမှမသိချင် မကြားချင်တော့ဘူး ကေကေရယ်၊ သူ့ အကြောင်းကို ပြန်စဉ်းစားမိတိုင်း ငါ့ကိုယ်ငါ အဆိပ်ကျွေးပြီး သတ်နေ သလို ခံစားရတယ်''





''အေးပါ ငါမပြောတော့ပါဘူး။ နင်သူ့ကိုထပ်ပြီး မျှော်လင့်နေ ...ဆိုးလို့ နင့်ကိုအသိပေးထားတာ''

အောက်နှုတ်ခမ်းကို ပြတ်လုမတတ် ခပ်နာနာဖိကိုက်လိုက် ...သည်။

ကိုယ်ကိုယ်တိုင် စီမံကိန်းတွေ အထပ်ထပ်ချထားတဲ့ဇာတ်ကွက် ...မှာ ကြိုးဆွဲရာကို ကခဲ့မိတဲ့သူက ကိုယ်ကိုယ်တိုင်ပဲ။ ခုတော့ ပြီးပါပြီ ...၌ စာတန်းထိုးပြီး ရင်ထဲမှာဂလိုင်ပေါက်ဖြစ်ခဲ့သူက ကိုယ်ပင်။

အင့်ခနဲ တစ်ချက်ရှိုက်လိုက်ပြီး ပေါက်ခနဲ ကျလုလုမျက်ရည် ...တို့ကို ခပ်ကြမ်းကြမ်း ဆွဲသုတ်လိုက်သည်။

''ငါ ငါ သူ့ကိုမမေ့နိုင်ပေမယ့် မေ့နိုင်အောင်ကြိုးစားမှာပါ၊ ... သူ့ကိုမေ့ကိုမေ့ပစ်ရမယ်၊ ငါ့ဘဝထဲမှာ သူမရှိတော့ဘူး၊ လုံးဝ မရှိ ...ဘူး ကေကေရယ်''

အင့်ခနဲ ငိုချလိုက်ပြန်သည်။

ချစ်သူတစ်ယောက်၏စွန့်ပစ်ခြင်းခံခဲ့ရသူ မိန်းမတစ်ယောက် ...တွက် ထိုမျှလောက်တော့ ကြေကွဲခွင့်ရှိသည်မို့ ကေကေ သက်ပြင်း ...ချက် ဟင်းခနဲ ချကာ အနားမှ ထွက်လာခဲ့လိုက်သည်။

■ ■ ■

''ညီ ဟိုရောက်ရင် မာမီ့ကိုသေချာဂရုစိုက်နော်၊ ဟိုမှာ ရာသီ ...က အရမ်းအေးတာ'' တဖွဖွ မှာနေသော သားကြီးကိုကြည့်ပြီး ...ခင်သက်ထား ခွဲရမှာစိတ်မကောင်းဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



''စိတ်ချပါ ကိုကိုရာ၊ မာမီ့အတွက် ဘာမှမပူနဲ့၊ ကိုကိုသာ မမချယ်ကို သေသေချာချာဂရုစိုက်၊ မမချယ်ထက်စာရင် မာမီက ဒေါင်ဒေါင်မြည်နေတဲ့အတွက် မစိုးရိမ်နဲ့''

''ဟုတ်ပါတယ် သားရယ်၊ မာမီက လိုက်မယ့်သာ လိုက်သွားရမှာ မီချယ်ကို သိပ်စိတ်မချဘူး''

''ချယ့်အတွက် ဘာမှမပူပါနဲ့ မာမီရယ်၊ မာမီသာ ဟိုမှာ မရောက်ဖူးတဲ့နေရာတွေအနှံ့ လျှောက်လည်ပြီးပျော်ခဲ့''

''စိတ်ချ မမချယ်၊ မိုးနှင်း မာမီ့ကို ဂျပန်ပြည်တစ်ပြည်လုံး မရောက်ဖူးတဲ့နေရာမရှိအောင် အနှံ့လိုက်ပို့မယ်၊ အဟင်း ကိုကိုနဲ့မမချယ်သာ မိုးနှင်းတို့ဆီကို အလည်လာနိုင်အောင် အချိန်ပေးပါ''

လေယာဉ်မထွက်ခင် တစ်ယောက်ကိုတစ်ယောက် စိတ်မချစကားတွေပြောရင်း လေယာဉ်ထွက်ချိန် နီးကပ်လာ၏။

လေယာဉ်မယ်တွေ၏လေယာဉ်ထွက်ခွာချိန် သတိပေး ကြေညာချက်ကြောင့် သားနှင့်ချွေးမကို မခွဲနိုင်သည့်စိတ်ဖြင့် မျက်နှာညှိုးသွားကာ

''ကဲ သားနဲ့သမီး ပြန်ကြတော့၊ မာမီတို့ လေယာဉ်ထွက်ချိန်ထိ မစောင့်နေနဲ့တော့နော်''

''ရပါတယ် မာမီရဲ့၊ ချယ်တို့ မာမီတို့စီးသွားတဲ့လေယာဉ်ကို ကြည့်ပြီး ကျန်ခဲ့ချင်လို့''

''ဟင့်အင်း၊ အဲလို ကျန်ခဲ့ရမှာကို မာမီ မလိုချင်ဘူး၊ မာမီ စိတ်မကောင်းဖြစ်လိမ့်မယ်၊ ဒါကြောင့် ပြန်တော့နော် မာမီ့စကား နားထောင်''





ချွေးမ၏မေးစေ့လုံးလုံးလေးကို တယုတယ ကိုင်ကာ အတင်းပြန်ခိုင်းနေသော ယောက္ခမဖြစ်သူ၏စကားကို ချယ်ရီမောင် မလွန်ဆန်ရက်။

''ကဲပါ ချယ်ရယ် မာမီ့အကြောင်းလည်း သိသားနဲ့၊ လာ ပြန်ကြမယ် မာမီ ဟိုရောက်ရင် ဖုန်းဆက်နော်''

''အေးပါ မာမီဆက်ပါ့မယ် သားရယ်''

''ကဲ ညီနဲ့ညီမလေး ကိုကိုတို့သွားမယ်နော်''

''ဟုတ်ကဲ့ ကိုကို''

''ဘိုင့်ဘိုင်''

အားလုံးကို လက်ပြနှုတ်ဆက်ပြီး မင်းပျို့နှင့်ချယ်ရီမောင်မောင် လေဆိပ်တာဝါထဲမှ ထွက်လာကြသည်။

အိမ်ပြန်လျှင် ယခင်လို မိသားစုစုံစုံလင်လင် မရှိတော့ပါလားဆိုသည့်အသိကြောင့် ရင်ထဲမှာ ဟာဆင်းသွားကာ ချယ်ရီမောင်မောင့်ကို ဆောင်းငဲ့ကြည့်လိုက်သည်။

ချယ်ရီမောင့်မျက်နှာပေါ်မှာ ဝမ်းနည်းရိပ်တွေ အတိုင်းသား ထင်မှာပ်နေ၏။

''ချယ် နောက်ရက်ဆိုရင် ချယ်တစ်ယောက်ထဲ ပျင်းတော့မှာပဲကွာ၊ ချယ် မပျင်းအောင် ကိုယ် ဘယ်လိုစီစဉ်ပေးရမလဲ''

ချစ်ဇနီးအတွက်စိုးရိမ်ပူပန်ပေးနေသဖြင့် ချယ် အပြုံးခပ်ဖျော့



www.burmeseclassic.com

www.burmeseclassic.com



ဖျော့ပြုံးကာ မင်းပျို့ကိုမော့ကြည့်၏။

''ချယ် ပျင်းရင် ချယ့်မှာအဖော်တွေမှ အများကြီးပဲ''

''ဟင် ဟုတ်လား ဘယ်သူတွေလဲ ချယ့်သူငယ်ချင်းတွေလား သူတို့က ကိုယ် ကုမ္ပဏီသွားနေတုန်း အဖော်လာလုပ်ပေးမယ်တဲ့လား''

အားရဝမ်းသာအမေးကြောင့် ချယ်ရီမောင်မောင် ခစ်ခနဲ ရယ် သွမ်းသွေးလိုက်ပြီး ကားတံခါးဖွင့်ကာ ဝင်ထိုင်လိုက်သည်။

မင်းပျို့ပါ ကားထဲဝင်ထိုင်ရင်း

''ချယ် ပြောလေ ချယ့်သူငယ်ချင်းတွေ အဖော်လာလုပ်ပေး မယ်တဲ့လား''

''ကိုရယ် ဘာလို့ အဲလောက် စိတ်ဝင်တစား မေးနေရတာ လို့''

''မေးရမယ်လေ၊ ကိုယ်မှ ချယ် အထီးကျန်ရမယ့်အဖြစ်မျိုး မဖြစ်စေချင်တာ၊ ဖြစ်နိုင်ရင် ကိုယ်က ချယ့်ဘေးမှာ နှစ်ဆယ့်လေးနာ လုံးအချိန်ပြည့် အဖော်လုပ်ပေးနေချင်တာ''

''ဒါဆိုလည်း လုပ်ပေးလေ''

''တကယ်လား ဒါဆို ကိုယ့်လုပ်ငန်းတွေကို သူများတွေနဲ့ ထားလိုက်မယ်လေ''

ရှုပ်တည်ကြီးနှင့်ပြောနေသော မင်းပျို့ကို လက်တောက်ခေ မျက်ဝန်းအစုံဖြင့်ကြည့်ကာ

''အဲလောက်ထိ မလိုပါဘူး ကိုရယ်၊ စောစောက ချယ်ပြော





အဖော်တွေ ရှိပါတယ်ဆို''

''ဟုတ်ပါပြီ၊ အဲဒီအဖော်တွေကို ချယ်က ညှိခံကျွေးမွေးနေရပြန်ရင်လည်း ငွေကြေးကုန်ကျတာထက် ချယ် ပင်ပန်းမှာကို ကိုယ်က စိုးရိမ်ပြန်ရော''

''အို နိုး နိုး ချယ့်အတွက် ဘာမှအပန်းမကြီးဘူး၊ နောက်ပြီး သူတို့ကို ဘာမှညှိခံစရာမလိုဘူး၊ သူတို့က စာအုပ်စင်တွေပေါ်မှ ငြိမ်ငြိမ်လေး နေကြတာ၊ ချယ် လိုအပ်လို့ခေါ်မှသာ ချယ့်ကိုအဖော်လုပ်ကြတာလေ''

ချယ် ဘာကိုရည်ညွှန်းနေမှန်း သိပ်သဘောမပေါက်ချင်။

''ဘာလဲကွာ စကားကိုရှင်းအောင်မပြောဘူး''

ချယ် ခပ်တိုးတိုးရယ်သည်။

''ကိုကလည်း ဝေးလိုက်တာ၊ စာအုပ်စင်ပေါ်မှာနေတယ်ဆိုမှတော့ ချယ်ရဲ့အဖော်တွေက စာရေးဆရာမ ဂျူးတို့၊ မင်းခိုက်စိုးစန်တို့ ဆရာနေဝင်းမြင့်တို့ နန္ဒသိန်းဇံ ဒေါက်တာစိုးလွင်၊ ဆရာဇော်ဂျီတို့ ဆရာဇော်ဇော်အောင်တို့ အို စာရေးဆရာတွေများ လက်ချိုးရေလို့တောင် ကုန်ဘူး၊ သူတို့အားလုံးက ချယ့်ရဲ့အထီးကျန်နေတဲ့စိတ်တွေကို အဟာရဖြစ်အောင် စိတ်ဓာတ်ခွန်အားတွေပေးမယ့် အဖော်ကောင်းတွေပေါ့''

ဒီတော့မှ မင်းပျို့ ကိုယ့်နဖူးကိုယ် ခပ်ဖွဖွရိုက်ကာ

''ဟာကွာ ချယ်ရယ် ဒါများ အစကနဦးထဲက စာတွေဖတ် ပေါ့လို့ ပြောလိုက်ရင် ရနေတာကို''



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း အဲလို မပြောချင်ပါဘူး၊ ချယ်က သွယ်ဝိုက်ပြော ရတာကို သဘောကျတယ်"

ကလေးဆန်သော အမူအရာနှင့်ချစ်စရာကောင်းသော ချယ် ပါးပြင်ကို မနာအောင်ခပ်ဖွဖွ ဆွဲလိမ်ပြီး ကားစက်နှိုးလိုက်သည်။

"ချယ်ကတော့လေ ကိုသာ အနားမှာရှိကြည့် ကမ္ဘာအပြင်ဘက် မှာ အဖိုလေးဆွဲပြီးနေရလည်း ကျေနပ်တယ် သိလား ကို"

■ ■ ■

## အခန်း (၂၁)

"ချယ်ရီ ချယ်ရီ"

အထူးကုဆေးခန်းထဲမှ ထွက်လာသော ချယ်ရီမောင်မောင့် ခြေလှမ်းတွေ တုန့်ခနဲ ရပ်ကာ အနောက်သို့ လှည့်ကြည့်လိုက်သည်။

အမျိုးသမီးကြီးတစ်ဦး ချယ့်ကို လက်လှမ်းပြကာ ခပ်သွက် သွက်လျှောက်လာသည်။

ထိုအမျိုးသမီးကြီးကို မြင်ဖူးသလိုလိုရှိနေသည်၊ ဘယ်သူဘယ်ဝါ ဆိုတာကိုတော့ စဉ်းစား၍မရသေး။

"ချယ်ရီ အမလေး ဟုတ်မှဟုတ်ပါ့မလားလို့ သေချာကြည့်နေ တာ၊ ဒီပုံစံလေးက ခုချိန်ထိ မပြောင်းလဲသေးတော့ မမှားနိုင်ပါဘူးလို့ စိတ်က ထင်နေတာ"

အနီးရောက်မှ မျက်နှာကို သေချာကြည့်ပြီး ချယ်ရီ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



အံ့သြရိပ်တို့ထင်ကာ

"ဟင် အန်တီချိုလို့ အန်တီချို မဟုတ်လား"

"ဟုတ်တယ်လေ ချယ်ရီရဲ့"

"ဟယ် အရင်က ခန္ဓာကိုယ်ပိန်ပိန်မလေးက ခုလို ဖက်တီးပုဂ္ ကြီးဖြစ်လာတော့ ချယ် မနည်းပုံဖမ်းနေရတာပေါ့လို့ ခုလို ပြန်တွေ့ရတာ ဝမ်းသာလိုက်တာ အန်တီချိုရယ်"

မိတ်ဟောင်းဆွေဟောင်းတွေ ပြန်တွေ့ရ၍ ချယ်ရီမောင်မော မျက်နှာပေါ်မှ နွေးထွေးမှုတွေသည် အသက်ပါလွှမ်းလှကာ ဝမ်းသာအံ ဖြစ်နေသည်။

"ချယ်ရီ နေမကောင်းဘူးလား သမီး"

ဆေးခန်းထဲမှ ထွက်လာ၍ နေမကောင်းဘူးလားဟု တန်းမေ လိုက်ခြင်းဖြစ်သည်။

"ဟုတ်တယ် အန်တီချို၊ ခုတစ်လော ချယ့်ကျန်းမာရေးနည် နည်းချူချာနေလို့ နှလုံးအထူးကုနဲ့ လာလာပြနေရတယ်လေ"

"ဩော် အေး ဟုတ်သားပဲ၊ ချယ်ရီလေးက ဟိုးငယ်ငယ် တည်းက နှလုံးရောဂါအခံရှိနေတာပဲ၊ ဒါနဲ့ သမီးအမျိုးသားရော မပါ လား"

"အင်း ဟုတ်တယ် မပါဘူး၊ ဒီနေ့ကုမ္ပဏီမှာ နစ်ပတ်လည် အစည်းအဝေးရှိလို့ ချယ်လည်း ဆေးခန်းသွားဖို့ မခေါ်တော့တာ"

"ဒါဆိုလည်း တခြားအဖော်တစ်ယောက်လောက်တော့ ခေါ်





မှပေါ့ သမီးရယ်၊ တစ်ယောက်ထဲ သွားလာနေရင် လမ်းမှာ မူးတာမော် တာဖြစ်တော့ ခက်ရချည်ရဲ့"

ဟိုးယခင် ကလေးဘဝကတည်းက ချိုပိုးထိန်းကျောင်းလာရ သော ကလေးမို့ စိုးရိမ်စိတ်အမှန်ဖြင့် ပူပန်ပေးခြင်းဖြစ်သည်။

"ခုချိန်မှာ ချယ့်ဘေးမှာ အဖော်ဆိုလို့ ချယ့်အမျိုးသားပဲရှိတာ အန်တီချိုရဲ့"

"ဟော့တော် အမျိုးသားဘက်က ညီအစ်ကိုမောင်နှမတွေက ရော တစ်ယောက်မှအဖော်မလိုက်ပေးကြဘူးလား"

"သူတို့ မရှိကြဘူးလေ၊ အခု အိမ်မှာ ချယ်တို့လင်မယားနှစ် ယောက်ထဲရှိတာ အန်တီချိုရဲ့၊ ကဲပါ လမ်းမကြီးမှာ စကားရပ်ပြောလို့ ကောင်းပါဘူး၊ လာ အိမ်လိုက်ခဲ့"

အန်တီချိုလက်ကို အတင်းဆွဲကာ ကားရှိရာသို့ ခေါ်လိုက်သည်။

တကယ်တော့ အန်တီချိုဟာ ချယ်ရဲ့အငှားမိခင်ဆိုလျှင် မမှား ချေ။ ငယ်စဉ်ကလေးဘဝကတည်းက ချယ့်ကို ထိန်းကျောင်းဖို့အတွက် ချယ်တို့မိသားစုနှင့် ဆွေမျိုးရင်းချာလို အတူနေလာသူမို့ ချယ် သံယောဇဉ် ဖြစ်မိခြင်းဖြစ်သည်။

"ဒီနေ့တော့ အန်တီချို လိုက်လို့မရဘူး သမီးရယ်၊ ဒီလိုလုပ် ပါလား၊ မနက်ဖြန်ကျရင် အန်တီချို ချယ့်ဆီလာခဲ့မယ်၊ ဘယ်လိုလာရ မယ်ဆိုတာကို လိပ်စာပြော"

စလင်းဘက်ခ်အိတ်ထဲမှ လိပ်စာကဒ် တစ်ကဒ်ကို ထုတ်ယူပြီး

www.burmeseclassic.com



အန်တီချို့ဆီ တရိုတသေ ကမ်းပေးလိုက်သည်။

"ရော့ အန်တီချို ဒါ ချယ်နေတဲ့လိပ်စာကဒ်၊ မနက်ဖြန်တကယ်လာနော်၊ ချယ် မျှော်နေမယ် သိလား"

"စိတ်ချ သမီးနဲ့ခုလို ပြန်တွေ့ရလို့ အန်တီချိုကလေ ထကချင်လောက်အောင် ဝမ်းသာနေတာ၊ မနက်ဖြန် လာကိုလာမယ်၊ အဲဒီကျ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောကြတာပေါ့ကွယ်"

"ချယ် မျှော်နေမယ်နော်"

"လာပါ့မယ်ကွယ်"

"ဒါဆို ချယ်သွားတော့မယ်နော်"

ကားတံခါးကိုဖွင့်ဖွင့်ရင်းနှုတ်ဆက်လိုက်ပြီးမှ ရုတ်တရက် တစ်ခုတစ်ခုကို တွေးမိကာ

"သြော် အန်တီချို ဘယ်သွားမှာလဲ၊ လာလေ ချယ် လိုက်ပို့ပေးမယ်"

"နေပါစေ သမီးရယ်၊ အန်တီချိုက ဒီနားလေးတင် သမီးသာ ကားကိုဂရုစိုက်မောင်းနော်"

"ဟုတ်ကဲ့ပါ အန်တီချို၊ ဒါဆို ချယ်သွားတော့မယ်နော်"

အန်တီချို့ကိုလက်ပြနှုတ်ဆက်ပြီး ကားကိုခပ်ဖြည်းဖြည်း မောင်းထွက်ခဲ့သည်။

နောက်ကြည့်မှန်ထဲမှ အန်တီချို၏ပုံရိပ်သည် တဖြည်းဖြည်း ဝေး၍ ဝေး၍ ကျန်ခဲ့သည်။

မျိုးစာပေ



ဘာပဲဖြစ်ဖြစ် အန်တီချိုနှင့်ပြန်တွေ့ရတာ ချယ့်အတွက်တော့ အင်အားတစ်ခုတိုးသလို ဝမ်းသာစရာပင်။

ချယ် စိတ်ထဲမှ စိတ်ကူးတစ်ခုကို အန်တီချိုနှင့်တိုင်ပင်ရမည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ဟယ် ဟိုမှာ ဟိုမှာ ဟိုလူ"

သူငယ်ချင်းနှစ်ယောက် ဈေးထိပ်ရှိ ဝက်သားတုတ်ထိုးဆိုင်မှာ ထိုင်စားနေတုန်း စူးရှ၏အလောတကြီး လှမ်းပြသောနေရာသို့ ပလုပ် ပလောင်း ဝါးနေရင်းမှ လှမ်းကြည့်လိုက်သည်။

"ဟာ ဘယ်မှာလဲ ဘယ်သူလဲ စူးရှရဲ့"

ကေကေ လှမ်းကြည့်ပေမယ့် ဘယ်သူဘယ်ဝါမှန်း မသိရ။

"ဟာ နင်ကလည်း ဟိုလူလေ ငါတို့လိမ္မော်သီးကို ကားနဲ့ တက်ကြိတ်သွားတဲ့လူလေ"

"ဩော် ကုန်တိုက်ပိုင်ရှင် ကိုလူချောကိုပြောတာလား"

"အင်း ဟုတ်တယ် သူ ဒီနားကို ဘာလာလုပ်တာလဲ မသိဘူး





နော်"

ဖြတ်မောင်းသွားသော ဗီမ်ခံကားအနက်ရောင်ကြီးကို မျက်စိ တစ်ဆုံး မျှော်ကြည့်ရင်း စူးရှ၏စိတ်တွေ ပြန်လည်လန်းဆန်းလာသလို ခံစားလိုက်ရသည်။

"ကိစ္စရှိလို့လာတာ နေမှာပေါ့ဟာ"

"ငါ လှမ်းခေါ်လိုက်ရင် ကောင်းသား"

လွန်သွားမှ နှမြောတသ ဖြစ်နေသည့် ခင်စူးရှကို အဓိပ္ပာယ် ပါသော အကြည့်ဖြင့် ကြည့်လိုက်ပြီး

"နင် ဇာတ်လမ်းလုပ်ဦးမလို့လား"

"အေးပေါ့ဟာ မိုက်တာတော့ တော်တော်မိုက်တယ်၊ သူနဲ့သာ ဇာတ်လမ်းဖြစ်သွားရင် လင်းမြတ်ထက်သာတယ်"

ကေကေ အူချိုတစ်ချောင်းကို အချဉ်ရည်တို့ပြီး ဝါးရင်း စူးရှ ကို မျက်စောင်းထိုးလိုက်သည်။

"အရင်တစ်ယောက်အတွက်ကျတဲ့ မျက်ရည်တောင် နင့်ပါးပေါ် က ခြောက်သေးလို့လားဟယ်၊ ကြည့်လည်းလုပ်ပါဦး၊ ဟိုက မိန်းမရှိနေရင် ဘတ်တုတ်မေ့ရမယ့်သူက နင်ပဲနော်"

"ပထမအချစ်နဲ့ ကံမကောင်းပေမယ့် ဒုတိယအချစ်နဲ့ ကံ ကောင်းချင်ကောင်းမှာပါဟယ်"

"ဘုရားရေ စူးရှ နင်စိတ်တော့ ကေ ◌ါးပါသေးတယ်နော်၊ နေ့ကထိ လင်းမြတ်ကို တတပြီးငိုနေတဲ့နင်က အခု ဒုတိယအချစ်ဆို



www.burmeseclassic.com

www.burmeseclassic.com



တာကို မျှော်လင့်နေသေးလား''

''ဒါပေါ့ ငါ့ရင်ဘတ်ထဲမှာ အချစ်တစ်ခါ သေဆုံးသွားတာနဲ့ နောက်ထပ်အချစ်သစ်တစ်ခု ထပ်မွေးဖွားခွင့်မရှိရတော့ဘူးလား''

''ဩော် မွေးပါ မွေးပါ အဲဒီမှာ အချစ်တွေရော ကလေးတွေရောမွေးဖို့ ချစ်ပါ။ ဟိုက မယားကြီးငုတ်တုတ်ရှိနေရင်လည်း မယားငယ်ဆိုတဲ့ဂုဏ်ထူးဝိသေသလေးကိုပါ ပိုင်ဆိုင်လိုက်ဦး ဟွန်း မပြောလိုက်ချင်ဘူး လင်တရူးမလေး''

မကြားတကြား ပြောလိုက်သော ကေကေ့အပြစ်တင်စကားကို စူးရှ စိတ်မဆိုးသည့်အပြင် အားရပါးရပင် အော်ရယ်ပစ်လိုက်သေးသည်။

''ဟယ် ဘာဖြစ်လို့ အကျယ်ကြီးအော်ရယ်ရတာလဲ''

စူးရှ ပေါင်ကိုခပ်ဖွဖွလိမ်ဆွဲပြီး အစ်မကြီးတစ်ယောက်လို ဟန့်ပြန်သည်။

''အဟင်း ကြိုက်တယ်၊ အဲဒီလင်တရူးမလေးဆိုတဲ့ နာမည်အတိုင်း ငါတကယ်ရူးနေပြီ သိလား။ ကေ ခုချိန်မှာ ငါ အမက်မောဆုံးအရာက ဘာလဲသိလား၊ အဟက် ငါ့ကိုသိပ်ချစ်တဲ့ယောကျ်ားတစ်ယောက် ငါ့ရှေ့ကို ဘွားခနဲ ပေါ်လာဖို့ပဲ''

''နင် မရှက်ဘူးလား၊ ဘယ်လိုဖြစ်လို့ လူတွေကြားထဲမှာ အချစ်အချစ်နဲ့တစာစာ အော်နေရတာလဲ''

''အချစ်ငတ်နေတာလေ၊ ဒါ ဘာရှက်စရာလဲ၊ လူတိုင်းအချစ်နဲ့မှမကင်းကြတာ၊ အခု ဝက်သားတုတ်ထိုးသည် တရုတ်ရော အချစ်နဲ့





ာင်းလားလို့ မေးကြည့်လိုက်ပါလား''

စူးရှ မျက်နှာမှာပြောင်စပ်စပ်နှင့် အမူအရာတွေ ပြန်လည်သန်းဆန်းလာသည်။

''တော်ပါ ဒါ ငါ့အလုပ်မဟုတ်ဘူး၊ သိချင်ရင် နင့်ဖာသာမေးကြည့်၊ ငါ စိတ်မဝင်စားဘူး''

နှစ်ယောက်သား ခပ်ကြိတ်ကြိတ်ပြောနေကြသည်ကို ဝက်သားတုတ်ထိုးသည်တရုတ်ကြီး လှမ်းကြည့်ကာ

''ညီမတို့ ဘာအဆင်မပြေတာရှိလဲ၊ ဘာလိုလဲ ဘာလိုးပေးရမလဲ''

''အချစ်''

''ဟမ် အချစ်ဟုတ်လား ငါ့ဆိုင်မှာ အချစ်မရှိဘူး၊ အူချိုတို့ အသည်းတို့ နှလုံးတို့ပဲရှိတယ်၊ အဲ နားရွက်တို့ နှာခေါင်းတို့လည်း ရှိတယ် အဟစ် ဟစ် ဟစ် ဟစ်''

ပါးစပ်မှ ယောင်ထွက်သွားသဖြင့် စူးရှ ဘရိတ်အုပ်ချိန်ပင် ရလိုက်တော့။ တရုတ်ကြီးဆီမှ စကားလုံးအရှည်ကြီး ထွက်လာသည်။

''အိ အချစ်ကိုပြောတာမဟုတ်ဘူး ဦးလေးကြီးဖာသာ ကြားချင်တာကိုကြားနေတာ၊ ဒီကပြောတာ အချဉ်ကိုပြောတာ အချဉ် အချဉ်၊ မှာကြည့် ပုလင်းထဲမှာ ကုန်တော့မယ်''

အသံထွက်ခြင်း ဆင်တူသော အချဉ်ကို ဆွဲထည့်ပြီး စကားလမ်းကြောင်းလွှဲလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကေကေ ရယ်ချင်စိတ်ကို မနည်းမျိုချကာ ကြွေမရသော စူးရှကို မျက်စောင်းခပ်လက်လက်ထိုးလိုက်သည်။

''ဟွန်း လင်တရူးမလေး''

■ ■ ■

## အခန်း (၂၃)

''ဒုန်း ဒုန်း ဒုန်း ဒုန်း''

''ကေကေ ကေကေရေ''

''ဘာလဲဟ ဒီမှာရေချိုးနေတယ်''

ခင်စူးရှ ရေချိုးခန်းတံခါးကို အသည်းအသန်ထုကာ အော်နေသဖြင့် ရေချိုးနေရင်းမှ အသံလှမ်းပြုလိုက်သည်။

''မြန်မြန်ချိုး နင့်ကိုပြစရာရှိလို့''

''သြော် ဒုက္ခပါပဲ၊ ရေချိုးတာတောင် ဖိမ်နဲ့မချိုးရဘူးဟယ်၊ ဘာကိုပြမလို့လဲ''

''ကိုလှူချော ဂျန်တဲလ်မန်းရဲ့ပုံပြမလို့''

''ဟွန်း ဒီလူအကြောင်းမပြောရရင် နင် ခုနေ ဘုန်းခနဲ လဲ

ဖျားတပေ

www.burmeseclassic.com

www.burmeseclassic.com



သေသွားရင်တောင် ကျွတ်မှာမဟုတ်ဘူး သိလား''

''အေးပါ ငါမသေခင်လေး ပြောခဲ့ချင်လို့ပါ၊ မြန်မြန်ချီး''

အပြင်ကနေ အလောတကြီးဖြစ်နေသော ရှုရှုကြောင့် ကေ... ရေချိုးခန်းထဲမှ မွေးပွသဘက်ကြီးပတ်ကာ ထွက်လာသည်။ ဖုန်းကိုင်... ပျာယာခတ်နေသော ရှုးရှုကို မျက်စောင်းခပ်ပျစ်ပျစ်ထိုးရင်း

''ကဲပြော ဘာပြမှာလဲ''

''ငါ အွန်လိုင်းပေါ်မှာ သူ့ကိုတွေ့တယ်''

''ဟင် ဟုတ်လား''

''သူလည်း facebook သုံးတယ်ဟ၊ လင်းမြတ် ဝေါလ်... ဝင်ကြည့်လိုက်တာ၊ သူ့ကိုတွေ့လို့ invite လုပ်လိုက်တယ်''

''ဟွန်း ဒါမျိုးကျတော့ လက်သွက်တယ် မိန်းမ၊ နင်က... ဖြစ်နေတာ ဟိုက နင့်ကိုသိတောင်သိတော့မှာမဟုတ်ဘူး''

''နမသိပေမယ့် နောင်သိတော့မှာလေ၊ သူနဲ့ငါ ဖေ့စ်ဘွတ်ပေါ်... မကြာမကြာတွေ့တော့မှာ၊ အဟင်း ခစ် ခစ် ခစ် ကြည့်စမ်းပါဦး ... ဝေါလ်ထဲ ငါဝင်ကြည့်တာလေ သူ့လုပ်ငန်းပရောဂျက်ကဓာတ်ပုံ... တင်ထားတယ်၊ ခန့်လိုက်တာဟယ်၊ ပိုကီဆံတော်တော်ချမ်းသာမယ့်ပုံ...

ဆွေ့ဆွေ့ခုန်မတတ် ဝမ်းသာအားရဖြစ်နေသော ရှုးရှုကို ပိ... ကောဟူသော ခပ်စွေစွေအကြည့်ဖြင့်ကြည့်ပြီး

''ဟွန်း၊ လင်တရှူးမလေး''

''ရှူးမယ် သူနဲ့သာ နီးနီးလေးနေရမယ်ဆိုရင် လင်တပြီးရှ...

ဈူးတာပေ



...အရှူးမျိုးကို ပိပိပြင်ပြင်ကို ရှူးရမှာမို့ တန်အောင်ရှူးမယ် အဟာ ...''

''ဟယ် သွားပြီ နင့်ကိုကုဖို့ဆေးမရှိတော့ဘူး၊ မနေ့တစ်နေ့က ... အသည်းကွဲဝေဒနာနဲ့ဆန့်ငင်ဆန့်ငင် ဖြစ်နေပြီမှ ခုနောက်ထပ် ကလူ ...ယ့်လူတွေ့သွားပြီဆိုတော့ နင့်ကွဲနေတဲ့ဟာ ပြန်ဆက်ပြီးပြီပေါ့ ဟမ် ...ပြောစမ်းပါဦး တတ်လည်းတတ်နိုင်တဲ့ လင်တရှူး''

ထိုသို့သာ ပျစ်ပျစ်နှစ်နှစ် ပြောလိုက်တော့သည်။ မပြောချင် ...ည်းမရ။ ဖြစ်ပျက်နေပုံက ငါးပြေမဆားလူးသလို နန့်နန့်တက်နေ၏။

''ကံကြမ္မာက ဒီဂျန်တဲလ်မန်းနဲ့ ဖူးစာဆုံရမယ့်ကံပါလို့ ငါ့ကို ...မြတ်နဲ့ခွဲပေးလိုက်တာ၊ အခု သူ့ကိုငါ Hi လို့နှုတ်ဆက်ထားတယ်၊ ...သာ Online ပေါ်တက်လာရင် ငါ့စာကိုသူတွေ့ပြီး သူလည်းပြန်နှုတ် ...တ်မှာ၊ အဲဒီကနေစပြီး အင်တာနက်ပေါ်က အချစ်ဇာတ်လမ်းလေး ...န်းပျိုးရဦးတော့မှာပေါ့၊ ရင်ခုန်စရာကောင်းလိုက်တာဟယ် အဟစ် ... ခစ် ခစ်''

''ဘုရားရေ နင်နဲ့သူငယ်ချင်းဖြစ်မိတာကိုက ငါ့အမှားထင် ...ယ်''

ခုန်ဆွခုန်ဆွဖြင့် အူမြူးနေသော ရှုးရှုကိုကြည့်ပြီး စိတ်လည်း ...မိ ရယ်လည်းရယ်ချင်နေသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"ကို အင်တာနက် သုံးနေတာလား"

နွားနို့ဖန်ခွက်ကိုကိုင်ပြီး ဝင်လာသော ချယ်ရီမောင် မင်း... ဘေးမှာဝင်ထိုင်ပြီး နွားနို့ဖန်ခွက်ကို ကွန်ပျူတာဘေးမှာ အသာ... လိုက်သည်။

"အင်း ဟုတ်တယ် ချယ် ဒီနေ့ ဘာသတင်းများ ထူးထူး... ခြားထက်မလဲလို့ facebook ဖွင့်ကြည့်တာ"

ချယ်ရီမောင်ပါ screen ပေါ်မှ တက်လာသော ပုံတွေ... သတင်းတွေကို လိုက်ဖတ်ရင်း

" Sea Game အားကစားပွဲအကြောင်းတွေပဲ တက်မှာ...





...ကိုရဲ့ ဟင် ဒီမှာ ဖွင့်ကြည့်ပါဦး၊ ကို့ကို စာပို့ထားပုံရတယ်"

massage file ကို ဖွင့်ကြည့်နိုင်းနေသဖြင့် မင်းပျို့ဖွင့်လိုက်သည်။

"လင်းချစ်သူတဲ့ ကို့ကို invite လုပ်ထားတာ၊ လက်ခံလိုက်ပါဦး"

"ဟာ နေပါဦး ချယ်၊ အလုပ်ရှုပ်တယ်၊ မိတ်ပြန်မဖွဲ့ချင်ပါဘူး"

မင်းပျို့သည် facebook သုံးပေမယ့် သူငယ်ချင်းအများကြီးမရှာ။

"သြော် ကိုကလည်း သူငယ်ချင်းများတော့ ကို့အတွက် ပိုပြီးအမြင်ကျယ်တာပေါ့၊ ချယ့်မှာဆိုရင် သူငယ်ချင်းတွေ နှစ်ရာကျော်လောက်တောင်ရှိတာ"

ပြောပြောဆိုဆို ချယ်ရီမောင့်လက်ချောင်းလေးတွေသည် ကီးဘုတ်ပေါ်မှ ခလုတ်လေးတွေဆီ သွက်လက်စွာ ရောက်သွားပြီး

Hello! ဟူသော စာတန်းလေးကို ခပ်သွက်သွက်ရိုက်၍ ပို့လိုက်သည်။

သိပ်မကြာလိုက် လင်းချစ်သူထံမှ Hi ဟူသော စာတန်းလေးပြန်ပို့သည်။ မင်းပျို့ စိတ်မဝင်စား၍ ကွန်ပျူတာ screen ပေါ်မှအကြည့်လွှဲကာ စားပွဲပေါ်မှ လုပ်ငန်းဖိုင်တွေကိုလှမ်းယူကာ တစ်ရွက်ချင်းလှန်ကြည့်ပြီး မနက်ဖြန်အတွက် လုပ်ငန်းစဉ်တွေကို အစီအစဉ်ဆွဲလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းပျို့စိတ်မဝင်စားတော့၍ ချယ်ရီလည်း facebook ဆက်မသုံးတော့ဘဲ ဝေါလ်ထဲမှပြန်ထွက်ကာ အင်တာနက် ပိတ်လိုက်သည်။

"ကို ချယ် ကိုနဲ့တိုင်ပင်စရာရှိတယ်"

မင်းပျို့ ပခုံးပေါ်မေးတင်ပြီး ခပ်တိုးတိုးပြောသော ချယ့်ကို ငဲ့စောင်းကြည့်လိုက်ပြီး

"ဘာတိုင်ပင်မှာလဲ ချယ်ရဲ့၊ ထူးထူးဆန်းဆန်း ဘာလဲ ချယ့်ကျန်းမာရေးအတွက် လေ့ကျင့်ခန်းလုပ်ဖို့ ကိရိယာတွေဝယ်မလို့လား"

"အို မဟုတ်ပါဘူး ကိုရယ်၊ အဲဒါထက် အဆပေါင်းများစွာ အရေးကြီးတဲ့စကားတိုင်ပင်ချင်တယ်"

စိတ်ဝင်စားစရာကောင်းသောစကားမို့ လက်ထဲမှဖိုင်ကို စားပွဲပေါ်တင်ကာ ချယ်ရီမောင် ပြောလာမည့်စကားကို စောင့်နားထောင်လိုက်သည်။

"ဟိုလေ ချယ်တို့ ကလေးယူကြရအောင် ကိုရယ်"

မဖြစ်နိုင်သော စကားမို့ မင်းပျို့၏ထူထဲနက်မှောင်သော မျက်ခုံးနှစ်ဖက် စုကျုံ့သွားသည်။

"ဟာ ချယ်ရယ် မဖြစ်နိုင်တာကိုကွာ အိုဂျီပြောတော့ ချယ် ကလေးယူလို့မရဘူးဆို ဇွတ်မလုပ်ပါနဲ့ ချယ်ရယ်၊ ကိုယ့်ဘေးမှာ ချယ့်ကို တစ်သက်လုံးရှိစေချင်နေတာကို ကိုယ့်နားမှာမနေဘဲ လောကကြီးထဲက ထွက်သွားမလို့ပေါ့ ဟုတ်လား"

ရင်သွေးလေး လိုချင်ပေမယ့် လောကကြီးနှင့်အပေးအယူ လုပ်





ားသလို တစ်စုံတစ်ခုကို လိုချင်လျှင် တစ်စုံတစ်ခုကို ဆုံးရှုံးရမည်ဆိုသည့်အတိုင်း အဖြစ်မခံနိုင်။

မမြင်ရသေးသော ရင်သွေးကို မလိုချင်လို့မဟုတ်။ မင်းပျို့မှာ ဖခင်စိတ်ဓာတ် အပြည့်ရှိပါသည်။ ကလေးလိုချင်သောဆန္ဒသည် မင်းပျို့ ဘဝမှာ အကြီးမားဆုံးဆန္ဒတစ်ခု။

သို့သော် အခြေအနေနှင့်အချိန်အခါအရ ရင်ထဲက အိပ်မက်တစ်ခုကို အကောင်အထည် ဖော်ခွင့်မရတာတော့ ဘာတတ်နိုင်မှာလဲ။

"ခုဟာက ချယ် ကိုယ်ဝန်လွယ်မှာမဟုတ်ဘူး ကိုရဲ့"

"ဟင် အငှားလွယ်မလို့လား"

သဘောပေါက်စွာဖြင့် တအံ့တဩ မေးသည်ကို အပြုံးဖန့်ဖန့်လေးဖြင့် ခေါင်းညိတ်ပြကာ

"ဟုတ်တယ် ကို"

"ဟာ ဖြစ်နိုင်ပါ့မလား ချယ်ရယ်၊ ဒါ နိုင်ငံခြားမဟုတ်ဘူးနော် မြန်မာပြည်"

"ကျွတ် ကိုကလေ ပညာတတ် လုပ်ငန်းရှင်တစ်ယောက်လုပ်နေပြီး အမြင်ကျဉ်းမြောင်းလိုက်တာ"

ကိုယ်ကပင်ပြန်၍ အပြစ်တင်ခံနေရသဖြင့် မင်းပျို့ ဘာမှ ဆက်မပြောတော့ဘဲ ငြိမ်သွားကာ ဖြစ်နိုင်မဖြစ်နိုင်ကို သေချာတွေးတောလိုက်သည်။

"အခု ချယ်ကို အငှားကိုယ်ဝန်ဆောင်ဖို့ ဘယ်သူ့အကြံပေး



www.burmeseclassic.com

www.burmeseclassic.com



တာလဲ သိလား"

"ဘယ်သူလဲ"

"နှလုံးအထူးကု ဒေါ်သဇင်ချို ပြောတာ"

"ဟင် ဟုတ်လား"

"သူ့ပေးရှင်းထဲမှာ နှလုံးရောဂါဖြစ်လို့ ကလေးမမွေးနိုင်တဲ့ အမျိုးသမီးတွေကို ဒီနည်းလမ်းအတိုင်း အကြံပေးလိုက်တာ အားလုံး အောင်မြင်တယ်တဲ့"

ချယ်ရီမောင် စိတ်အားထက်သန်ပြီး တက်ကြွနေသလောက် မင်းပျို့စိတ်ထဲမှာတော့ ဒါဟာ ဖြစ်နိုင်ပါ့မလားဆိုသည့်အတွေးကြီးဝ ကာ ယုံကြည်မှုတော့ သိပ်မရှိလှ။

"အဲဒါလေ ချယ်နဲ့ကိုလည်း အဲဒီလို စမ်းကြည့်ကြမလားလို့"

"ချယ်ရယ် အဲဒီလိုလုပ်ကြည့်လို့ အငှားကိုယ်ဝန်သည်မိန်းမ ကိုယ်တို့ကလေး ရုပ်တူသွားရင် ဘယ်လိုလုပ်မလဲ"

စိုးရိမ်စရာမရှိ ကြံဖန်စိုးရိမ်ပြနေသော မင်းပျို့ကိုကြည့်ပြီး ချယ် ရီ ရယ်လိုက်သည်။

"အဟင်း ဟင်း ကိုကလည်းလေ အဓိပ္ပာယ်မရှိတာ ယောဘုယျကျကျ စဉ်းစားစမ်းပါလို့၊ တကယ်ဆို ကိုနဲ့ချယ်ရဲ့မျိုးဥ သူ့ သားအိမ်ထဲထည့်ရုံလေးပဲ၊ သူ့မျိုးဥနဲ့ကိုမျိုးဥနဲ့ပေါင်းမှာမှမဟုတ်တာ ဘယ်လိုလုပ် ဒီကလေးက အငှားကိုယ်ဝန်သည်နဲ့ရုပ်သွားတူနိုင်မှာလဲ အဟင်း ဟင်း တကယ်ရယ်ရတဲ့ ကိုရယ်"





ခပ်လှောင်လှောင်လေးရယ်ကာ ပြောသဖြင့် မင်းပျို့ မသိနားမလည်သော ဟန်အတိုင်း

"ကိုယ်မှမသိတာ ချယ်ရယ် ပါရဂူကတောင် ဒီလိုအကြံပေးတယ်ဆိုရင် ဒါဖြစ်နိုင်ခြေများလို့ပေါ့၊ အင်း ချယ့်သဘောလေ၊ ကိုယ်ကတော့ စိတ်ပူတာလေးတစ်ခုကလွဲပြီး ကလေးရမယ့်ကိစ္စမို့ စိတ်မဝင်စားဘဲနေမလား"

"အိုကေ ဒါဆို ဒေါ်သဇင်ချို အပ်ပေးတဲ့ အိုဂီ ဒေါ်စန္ဒာဝင်းကို သွားတွေ့ကြမယ်နော် ကို၊ သူနဲ့တွေ့မှ အငှားကိုယ်ဝန်အတွက် သူ ညွှန်ကြားတဲ့အတိုင်း အသေးစိတ်စီစဉ်ရမှာ၊ အဲဒီ အိုဂျီက မျိုးဥပြောင်း အငှားကိုယ်ဝန်ဆောင်တဲ့အလုပ်ကို လုပ်နေတာ လူပေါင်းမနည်းဘူးတဲ့၊ အားလုံးအောင်မြင်သွားကြတာချည်းပဲဆိုတော့လေ"

"အင်းပါ ချယ် ဒီလောက် စိတ်အားထက်သန်နေမှတော့ ကိုယ် က ဘာကိုကန့်ကွက်စရာလိုလဲ၊ အရာအားလုံးက ချယ့်သဘော ချယ် စိတ်ချမ်းသာမယ်ဆိုရင် ကိုယ့်အသက်ကိုတောင် ချယ့်အတွက် နုတ်ယူပေးဖို့ ဝန်မလေးဘူး"

"ချယ်သိပါတယ် ကိုရယ်"

ချစ်ဇနီး၏ပခုံးသားအိအိကို ခပ်ဖွဖွဆုပ်ကိုင်ပြီး အကြည့်ချင်းဆုံကာ ရင်ထဲကအချစ်စစ်ကို ကြုံကြိုက်တုန်း ကြော်ငြာဝင်လိုက်သေးသည်။

မျက်ဝန်းလက်လက်လေးပင့်ကာ ကျေးဇူးတင်သောအကြည့်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် မော့ကြည့်လာသော နီစွေးစွေးပါးပြင်ကို ညင်သာစွာ နမ်းရှိုက်လိုက်သည်။

ဒါဟာ ဘယ်တော့မှ မရိုးနိုင်တဲ့အနမ်းတွေပေါ့ . . .။

■ ■ ■

## အခန်း (၂၅)

BURMESE CLASSIC

"ညီမလေး ဒီရေမွှေးအနံ့က ဒီတစ်မျိုးထဲရှိတာလား"

အရောင်းဝန်ထမ်းမလေးကို လှမ်းမေးလိုက်ရင်း ရေမွှေးရနံ့ကို ...ပ်ပြီး ရှူရှိုက်လိုက်သည်။ စူးရှက ရေမွှေးဆိုလျှင် ရနံ့ဖျော့မှ ရနံ့ပြင်း ...င်းရေမွှေးရနံ့ဆိုလျှင် ခေါင်းကိုက်၍ ဘယ်တော့မှဆွတ်လေ့ဆွတ်ထမရှိ။

"ဟုတ်ကဲ့ မမ၊ ဒီ brand က ရနံ့တစ်မျိုးထဲလာတာလေ၊ ...ွေးပါတယ် မမရဲ့၊ အီတလီထုတ်ထဲမှာ ဒီကောင်လည်း Top တန်းဝင် ...ဲမှာပါတယ်၊ နည်းနည်းလေးဖွတ်ရုံနဲ့ ရနံ့က နောက်နေ့တွေအထိ စွဲထင် ...န်း"

အရောင်းဝန်ထမ်းမလေးက ရေမွှေးအမျိုးအစားကောင်း ...ကြောင်း ညွှန်းနေပေမယ့် စူးရှ သိပ်စိတ်မဝင်စား။ ခုချိန်မှာ စူးရှ ကြ ...ည့်နေတာက ဒီမှာပြဿနာတစ်ခုလောက် ဖန်တီးလိုက်လျှင် အနည်းငယ်



www.burmeseclassic.com

www.burmeseclassic.com



တော့ ဒီကုန်တိုက်ပိုင်ရှင် ကိုလူချောနှင့်တွေ့နိုင်သည်။

အရောင်းစာရေးမလေး ရေမွှေးပုလင်းကို ကောင်တာပေါ်တင်ပြီး တခြားအမျိုးအစားတွေကို ထုတ်ပြရန် မှန်ကောင်တာကို ဆွဲဖွင့်လိုက်သည်။

ထိုအခြေအနေကို အခွင့်အရေးယူကာ စူးရှ မသိမသာ လက်နှင့်တိုက်ချပစ်လိုက်သည်။

"ခလွမ်"

"ဟယ် ကျပြီ"

"အို ဘုရားရေ ဒုက္ခပါပဲ"

စူးရှ နောက်ကို ခြေတစ်လှမ်းဆုတ်လိုက်ပြီး ကြမ်းပြင်တွင် အမွှေးရည်တွေနှင့် ဖန်ပုလင်းကွဲစတို့ ပွစာကြဲသွားသည်။

"အစ်မ အစ်မလုပ်တာ ကွဲသွားပြီ"

"အို တို့လုပ်တာမှ မဟုတ်တာ"

သူမလုပ်သလိုငြင်းသည်မို့ အရောင်းစာရေးမလေး မျက်စိမျက်နှာပျက်သွားကာ

"အစ်မ အစ်မ လုပ်လို့ ရေမွှေးပုလင်းကျကွဲသွားတာလေ အစ်မ မလုပ်ရင် ကျကွဲစရာအကြောင်းမှမရှိတာ၊ ဒုက္ခပါပဲ အစ်မရယ် ညီမကို တိုင်ပတ်အောင်မလုပ်ပါနဲ့ တောင်းပန်ပါတယ်"

အရောင်းစာရေးမလေး ကြောက်ရွံ့တုန်လှုပ်စွာ တောင်းပန်သည်။



"ကျွတ် ခက်တော့တာပဲ၊ တို့မလုပ်ပါဘူးလို့ ဘယ်လိုပြောရမလဲ၊ တကယ်ကို မလုပ်တာ၊ မင်းသေချာမတင်လို့ ပုလင်းက သူ့ဟာသူလိမ့်ထွက်ပြီး ပြုတ်ကျတာလေ၊ ကဲပါ မင်းနဲ့မငြင်းချင်ဘူး၊ တို့မလုပ်ဘူးဆိုတာ မင်းသိလည်းအပိုပဲ၊ တို့ကို ဒီစင်တာကြီးကိုပိုင်တဲ့ သူဌေးနဲ့တွေ့လိုက်၊ တို့ သူနဲ့ရှင်းမယ်"

အကြံကြီးသော စူးရှ စကားကြောင့် အရောင်းဝန်ထမ်းမလေး၏ မျက်လုံးပြူးသွားကာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

"အို မဟုတ်တာ အစ်မရယ်၊ ရေမွှေးပုလင်းလေး မလျော်နိုင်တာနဲ့ ကျွန်မတို့ဘောစိနဲ့တွေ့စရာလား၊ တွေ့ချင်ရင် မန်နေဂျာရှိတယ် ခေါ်ပေးမယ်"

ကောင်မလေး၏မျက်လုံးရိပ်တွေမှာ သံသယရိပ်တွေထင်ကာ လေသံဖြင့် တင်းမာသွားသည်။

"ယုယု ဘာဖြစ်နေတာလဲ"

ကောင်တာ တာဝန်ခံ ကိုနောင်ထွန်း ရောက်လာသည်မို့ အရောင်းဝန်ထမ်းမလေး အားတက်သွားသည်။

"ကိုနောင်ထွန်း ဒီမှာလေ ဒီကအစ်မ ရေမွှေးပုလင်းဝယ်မလို့ပဲ ယုယုက တခြားရေမွှေးပုလင်းတွေယူပြဖို့ လုပ်တုန်း ပုလင်းကို တိုက်ချလိုက်လို့ ပြုတ်ကျကွဲသွားတယ်"

"အို တို့လုပ်တာမဟုတ်ဘူးလို့ ဘယ်နှခါပြောရမလဲ"

ခင်စူးရှ စိတ်မထိန်းနိုင်စွာဖြင့် ကြားဖြတ်၍ အော်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘေးနားပတ်ဝန်းကျင်မှ ဈေးဝယ်သူအချို့၏အကြည့်တွေအ
လုံး စုံးရှတို့ဆီ စုပြုံရောက်လာကြသည်။

စုံးရှ ရှက်ပေမယ့်လည်း ကိုယ်ဖန်တီးလိုက်တဲ့ ဇာတ်ကွက်
ပီပြင်အောင်ဆက်ကရတော့မည်မို့ လုံးဝအလျှော့မပေးသောပုံစံဖြင့် တင်
ခံထားလိုက်သည်။

ဘယ်လိုနည်းလမ်းကိုပဲသုံးရ သုံးရ အဓိကက ကိုလူချော
ထိပ်တိုက်တွေ့ရဖို့ပဲ မဟုတ်လား။

အရောင်းဝန်ထမ်းမလေးမှာလည်း သူ့ကောင်တာမှ မထင်မှ
ဘဲ ပြဿနာဖြစ်သွား၍ မျက်နှာမှာ ဆီးရွက်လောက်သာရှိတော့သည်

"ရေမွှေးပုလင်းရဲ့တန်ဖိုးက ဘယ်လောက်လဲ ယုယ"

"သုံးသောင်းရှစ်ထောင်ပါ ကိုနောင်ထွန်း"

"ကဲပါ ညီမရယ် ပြဿနာကို ဒီမှာပဲ အေးအေးဆေးဆေး
ပြီးသွားအောင် ကိုယ်လုပ်တဲ့အမှားတစ်ခုကို တာဝန်ယူပေးလိုက်ပါ"

"လာပြန်ပြီ ရှင်တို့က ရှင်တို့ဝန်ထမ်းဘက်က ကာကွယ်ပေ
ချင်တာနဲ့ ကျွန်မ မလုပ်တဲ့ကိစ္စကို ဘာလို့တာဝန်ယူပေးရမှာလဲ ကဲ
ဒီမှာ ရှင်က ဘာရာထူးလဲမသိပေမယ့် ရှင်နဲ့လည်း ပြီးမှာမဟုတ်ဘူး
ဒါကြောင့် ရှင်တို့သူဌေးနဲ့ပဲ ပေးတွေ့လိုက်ပါ"

"ကောင်းပြီလေ ဒါဆိုရင် ကျွန်တော် မန်နေဂျာဆီကို အ
ကြောင်းကြားပေးပါ့မယ်"

"မန်နေဂျာမရှိဘူး ကိုနောင်ထွန်း"





စားသောက်ကုန်ကောင်တာမှ အရောင်းဝန်ထမ်းမလေး လှမ်း
ပြောသည်။

စုံးရှ ပို၍သဘောကျသွားသည်။ မန်နေဂျာမရှိတော့ သူဌေးနဲ့
တွေ့ကြတာပေါ့ဟု စိတ်ထဲက ကျေကျေနပ်နပ်ကြီး ကြုံးဝါးလိုက်သည်။

"ကောင်းပြီလေ ကျွန်တော်တို့ဝန်ထမ်းက အမှားမလုပ်ထားမှ
တော့ သူဌေးနဲ့ပေးတွေ့ရတော့မှာပေါ့၊ သူဌေးအခန်းထဲမှာ CCTV ရှိတယ်
တော့ ပိုပြီးအဆင်ပြေသွားတာပေါ့"

CCTV ဆို၍ ခင်စုံးရှ မျက်နှာမှာအပြစ်ရှိသူတစ်ယောက်လို
တို့ရှုန့်တန့် ဖြစ်သွားသည်။ သို့သော် သိပ်ပြီး မှုပျက်နေလျှင် ကိုလူ
နှင့်တွေ့ရမည့်အခွင့်အရေး လက်လွှတ်သွားမည်ဆို၍ မမှုသလို အမူ
ရာနှင့် ဟန်ကိုယ့်လိုက်ကာ

"ကောင်းတာပေါ့ အဟင်း ရှင်တို့သူဌေးအခန်းမှာ CCTV
တော့ ကျွန်မလုပ်တာ တကယ်ဟုတ်မဟုတ် ပိုပြီးသေချာသွားတာပေါ့"

စုံးရှ၏ မခိုးမခန့်အမူအရာကို အရောင်းဝန်ထမ်းမလေးတွေ
တော်လေးကြည့်မရကြပုံဖြင့် မျက်စောင်းတွေ တခဲခဲဖြစ်နေကြသည်။

"ဟွန်း ငါတို့သူဌေးကို အံစိကလီလုပ်ချင်လို့ တမင်အကွက်
လိုက်တာလားမသိဘူး၊ ရုပ်ကိုက လင်တရှူးရုပ်နဲ့"

"အေးလေ ပြဿနာကို ဒီမှာမရှင်းဘဲနဲ့ သူဌေးနဲ့တွေ့မယ်
ကဲကဲလုပ်နေကတည်းက မရိုးသားတာ အသိသာကြီး"

"ထားလိုက်စမ်းပါဟာ CCTV ထဲမှာ အဖြေကရှိပြီးသားပဲ



www.burmeseclassic.com

www.burmeseclassic.com



သူဌေးနဲ့တွေ့မှ အရက်ဖြန်းဖြန်းကွဲလိမ့်မယ်၊ ဟွန်း ပုံစံကိုက ရုပ်ဖြို စားနေတဲ့ခပ်ပေါပေါ မိန်းမမျိုး''

မကြားတကြားဖြင့် ပြောနေကြသော အရောင်းစာရေးမများ ဝေဖန်မှုတွေက ခင်စုးရှု၏ကျေနပ်သဘောတွေ ရစရာမရှိအောင် ဖရို ဖြစ်နေသည်။

သို့သော် အကြီးကြီးမှန်းထားသည့် ကြီးစားမှုတွေက ဒီလော လေး ဝေဖန်ခံရရုံနဲ့ တုန်လှုပ်လို့မဖြစ်။ ကျရှုံးခံ၍မဖြစ်။

''ဒီဘက်ကိုကြွပါ''

ကိုနောင်ထွန်း ခေါ်ဆောင်ရာသို့ ခပ်တည်တည်ဖြင့်လိုက်သွာ လိုက်သည်။

အနောက်ဘက်မှ ဝေဖန်သံတွေကိုတော့ မထီမဲ့မြင်ကျောခို ခဲ့လေပြီမို့ သူဌေးနှင့်တွေ့ရမည့်အရေး ရင်တွေတဒိန်းဒိန်းခုန်၍နေသည်

ရှင့်ရဲ့ရိုးသားတည်ကြည်တဲ့မျက်နှာကို စုးရှု အရမ်းတွေ့ချင် မြင်ချင်နေပြီ။

ရှင်ကရော စုးရှုကို မှတ်မိပါ့မလား။

■ ■ ■



အခန်း (၂၆)

''ဘာကိစ္စလဲ နောင်ထွန်း''

''ကော့စ် တစ်ခုဝင်လာလို့ပါ ဘော့စ်''

လည်သာခုံပေါ်တွင် ခန့်ညားစွာ ထိုင်နေသော မင်းပျို၏ ကြည့်တွေက နောင်ထွန်းနောက်မှ လိုက်ဝင်လာသော စုးရှုဆီကို ကျသွားသည်။

ရုတ်တရက်မို့ စုးရှုကို မှတ်မိဟန်မပြ။

''ဘာကော့စ်လဲ''

''ဟောဒီကာစတန်မာနဲ့ပါ၊ ယုယုရဲ့ကောင်တာမှာ ဒီကကာ တန်မာကြောင့် ရေမွှေးပုလင်း ကျကွဲသွားလို့ပါ''

www.burmeseclassic.com



"ဒါများကွာ ငါ့ဆီကိုရောက်လာစရာလား"

"ဒီက အင်မက ဘောစ်နဲ့တွေ့မယ်ကြီးပဲပြောနေလို့ မန်နေဂျာကလည်းမရှိဘူး၊ ဒါကြောင့် ဘောစ်ဆီကိုရောက်လာတာ လိုအပ်ရင် ဘောစ်ရုံးခန်းထဲက CCTV နဲ့လည်း ဖြေရှင်းလို့ရအော လို့ပါ"

"ဪ"

"ဟင် ရှင် ရှင်ကိုး၊ ရူးရှကို မမှတ်မိဘူးထင်တယ်၊ အဟ ရူးရှတို့တစ်ခါဆုံဖူးတယ်လေ"

ရုတ်တရက်တွေ့လိုက်ရ၍ အံ့သြသွားသောဟန်ဖြင့် စတင် ဆက်ကာ အစဖော်ပေးလိုက်၍ မင်းပျို့မှ ရူးရှကို ဖဝေဖဝါအကြည့် ကြည့်ပြီး ခပ်ယောင်ယောင်လေးပြုံးလိုက်သည်။ ပြီးမှ မှတ်မိသွားဟန်

"ဪ လီမွှော်သီး လီမွှော်သီး မှတ်မိပြီ"

ခုမှပင် ရူးရှ ရင်ထဲက အလုံးကြီး ပြုန်းခနဲ လိမ့်ဆင်းသွားသ မို့ စိတ်ပေါ့ပေါ့ပါးပါးဖြင့် ထိုင်ခုံမှာဝင်ထိုင်လိုက်သည်။

"ကဲပါ ဒီရောက်မှ ရှင်က ဒီစင်တာကြီးရဲ့ဘောစ်မှန်းသိတေ တယ် ဪ ဒီက အစ်ကို စောစောက တင်းမာခဲ့တာတွေ ခုတင်းမာ ရတဲ့အခြေအနေမဟုတ်တော့ဘူး"

"ဗျာ"

နောင်ထွန်း နားမလည်ဟန်ဖြင့် ဗျာလိုက်သည်။ နောင်ထွ ၏အူကြောင်ကြောင်ပုံစံကြောင့် ခင်ရူးရှ မပွင့်တပွင့်ရယ်လိုက်သည်





"အဟင်း ဒီရေမွှေးပုလင်းက ကျွန်မလုပ်လို့ ကွဲတာမဟုတ် သမယ့် ခုတော့ မငြင်းတော့ပါဘူး၊ ကျွန်မလုပ်တယ်လို့ပဲ သဘောထား း တန်ဖိုးအတိုင်း လျော်လိုက်ပါတော့မယ်"

"ဟာ မ မဟုတ် CCTV "

"အို ရှင်ကလည်း ရှင်တို့ဘောစ်က ကျွန်မမိတ်ဆွေလေ ဒီ ဘောက်ပိုက်ဆံလေးကို တွက်ကပ်နေလို့ ဖြစ်ပါတော့မလား၊ ဘယ်သူ့ ကြောင့်ပဲကွဲကွဲ ကျွန်မပဲလျော်ပေးပါတော့မယ်"

လေပြည်လေးနှင့်ပြောကာ လည်သာစလင်းဘက်ခ်အိတ်ထဲက တစ်သောင်းတန်လေးရွက် ထုတ်ယူကာ နောင်ထွန်းထံသို့ လှမ်းပေး လိုက်သည်။

"ရှော့ ကောင်တာမှာသွားရှင်းပြီး ဖြတ်ပိုင်းပြန်လာပေးပါ၊ ဪ ပေးရင်လည်းမပေးနဲ့၊ ကျွန်မဖာသာပဲ လာယူလိုက်ပါမယ်"

"ဗျာ ဟုတ် ဟုတ်ကဲ့ပါ"

ကမ်းပေးသော တစ်သောင်းတန်လေးရွက်ကို အူတိအူကြောင် ဖြင့် လှမ်းယူကာ ရုံးခန်းထဲမှ ကုတ်ကုတ်ထွက်သွား၏။ ဘောစ်နှင့် ရှိနေသည်ဆိုသည့်အသိကြောင့် နောင်ထွန်းပုံစံ ချက်ချင်းရိုကျိုးသွား သည်။

ရုံးခန်းထဲတွင် မင်းပျို့နှင့်ရူးရှ နှစ်ယောက်ထဲ ကျန်ခဲ့၏။

ရူးရှ ဘာစကားက စပြောရမှန်းမသိအောင် စိတ်တွေလှုပ်ရှား စဥ်မှာပင်



www.burmeseclassic.com

www.burmeseclassic.com



"ရတ်တရက် မမှတ်မိလိုက်တာ ဆောရီးနော်"

"ရပါတယ် စူးရှကလည်း ရှင့်ကို ဒီစင်တာကြီးရဲ့ပိုင်ရှင်အဖြ... မြင်ရလိမ့်မယ်လို့ လုံးဝထင်မထားဘူး"

"အင်းပေါ့လေ ကျွန်တော့်လို လူဖလံလေးက သူဌေးရုပ်... မပေါက်တာ"

"အို အဲလိုမဟုတ်ပါဘူး။ ရှင့်ရုပ်ရည်က သူဌေးရုပ်ထက် ... လုပ်ငန်းရှင်ရုပ်ထက် သူဌေးသားလူငယ်လေးလိုပုံပေါက်နေတာဆိုတော... လေ အဟင်း များသောအားဖြင့် လုပ်ငန်းရှင်ဆိုတဲ့လူကြီးတွေမှန်သမျှ... အသားဖြူဖြူ ဗိုက်ရွှဲရွှဲ နဖူးပြောင်ပြောင်နဲ့ လည်သာလက်မွေ့အိတ်ကြ... ချိုင်းကြားညှပ်ပြီး ဂိုက်ပေးကြမ်းကြတဲ့ပုံစံမျိုးတွေက များတယ်လေ"

စူးရှ စကားကြောင့် မင်းပျို့ အနေခက်စွာဖြင့် ခပ်တိုးတိ... ရယ်သည်။

"ဒါကလည်း ကျွန်တော့်မာမီကောင်းလို့ ခုလို ငယ်ငယ်ရွ... ရွယ်နဲ့ လုပ်ငန်းရှင်သူဌေးဘဝနဲ့ နေနေရတာပါ"

"ဒါပေါ့လေ မိဘတိုင်းကတော့ သားသမီးတွေကို လောကကြ... ထဲက အကောင်းဆုံးတွေကိုပဲ ပိုင်ဆိုင်စေချင်ကြတာပဲ"

"ဒါနဲ့ အဲဒီနေ့က ကျွန်တော်ပြန်လျှော်ပေးတဲ့ လိမ္မော်သီးတွေ... စားလို့ရော ကုန်ရဲ့လား"

"အင်း ဘယ်ကုန်ပါ့မလဲ စူးရှတို့က သူငယ်ချင်းနှစ်ယော... ထဲနေတာလေ၊ ဖြစ်ချင်တော့ အဲဒီနေ့က ဘိုးဘွားရိပ်သာမှာ စူးရှမွေး... ...တွက် ငွေပဒေသာပင် သွားလှူမယ့်နေ့ဖြစ်နေတော့ ရှင်လည်း ကုသိုလ် ...သွားအောင် လိမ္မော်သီးတွေရော ပန်းသီးတွေရော အဲဒီက အဘိုး ...ဘွားတွေကို လှူခဲ့လိုက်တယ်၊ ရှင် ပီတိဖြစ်အောင် အသိပေးချင်ပေ ...ယ့် ရှင်ဘယ်မှာနေတယ် ဖုန်းနံပါတ် ဘယ်လောက်လဲဆိုတာမသိတော့ ...ဆက်သွယ်လို့မရခဲ့တာ"

ရင်းနှီးမှုရအောင် စိတ်ထဲရှိသမျှအကြောင်းအရာကို ဟုတ်သည် ...ဟုတ်သည်အပထား မင်းပျို့ စိတ်ဝင်စားအောင် တမင်ပင် ဖတ်အိမ် ...၍ လျှောက်ပြောနေသည့် ကိုယ့်အဖြစ်ကို စိတ်ထဲမှရယ်ချင်နေမိသည်။

မင်းပျို့ကတော့ စူးရှ တကယ်ပြောနေသည့်အထင်နှင့် စိတ်ဝင် ...စား နားထောင်ပေးပြီး ပီတိတွေဖြာနေသည်။

ဘာပဲဖြစ်ဖြစ် ယုံအောင် ပြောတတ်သောအကျင့်က စူးရှ၏ ...ရာပါ ဗီဇတစ်ခုပင်ပြော၍ရသည်။

မင်းပျို့အတွေးထဲကို စူးရှ တဒင်္ဂ ဝင်ခွင့်ရသွားလည်း၊ ကျေနပ် ...သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

''အို သမီးချယ်ရဲ့အိမ်က ကြီးကျယ်ခမ်းနားလိုက်တာကွ ရင်ထဲမှာ ချမ်းမြေ့လိုက်တာ''

အိမ်ကြီး၏ဧည့်ခန်းထဲမှ ခေတ်မီတင့်တယ်သော အသုံး ဆောင်ပရိဘောဂတွေကိုကြည့်ပြီး အန်တီချို့နှုတ်မှ တအံ့တဩ ရေရွ လိုက်သည်။

''ဒါ ချယ့်ယောက္ခအိမ်ပါ ချယ်တို့အိမ်မဟုတ်ပါဘူး အန်တီ ရယ်''

ကိုယ့်ကိုယ်ကိုယ် အမြဲတမ်းနှိမ့်ချပြောဆိုတတ်သော ချယ် မောင်၏ငြိမ်းချမ်းအေးဆေးသော မျက်နှာလေးကိုကြည့်ပြီး အန်တီချို အတွေးတို့သည် အတိတ်ကိုပြန်၍ရောက်သွားသည်။





''သမီး ချယ်ကလေ ဟိုတုန်းကအတိုင်းပဲ၊ မာန်မာနတွေ ကင်းတုန်းပဲနော်၊ အန်တီချိုကိုယ်တိုင်ဝန်းကျင်မှာဆိုရင်လေ နည်းနည်းလေး လူတန်းစေ့နေနိုင်ကြပြီဆိုရင် မာနတွေက မိုးထိုးကုန်ကြရော၊ တော်ရုံ တန်ရုံချို့တဲ့နွမ်းပါးသူတွေဆိုရင်လေ အဖတ်လုပ်ပြီး မဆက်ဆံချင်ကြ ဘူး။ နည်းနည်းရှိတာလောက်လေးကို လူမြင်အောင်ထုတ်ပြပြီး လူတွေ ရဲ့အထင်ကြီးတာခံချင်ကြတဲ့ လူစားမျိုးတွေတစ်ပုံကြီး''

မဲ့ကာရွဲ့ကာနှင့်ဖောင်ဖွဲ့အောင် စကားတွေဆိုနေသော အန်တီချို စကားကြောင့် ချယ်ရီမောင် စိတ်ဝင်စားသွားကာ

''လူအမျိုးမျိုး စိတ်အထွေထွေပေါ့ အန်တီချိုရယ်၊ ချယ်ကတော့ လေ ငွေကြေးအပြည့်အစုံနဲ့ ဘာမှလိုလေသေးမရှိတဲ့ဘဝမျိုးထက် စိတ် ချမ်းချမ်းသာသာနဲ့ နေရတဲ့ဘဝမျိုးကို ပိုပြီးတောင့်တတယ် သိလား''

''အလိုတော် အခုရော သမီးရဲ့ဘဝက စိတ်ချမ်းချမ်းသာသာ နဲ့ မနေရဘူးလားလို့ ကြည့်စမ်း ဘယ်လောက်ငြိမ်းအေးတဲ့ဘဝလေးလဲ လို့ ဒါဟာ အိမ်ထောင်ရေးကံကောင်းခြင်းတစ်မျိုးပဲ မဟုတ်လား။ အန်တီ ချို့သမီးတွေသာ သမီးချယ်လိုဘဝမျိုး တင့်တင့်တယ်တယ်လေး နေရ တာကို မြင်ခွင့်ရမယ်ဆိုရင်လေ ခုနေ ဘုန်းခနဲ လဲသေဆိုရင်တောင် သေလိုက်မှာပါ''

အားမလိုအားမရ ပြောနေသော အန်တီချို၏ဘဝ ဘယ် လောက်ခက်ခဲကြမ်းတမ်းခဲ့သလဲဆိုတာ ချယ်ကိုယ်တိုင် သိခဲ့၍ ရင်ထဲမှာ စိတ်မကောင်းဖြစ်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို ချယ်ကို မာမီက မွေးခဲ့ပေမယ့် ချယ်ကြီးပြင်းခဲ့ရတာက အန်တီချို့လက်ထဲမှာပါ။ အန်တီချို့ယောက်ျား နယ်ကိုအလုပ်တာဝန်နှင့်ပြောင်းသွား၍သာ ချယ်တို့မိသားစုနှင့် အန်တီချို ဝေးခဲ့ရခြင်းဖြစ်သည်။

ယခု မထင်မှတ်ပဲပြန်တွေ့ကြတော့လည်း အန်တီချို၏စိတ်နေစိတ်ထား ရိုးသားမှုနှင့်စကားကို ဘွင်းဘွင်းရှင်းရှင်း ပြောတတ်သောအကျင့်စရိုက်က မပျောက်သွားသေး။

ချယ့်ကို သမီးအရင်းနှင့်မခြား ချစ်ခဲ့သော အန်တီချို့ကို ကြည့်ပြီး ချယ်ရီမောင် နှစ်လိုစွာ ပြုံးရယ်လိုက်ပြီး

"မပြောကောင်းမဆိုကောင်းတွေ အန်တီချိုရယ် အဟင်း။ အန်တီချိုက ချယ်တို့အိမ်ထောင်ရေးကို ပြီးပြည့်စုံတဲ့အိမ်ထောင်ရေးလို့ ထင်နေတာကိုး"

"နို့ မဟုတ်ဘူးလား။ လောကမှာ ရွှေ ငွေတိုက်တာ၊ ဂုဏ်ပကာသန လုပမှု ဉာဏ်ပညာပြည့်စုံမှု အသိတရား နိုင်မာရင့်ကျက်မှု၊ အခြေနိုင်တဲ့စီးပွားရေးပိုင်ဆိုင်မှု၊ ဒါတွေအားလုံးရှိနေမှတော့ ဘာလိုလဲ အဲလိုဘဝမျိုးထဲမှာမှ သစ္စာတရားနဲ့ချစ်ခြင်းမေတ္တာထည့်ပေါင်းလိုက်ရင် လောကမှာ ကံအကောင်းဆုံးလူပဲ"

အန်တီချို ရွတ်ပြသော အရာတွေအားလုံး ချယ်ရီမောင့်မှာ အကုန်ရှိနေသည်မှာ ငြင်းဖွယ်ရာမရှိ။ သို့သော် ချယ်ရီမောင် တကယ်မက်မောပိုင်ဆိုင်ချင်တာ ထိုအရာတွေတစ်ခုမှမဟုတ်။





"တကယ်တမ်း ချယ်လိုချင်တာ အဲဒီ စည်းစိမ်ဥစ္စာတွေ မဟုတ်ဘူး အန်တီချိုရဲ့"

"ဟင် ထူးဆန်းလိုက်တဲ့စကား ကဲ ပြောစမ်းပါဦး၊ လူသူတော်ကောင်းမလေးရယ် အန်တီချို ဗဟုသုတအဖြစ် ကြားချင်လို့ပါ"

ချယ်ရီမောင်၏မေးစေ့လုံးလုံးလေးကို ချစ်စနိုးဆွဲပြီး ခပ်သောသောရယ်ရင်း စိတ်ဝင်တစား ပြောလိုက်သည်။

"တကယ်တော့လေ ချယ် လိုချင်တာ အင်း ချယ်တစ်ယောက်ထဲမဟုတ်ဘူး၊ ချယ့်အမျိုးသားရော ချယ်ရော အရမ်းကိုရူးသွပ်နေတဲ့ အရာတစ်ခုရှိတယ်"

"ဘာများလဲ ချယ်ရယ်"

"ရင်သွေးလေးလေ"

"ဟင်"

အန်တီချို မျက်ခုံးနှစ်ဖက်မြင့်တက်ကာ ချယ့်ကို တအံ့တဩ ပြူးကြည့်သည်။

"ဟုတ်တယ် အန်တီချိုရဲ့၊ ချယ်ရော ကိုရော ကလေးသိပ်လိုချင်ကြတာ၊ ဒါပေမဲ့ ချယ်က ကလေးမမွေးနိုင်ဘူးလေ၊ လင်မယားနှစ်ယောက်ကြားမှာ လုံလောက်တဲ့မေတ္တာတရားတွေရှိပေမယ့် ဒီထက်ပိုခိုင်မာစေမယ့် သံယောဇဉ်ကြိုးလေးတစ်ချောင်းနဲ့ ချည်နှောင်ခွင့်မရတော့ ကံကြမ္မာကို သိပ်မယုံရဲဘူး၊ အန်တီ ချိုရယ်"

ပြောရင်းဖြင့် မျက်ရည်လေးဝဲတက်သွားသော ချယ်ရီမောင့်ကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး အန်တီချို ဘယ်လိုဖြေသိမ့်ရမှန်းပင် မသိအောင် စကားလုံး အစရှာမရ။

မိန်းမတိုင်း မိန်းမတိုင်း၏ရင်တွင်းတစ်နေရာမှာ မွေးရာပါဖြစ်တဲ့ မိခင်စိတ်ကလေးပါလာမှတော့ စိတ်သဘောနူးညံ့သိမ်မွေ့သူလေး ချယ်ရီမောင်၏ကလေးလိုချင်သောစိတ်ကို လောဘဟု မယိုးစွပ်ရက်။ သောကအပူမီးပါဟူသော ချွေးသိပ်စကားသုံးပြီး မနှစ်သိမ့်ရက်။

''အိုဂျီတွေနဲ့ သေချာပြပြီးလို့လား သမီးရယ်၊ ကံအကြောင်းတရားမတိုက်ဆိုင်သေးရင်လည်း ရင်သွေးရတနာဆိုတာ ကိုယ့်ဆီလာဖို့ အချိန်နောက်ကျတတ်တယ်၊ အရှင်းမရနိုင်ဘူးဆိုတာတော့ ဖြစ်နိုင်ချေ နည်းလောက်မှာပါ''

''ဟင့်အင်း အဲလို မရနိုင်တာမဟုတ်ဘူး အန်တီချိုရဲ့''

''ဟင် ဒါဆို ဘာကြောင့်လဲ''

''တကယ်တော့ ချယ်က နလုံးရောဂါသမားလေ၊ မွေးရာပါရောဂါဖြစ်နေတော့ ကလေးယူရင် ချယ့်အသက်နဲ့လဲရင် လဲရနိုင်တယ်၊ ချယ့်အလိုဆန္ဒဆိုရင်တော့ ကို့အတွက် ချစ်စရာကောင်းတဲ့ သားလေးဖြစ်ဖြစ် သမီးလေးဖြစ်ဖြစ် မွေးပေးခွင့်ရမယ်ဆိုရင်လေ ချယ် အသက်စွန့်ရလည်း ကျေနပ်တယ်''

''အို ဘုရား ဘုရား အချစ်ကြီးလိုက်တဲ့ သမီးရယ်၊ အန်တီချို စိတ်မကောင်းလိုက်တာ၊ ဒါပေမဲ့ ဒါဟာ ဘယ်လိုမှ သဘာဝမကျဘူးလေ သမီးရဲ့''





''ကိုကလည်း အဲလိုပဲ ပြောပါတယ်၊ ရင်သွေးလေးကို လိုချင်သေမယ့် ချယ့်ကိုတော့ အဆုံးရှုံးမခံနိုင်ဘူးတဲ့''

''ဒါပေါ့ သားရဲ့ဆုံးဖြတ်ချက်မှန်တယ် သမီး''

အန်တီချို အပြည့်အဝကြီးကို ထောက်ခံချက်ပေးလိုက်သည်။

''ဒါပေမဲ့ ခုတော့ ချယ့်မှာအခွင့်အရေးတစ်ခုပေါ်လာပြီ အန်တီချို''

''ဟင် ဟုတ်လား ဘယ်လိုအခွင့်အရေးလဲ''

''ချယ့်ရဲ့မိသားစုဆရာဝန်က အကြံပေးတာလေ၊ ကိုနဲ့ချယ်ရဲ့မျိုးဥပြီးတာကို တခြားမိန်းကလေးတစ်ယောက် သားအိမ်ထဲထည့်ပြီး အငှားကိုယ်ဝန်ဆောင်ခိုင်းရင် ကို့အတွက် ရင်သွေးလေးတစ်ယောက် မွေးပေးနိုင်တယ်တဲ့''

ပြောရင်းဖြင့် ချယ်ရီမောင့်မျက်နှာလေး မှော်လင့်ချက်တွေဖြင့် တောက်ပြောင်လန်းလာသည်။ ယုံကြည်ချက်အပြည့်ကြောင့် အသံတို့သည် စောစောကလောက် ညှိုးဖျော့တိုးတိတ်မနေတော့။

အန်တီချို မျက်လုံးပေကလပ် ပေကလပ်ဖြင့် ဖြစ်နိုင်ခြေရှိ စဉ်းစားဟန်ပြုပြီး

''အင်း ကိုရီးယားကားတွေမှာတော့ အဲလိုမျိုးလုပ်တာ ကြည့်ဖူးတယ်၊ မြန်မာပြည်မှာတော့ ရှားတယ်နော်၊ ဒါပေမဲ့ တကယ်အောင်မြင်မယ်ဆိုရင်တော့ သမီးတို့ ဖနီးမောင်နှံဆန္ဒပြည့်သွားတာပေါ့''

''အောင်မြင်မှာပါ အန်တီချို၊ သားဖွားမီးယပ်ပါရဂူကြီးကိုယ်တိုင်

www.burmeseclassic.com



ကိုက ဒီနည်းလမ်းကိုသုံးဖို့ အားတက်သရော တိုက်တွန်းခဲ့တာလေ"

"ဒါဆိုရင် အောင်မြင်မှာပါ"

"အဲဒါကြောင့် အန်တီချို့ဆီမှာ အကူအညီတောင်းချင်လို့"

"ဟင် အန်တီချိုက ကိုယ်ဝန်ဆောင်ပေးရမှာလား"

အထိတ်တလန့်အမေးကြောင့် ချယ်ရီမောင် ခပ်သိမ့်သိမ့်လေး ရယ်ကာ လက်ကာပြရင်း

"မဟုတ်ပါဘူး အန်တီချိုရယ်၊ ချယ် အကူအညီတောင်းမှာက အငှားကိုယ်ဝန်ဆောင်ပေးမယ့် မိန်းကလေးတစ်ယောက်လောက် လိုချင်လို့ပါ"

"ဟင် အငှားကိုယ်ဝန်သည် မိန်းကလေးတစ်ယောက် အဲ အန်တီချို ဘယ်လိုရှာပေးရပါ့မလဲ၊ သိပ်တော့ မလွယ်လောက်ဘူးထင်တယ်၊ ဒါပေမဲ့ သမီးချယ်ရဲ့အရေးကိစ္စဆိုတော့ အန်တီချို့အရေးကိစ္စပေါ့ အင်းလေ အန်တီချို အတတ်နိုင်ဆုံး ကြိုးစားကြည့်ရမှာပေါ့"

ချယ့်ဆန္ဒ ချယ့်စိတ်ကူးကို မကန့်ကွက်ဘဲ အားတက်သရော ကူညီမည်ဆို၍ ချယ်ရီမောင် အင်အားတစ်ရပ်ဖြစ်သွားရ၏။

ချယ် ရင်သွေးလေးရဖို့ ကြိုးစားကြည့်ရမည်။ အောင်မြင်မည်ဟု လည်း စိတ်ကအလိုလို သိနေ၏။

■ ■ ■

**အခန်း (၂၈)**

"အမလေး မိကေရယ် လာသာ လာရတယ်၊ တွေ့မှတွေ့ပါ့ မလားလို့"

အမောတကော လေသံကြီးဖြင့် ဟက်ထိုးလဲမတတ် ဝင်လာသော အန်တီချို့ကိုကြည့်ပြီး အပြင်သွားဖို့ပြင်နေသော ကေကေ့မျက်နှာ သိမသာ မှုံသွားသည်

"ဘာလာရောင်းတာလဲ အန်တီချို"

"အိုအေ ညည်းလေးကလေ ကျုပ်ကိုမြင်တိုင်း ဈေးရောင်းဖို့ ကြီးပဲ ထင်နေတော့တာပဲ"

"မဟုတ်လို့လား၊ အန်တီချိုက ကေ့ဆီကို ဘယ်တုန်းက အလွတ်မှဲ့လာဖူးလို့လဲ၊ စင်ကာပူက ဝယ်လာတဲ့ဘေထုပ်တွေ အဲ အဲ



www.burmeseclassic.com

www.burmeseclassic.com



အထည်တွေ လာရောင်းမှ ပေါ်သာတဲ့ဟာကို''

"ကေကေနော် ဟွန်း ဘာဘောထုပ်လဲ အန်တီချို သားမက်က ဘောထုပ်ဝယ်ပို့တာမဟုတ်ဘူး၊ အမှန်အကန်ဝယ်ပို့တာ၊ ဒီမှာ မိန်းမနဲ့ ယောက်ျားမ ပြန်ရောင်းရင် အပိုဝင်ငွေလေးရအောင်လို့''

"ဟုတ်ပါပြီ ခုရော ကိစ္စရှိလို့လား၊ အကြွေးလာတောင်းတာလား''

"မဟုတ်ပါဘူး အဲ ဟုတ်တယ် ကိစ္စရှိလို့ ကေကေ့အသိထဲမှာ ခပ်ချောချော ခပ်သန့်သန့် မိန်းကလေးတစ်ယောက်လောက်ရှိရင် အလုပ်တစ်ခုအပ်ချင်တယ်''

သွယ်ဝိုက်မနေတော့ဘဲ ဒဲ့ပင်ပြောလိုက်တော့သည်။ ကေကေ့အတွက်တော့ ထိုစကားသည် ထူးဆန်းနေသည်မို့

"ဘယ်လို ခပ်ချောချော ခပ်သန့်သန့် ဟုတ်လား၊ အယ် မဟုတ်မှလွဲရော အန်တီချို လူပေါင်းမှားပြီး လူကုန်ကူးတဲ့အလုပ်တွေ လုပ်နေတာလား''

စကားကို မဆင်မခြင်ပြောချလိုက်သော ကေကေ့စကားကြောင့် အန်တီချိုထံမှ မျက်စောင်းတစ်ချက်ဝေ့လာပြီး

"အမလေး ပြောရက်လိုက်တာ ကျုပ်ရုပ်က လူကုန်ကူးတဲ့ ရုပ်ပေါက်နေလို့လား ဟမ်၊ အမလေး ကိုယ့်ရင်ဘတ်သာ ကိုယ်မသေမချင်း ထုလိုက်ချင်တော့တယ်၊ ဒီကောင်မလေး တွေ့ကတည်းက လူကိုပေါက်ကရစကားလုံးတွေနဲ့ ထိုးနက်ပြီးရင်း ထိုးနက်နေတော့တာပဲ''





မချိုတင်ကဲ ပြောလိုက်သော အန်တီချို့စကားကြောင့် ကေကေ ဟားတိုက်ပြီးပြင့် ရယ်ချလိုက်သည်။

အန်တီချိုနှင့်ကေကေ၏ စကားပြောသံခပ်ကျယ်ကျယ်ကြောင့် ရှု အခန်းထဲမှ အိပ်ချင်မူးတူးပုံစံ ဆံပင်စုတ်ဖွားဖြင့် ထွက်လာပြီး

"နေ့ခင်းနေ့လယ် အရသာရှိရှိလေးများ အိပ်ရမလားမှတ်တယ် ခယောက်သား ဘာတွေပြောပြီး လူကိုနားငြီးအောင်လုပ်နေကြတာလဲ''

"အယ် စူးရှလည်းရှိနေတာလား၊ အလုပ်မသွားဘူးလား''

"အင်း သူများကို အလုပ်ကြီးပဲ စွတ်သွားခိုင်းနေတယ်၊ ဒီနေ့ အနာဂ်နွေနေ့လေ အန်တီချိုရဲ့''

"ဩော် အေး ဟုတ်ပါရဲ့''

"ဒဲ ပြော ဘာအရေးတော်ပုံတွေ သယ်လာလို့ အော်ကြီးကျယ်ကျယ် ပုလာလုပ်နေရတာလဲ''

တစ်ချက်သမ်းဝေကာ ပလုံးပထွေး မေးလိုက်သော အမေးကို အန်တီချို မဖြေခင်မှာ ကေကေ ကြားဖြတ်ဝင်ကာ

"အန်တီချို ခုမှသေချာကြည့်မိတယ်၊ စောစောက အန်တီချို ပြောတယ်နော်၊ ခပ်ချောချော ခပ်သန့်သန့် မိန်းကလေးတစ်ယောက် လိုချင်တယ်ဆိုတာလေ''

"အေး ဟုတ်တယ်လေ၊ ညည်းလေးတို့ သူငယ်ချင်းတွေထဲမှာ ရှိလား''

ကေကေ စူးရှကို အကဲခတ်ကြည့်ရင်း အန်တီချို့အမေးကို



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတစ်ချက် ဆတ်ပြရင်း ဖြေလိုက်သည်။

"အင်း"

"ဟုတ်လား ဒါဆိုရင် အန်တီချိုကို ပေးတွေ့ပါလားကွယ် သူနဲ့အလုပ်စကားပြောချင်လို့ အဲ တစ်ခုတော့ရှိတယ်နော် သူ့စိတ်သ ... သဘော မိဘအုပ်ထိန်းသူအောက်ကလွတ်နေတဲ့ မိန်းကလေးမျိုး ဖြစ်... မယ်"

• "ရှိတယ်လေ အန်တီချိုရဲ့ ဒီမှာ မတွေ့ဘူးလား"

"ဟင်"

ရှုးရှကို မေးဆတ်ပြလိုက်သဖြင့် ရှုးရှ မျက်လုံးအစုံ ပိုင်းစက်... သွားကာ ကေကေ့ကိုလှည့်ကြည့်ပြီး

"ဘာလဲ ဘာလဲဟ ငါ့ကိုမိမဆုံးမ ဖမဆုံးမလို့ ပြောချင်တာ ပေါ့လေ ဟုတ်လား"

"သြော် အဲလိုလည်း မဟုတ်ဘူးလေ၊ မိဘအရိပ်အောက်က လွတ်တဲ့ မိန်းကလေးဆိုတော့ နင်ပဲလေ၊ ရန်ကုန်ရောက်ကတည်းက နင့်မိဘတွေ နင့်ကိုတစ်ချက်လာကြည့်လား၊ ဆီစက်တွေ ဆန်စက်တွေ ပိုင်တယ်လည်းပြောသေးတယ်၊ ဖုန်းလေးတစ်ချက်ဆက်ပြီး သမီး အဆင် ပြေလား ဘာညာသရကာတောင် မပြောဖူးတဲ့နင်က မိဘအရိပ်အောက်က လွတ်တဲ့မိန်းကလေးမဟုတ်လို့ ဘာလဲ"

ကေကေ့စကားက အရှိက်ကို ထိုးလိုက်သလို အင့်ခနဲ ဖြ... သွားစေပေမယ့် သူပြောတာ ယုတ္တိတန်နေ၍ စကားနာပြန်ထိုးမနေတော့





...၍သာနေလိုက်တော့သည်။

"ကဲပါ အန်တီချို ထူးဆန်းတဲ့အလုပ်တစ်ခုအပ်ချင်လို့ အဲဒီ ...လုပ်လက်ခံရင် သိန်းတစ်ရာ့ငါးဆယ်ရမယ်"

သိန်းတစ်ရာ့ငါးဆယ်ဆို၍ ကေကေရော ရှုးရှရော တစ်ယောက် ...နှာတစ်ယောက် ပြိုင်တူကြည့်လိုက်ကြသည်။ ပြီးနောက် အန်တီချို ... ပြိုင်တူကြည့်ကာ

"ဘာ ဘာအလုပ်မို့ သိန်းတစ်ရာ့ငါးဆယ် ရမှာလဲ"

ထိုမေးခွန်းကိုလည်း ပြိုင်တူပင် တစ်လေသံတည်း တညီတညာ ...ည်း မေးလိုက်ခြင်းဖြစ်သည်။

"ကိုယ်ဝန်လွယ်ပေးရမှာလေ"

"ဘာ"

"ဘယ်လို"

နှစ်ယောက်သား တော်တော်လေး အံ့သြသွားကြသည်။

"အန် အန်တီချို ဘယ်လိုပြောလိုက်တယ် ကေ့နှ ယော ...ယာကျ်ားပေးစားဖို့တော့ မဟုတ်လောက်ပါဘူးနော်"

"ဟာ ဘယ်ကလာ ယောကျ်ားပေးစားရမှာလဲကွယ်၊ ခုဟာက ...လုပ်သဘောအရ ကိုယ်ဝန်ဆောင်ပေးရမှာ၊ ဒီထက်ရှင်းအောင်ပြော ...င်လေ ဖနီးမောင်နှံနှစ်ဦးရဲ့သန္ဓေသားမျိုးရိုးဗီဇကို ကိုယ်ဝန်အငှား ...ယ်ပေးရမှာ"

"ဗုဒ္ဓေါ"



www.burmeseclassic.com

www.burmeseclassic.com



"ထူးဆန်းတဲ့အလုပ်ပဲ"

ရုပ်ရှင်ထဲမှာသာကြားဖူးကြည့်ဖူးသော ကိစ္စမျိုး၊ ယခုအပြင်မှ ပါ ကြားဖူးနေပြီမို့ အပျိုစင်များဖြစ်ကြသော စူးရှနှင့်ကေကေ ကျော စိမ့်သွားကြသည်။

ကေကေ၏ခြေဆင်းက စူးရှဘက်မြားဦးလှည့်လာပါန်တဲ့

"ဟဲ့ နှင်က ကိုယ်ဝန်သိပ်လွယ်ချင်နေတာလေ၊ ဗိုက်ထဲက ခေါင်းအုံးကြီးထည့်ပြီး အတုပြုချင်နေတာမဟုတ်လား၊ အခွင့်အရေး တုန်း ဝင်လုပ်ပါလား၊ သိန်းတစ်ရာ့ငါးဆယ်ဆိုတာ မနည်းဘူးနော်"

စူးရှ မကြည့်ကြည့်ကြည့်ကာ ကေကေ့ကိုမျက်စောင်းပစ်လိုက် ပြီး

"နှင်နော် ငါက ကိုယ်ဝန်ဆောင်စရာလား၊ နှင် စိတ်ပါရင် နှင်ဝင်လုပ်လိုက်"

"အို ငါက မင်္ဂလာဆောင်တော့မယ်ဟာ ဒီအလုပ် လက်ခံ ဘယ်ဖြစ်မလဲ၊ ငါ့ချစ်သူက တခြားယောက်ျားနဲ့ကိုယ်ဝန်ဆောင်ပါတယ် ပြီး ငါ့ကိုထားသွားမှ ငါ့ဘဝ အညွန့်ကျိုးမှာ"

"ဒါဆို ငါ့ကိုလည်း လာမလုပ်နိုင်းနဲ့၊ ငါက နှင့်ထက်တော ပိုဆိုးသေးတယ်၊ ဟွန်း မကြာခင်ပဲ ကိုလူချောနဲ့ အိမ်ထောင်ကြတော့ မယ်ဟာ ဗိုက်ကြီးသည် လုပ်စရာလားလို့ အဲဒီသိန်းတစ်ရာ့ငါးဆယ်ထက် အဆပေါင်းများစွာ ရမယ့်အခွင့်အရေးကို လက်လွှတ်ရအောင် ငါက အရူးမို့လို့လား"





"ဟိုက မကျိန်းသေဘူး၊ ဒါက ကျိန်းသေတယ်"

မခံချိမခံသာပြောနေသော ကေကေ့ကို ဘုကြည့်လှမ်းကြည့်ကာ စူးရှ တကယ်ပင် စိတ်တိုစပြုလာသည်။

"ကေ နှင် မနောက်နဲ့နော်၊ ငါ တကယ်စိတ်တိုလာရင် မလွယ် ဘူး။ နောက်တယ်ဆိုတာ အတိုင်းအတာတစ်ခုထိပဲ ကောင်းတယ်"

"အဟီး ခစ် ခစ် ခစ် နှင်က ငွေမက်လို့ ငါက အကောင်း ဆုံးအကြံလည်း ပေးရသေးတယ်"

"တော် တော်ကြပါတော့ သမီးတို့ရယ်"

နှစ်ယောက်သား အခြေအတင်ဖြစ်လာ၍ အန်တီချို ကြားထဲမှ ခနေသာတော့ ဝင်ဟန့်လိုက်ရသည်။

"ဒီမှာလေ သူပြောနေပုံက စူးရှကို ရစရာမရှိအောင် နှိပ်ကွပ် နေတာ"

"အေးပါ အန်တီချိုကလည်း သမီးတို့ကို မလုပ်စေချင်ပါဘူး။ ခုလို လာပြောတာလည်း သမီးတို့ကို ရည်ရွယ်ထားလို့ လာပြောတာ မဟုတ်ပါဘူး၊ အကယ်၍များ သမီးတို့ပတ်ဝန်းကျင်မှာ မျိုးရိုးဗီဇသန့်ပြီး ငွေကြေးအဆင်မပြေတဲ့ မိန်းကလေးများရှိခဲ့ရင် အန်တီချိုနဲ့ပေးတွေ့ဖို့ အကူအညီတောင်းတာပါ"

"အဲလိုဆိုလည်း အစကတည်းက ရှင်းရှင်းပြောပါတော့လား အန်တီချိုရယ်၊ အဟီး ကေကေက စူးရှကိုများ အလုပ်လာအပ်တာလား လို့"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့် မိန်းမ အစုတ်ပလုပ် မနောက်နဲ့လို့ ပြောနေတယ်နော်
ကဲဟာ"

"ဘုန်း ဘုန်း"

"အား နာတယ် လင်တရှူးမလေးရဲ့ နင်က လင်တရှူးရုံတာ
မဟုတ်ဘူး။ ကလေးရှူးပါ ရှူးနေတဲ့အတွက် သူငယ်ချင်းကောင်းပီပီ အကြ
ကောင်းလည်း ပေးရသေးတယ်"

အသားနာတာတောင် စူးရှကို နောက်နေသေးသော ကေ
ကို စူးရှ စိတ်မဆိုးရက်တော့။

"ဟွန်း ငါက လင်တရှူးဆိုရင် နင်သာ မပဋ္ဌာမဖြစ်စေနဲ့ သ
လား မိန်းမ"

"အို ဒီကလေးမတွေ ဘာတွေပြောနေကြမှန်းမသိပါဘူး။ မပြေ
ကောင်းမဆိုကောင်း"

နိမိတ်မရှိ နမာမရှိစကားတွေ ပြောနေကြသော စူးရှနှင့်ကေ
ကို အန်တီချို ဝင်ဟန့်လိုက်သည်။

ဘာမဟုတ်သည့်ကိစ္စလေးကြောင့်တော့ တူမလေးတွေကို ခင်
သော သူတို့ကို စကားနောက်တရားမပါစေချင်။

"ကဲ ကဲ ရော့ ဒီမှာ အငှားကိုယ်ဝန်လွယ်ပေးရမယ့် လင်
မယားနှစ်ယောက်ရဲ့ဓာတ်ပုံနဲ့ ဖုန်းနံပါတ်၊ ပိုပိုလိုလို ယူထားလိုက်၊ ရှေ့
ရင်အန်တီချိုကို မဆက်လည်း သူတို့နဲ့တိုက်ရိုက်ဆက်သွယ်ပေးလိုက်
ရတယ်"





စားပွဲပေါ်တင်လိုက်သော ဓာတ်ပုံအိတ်ကို စူးရှရော ကေကေ
ရော စိတ်မဝင်စားအား တစ်ယောက်ကိုတစ်ယောက် သူနိုင်ကိုယ်နိုင်
စကားရည်လုနေကြ၍ဖြစ်သည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

ပေါ်တီကိုအောက်မှာ ကားရပ်သံကြားလိုက်သည်နှင့် လက်ထဲ
မဂ္ဂဇင်းကို အသာချကာ ကားရှိရာသို့ လျှောက်လာလိုက်သည်။

ကိုယ့်ခင်ပွန်း ရုံးကပြန်လာမည့် ဒီညနေခင်းကို မျှော်လင့်ရ
အရသာဟာ ချယ်ရီအတွက်တော့ ဘယ်အရာနှင့်မှ မလဲနိုင်။ တစ်နေ့
အထီးကျန်ခဲ့သမျှ အတိုးချပြီး ကြည်နူးရသော ထိုသို့သော ညနေခ
လေးတွေကို ချယ်ရီမောင် ချစ်တတ်လာသည်။

အိမ်ဖော်မလေးကို ဟင်းတွေနွှေးခိုင်းထားပြီး ညှိခန်းထဲတ
ယောက်ျားအလာကို မျှော်ရသည့်အလုပ်က ချယ်ရီမောင်၏နေ့စဉ်အလ
ဝတ္တရားတစ်ခု။





"ချယ် ဒီနေ့ ဆေးရော မှန်မှန်သောက်ရဲ့လား၊ ပင်ပန်းတာတွေ
ဘာလုပ်မိသေးလဲ"

ထိုမေးခွန်းဟာလည်း မင်းပျို့ပြန်လာတိုင်း မေးနေကျမေးခွန်း
တစ်ခု။

"သောက်ပါတယ် ကို၊ ဒီနေ့ ဘာမှလည်းမလုပ်ဘူး၊ တစ်နေ
ကုန်ခြံထဲဆင်းပြီး လမ်းလျှောက်လိုက်၊ စာဖတ်လိုက်၊ အင်တာနက်ကြည့်
လိုက်နဲ့ အချိန်ကုန်တာပဲ၊ ဆေးလည်းမှန်မှန်သောက်တယ်၊ ထမင်းလည်း
မှန်မှန်စားတယ်"

မင်းပျို့ထံမှ အတက်ချိုကော့စ်ကို လှမ်းယူကာ အပြုံးဖြင့် ချိုမြိန်
စွာကြိုဆိုလိုက်သည်။

"ဪ ကိုကိုပြောရဦးမယ်၊ ချယ်တို့ရဲ့ကလေး အငှားကိုယ်ဝန်
ဆောင်ဖို့အတွက် အန်တီချို့ကို လူရှာခိုင်းလိုက်ပြီနော်၊ ရုပ်ရည်ချောမော
ပြီး လူရည်သန့် အကျင့်စာရိတ္တကောင်းတဲ့မိန်းကလေးမျိုးကို ရှာခိုင်းထား
တယ်"

"အန်တီချိုဆိုတာ ဘယ်သူလဲ ချယ်၊ အဲဒီနာမည် ကိုယ်နဲ့စိမ်း
နေတယ်"

"ဪ ဟုတ်သားပဲ အန်တီချို ဘယ်သူလဲဆိုတာ ကိုနဲ့မိတ်
ဆက်ပေးရသေးဘူးပဲ၊ အဟင်း အန်တီချိုဆိုတာ ချယ်တို့မိသားစုနဲ့
ငယ်ငယ်ကတည်းက အတူနေခဲ့တဲ့ မာမီရဲ့လက်စွဲတော်ပေါ့၊ ချယ်က
သူ့လက်ထဲမှာကြီးခဲ့ရတာ၊ အခု မထင်မှတ်ပဲ ပြန်တွေ့ကြတော့ အန်တီချို



www.burmeseclassic.com

www.burmeseclassic.com



ရော ချယ်ရော အရမ်းကိုဝမ်းသာနေကြတာ၊ ချယ့်အတွက်တော့ အင်အာ
တစ်ခုတိုးတာပဲ ကိုရဲ့"

"ဒါ့ဆိုရင်လည်း ချယ်နဲ့အတူနေဖို့ ခေါ်ကြည့်ပါလား၊ ချယ့်
အတွက် အဖော်ရတာပေါ့"

ကမ္ဘာသိသွားနေသည့်အချိန်တွေမှာ ချယ့်ကို နောက်ဆံတင်း
ရသည့်အတွက် ဖြစ်နိုင်လျှင် ချယ့်ဘေးမှာ တိုးတိုးဖော်တစ်ယောက်တော့
လိုအပ်သည်။

"ကိုပြောတာတောင် နောက်ကျနေသေးတယ်၊ ချယ်နဲ့လာ
ဖို့ ခေါ်ကြည့်ပြီးပြီ"

"ဒီတော့ နေမယ်တဲ့လား"

"ဟင့်အင်း သူ့မှာသားသမီးတွေရှိသေးတယ်လေ၊ မြေး
တွေကလည်း အရွယ်ရောက်လာပြီဆိုတော့ အဲဒါကိုပစ်ထားပြီး ချယ်
လာနေဖို့ ဘယ်ခေါ်ရက်ပါ့မလဲ ကိုရယ်"

အရာရာကို နားလည်စာနာပေးတတ်သော ချယ့်ကျမှ နှ
ရောဂါဝေဒနာခံစားရလေတယ်ဟု မင်းပျို့ စိတ်မကောင်းဖြစ်သွားရသည်
ထို့ကြောင့် ချယ်ဆန္ဒရှိသည့်အတိုင်း အငှားကိုယ်ဝန်ဆောင်ဖို့ကိစ္စ
မင်းပျို့ မကန့်ကွက်တော့ခြင်းဖြစ်သည်။

အစစအရာရာ အောင်မြင်မည်ဆိုလျှင် အတိုင်းထက်အလွ
ဝမ်းသာစရာဖြစ်ပြီး မအောင်မြင်ခဲ့ဘူးဆိုလျှင်လည်း ချယ် ကြိုးစားကြည့်
ခြင်းရဲ့အတွေ့အကြုံသစ်တစ်ခုရလိုက်သည်ဟုပဲ နားလည်ပေးဖို့ အသ





ပြင်ထားလိုက်သည်။

■ ■ ■

"ဟယ် ဘုရားရေ လင်းမြတ်နဲ့ကိုလူချော ညီ ညီအစ်ကိုတွေ
ပါလား"

Online ပေါ်မှ လင်းမြတ်နှင့်ကိုလူချော တွဲရိုက်ထားသောပုံတွေ
ကိုကြည့်ပြီး စူးရှ အံ့သြမင်တက်သွားသည်။ စူးရှ ထင်ခဲ့သည်က
လင်းမြတ်နှင့်ကိုလူချောကို Online ပေါ်က သူငယ်ချင်းအဆင့်လောက်ပဲဟု
ပေါ့ပေါ့ပေါ့ တွေးထားတာ။ ယခု ညီအစ်ကိုဟု သိလိုက်ရတော့ ရင်ထဲမှာ
တစ်မျိုးခံစားသွားရသည်။

ထိုခံစားမှုတို့သည် သိပ်ပြီးမသန့်ရှင်းတော့သလို နာကျင်ခြင်း
တွေဖြင့် အောက်နှုတ်ခမ်းကို ခပ်နာနာဖိကိုက်လိုက်သည်။

လင်းမြတ်ကို မုန်းသလိုရော မုန်းလိုက်ရမည်လား။ ဒါမှမဟုတ်
နှံတီးလက်စနှင့် ဇာတ်လမ်းကိုရှေ့ဆက်ရမည်လား။

"ငါနှယ် လင်းမြတ်နဲ့ရေစက်က မကုန်နိုင်သေးပါလား၊ အဟက်
ကြမ္မာက ငါ့ကိုရင်ခုန်သံအသစ်တွေ ပြန်လည်မွေးဖွားပေးလိုက်တာပဲ
ဖြစ်မယ်၊ အဟင်း လင်းမြတ်ရေ ရှင်က စူးရှရဲ့အသည်းကိုခွဲခဲ့တဲ့အတွက်
စူးရှကလည်း ရှင်နဲ့ညီအစ်ကိုတော်တဲ့ ကိုလူချောရဲ့ရင်ထဲကို ရအောင်
ဝင်ပြမယ်၊ ဒါဟာ ရှင်နဲ့စူးရှကြားထဲက အလျော်အစားတစ်ခုလည်း
ဖြစ်သွားနိုင်တယ်"

အင်တာနက်ပေါ်မှ ညီအစ်ကိုနှစ်ယောက်ပန်းဖက်ပြီး ရိုက်ထား



www.burmeseclassic.com

www.burmeseclassic.com



သည့်ဓာတ်ပုံကိုကြည့်ကာ တစ်ယောက်ထဲခပ်တိုးတိုး ကျိန်းဝါးလိုက်သည်

အခန်းထဲကို ကေကေ ဝင်လာတာပင် သတိမထားမိ။

"အမယ် ဖုန်းထဲကဓာတ်ပုံတွေကိုကြည့်ပြီး တစ်ယောက်ထဲ အရူး... လိုစကားတွေ တတွတ်တွတ် ပြောနေရတာလဲ"

စူးရှ လက်ထဲမှာ ကိုင်ထားသော ဖုန်းကိုငုံ့ကြည့်ကာ ခပ်ဖြေ... ရွှေပါမေးလိုက်သော ကေကေ့ကို မော့ကြည့်လိုက်သည်။

"ဪ ကေကေ နင်လာတာနဲ့အတော်ပဲ ဒီမှာကြည့်စမ်း"

"ဟင် ဒါ လင်းမြတ်နဲ့ကိုလူချောပဲ၊ အယ် ညီအစ်ကိုနှစ်ယောက် ... စင်ကာပူရောက် အမှတ်တရဆိုပါလား ဟော့တော် ဒါ ဒါဆို သူတို့က ... ညီအစ်ကိုတွေလား"

"အင်း ဟုတ်တယ်"

"ဟယ် တိုက်ဆိုင်လိုက်တာများ ကမ်းကုန်အောင်ပါပဲလား ... ငါ ငါသိထားတာကို ဘယ်လိုပြောရမလဲ၊ ဒီဇာတ်လမ်းကို မစပါနဲ့တော့ ... ဇာတ်သိမ်းမကောင်းဘူး"

"ဂရုမစိုက်ပါဘူး၊ ငါ့ကိုချိုးသွားတဲ့အတွက် ငါကလည်း သူ့... ပြန်ချိုးရမှာ"

ဆုံးဖြတ်ချက်ခိုင်မာနေသော စူးရှကိုကြည့်ပြီး ဒီဇာတ်လမ်း... ဇာတ်ရှိန်မြင့်ဦးမှာပါလားဟု တွေးကာ သက်မခပ်ဖွဖွ ချလိုက်သည်

"နင့်ဘက်က အပိုင်တွက်မနေနဲ့ စူးရှရဲ့ နင် မျှော်လင့်ထား... သလို ဖြစ်လာမှာမဟုတ်တော့ဘူး"



"နင်နော် ပါးစပ်ပုတ်ကြီးနဲ့ မပြောနဲ့"

မျက်စောင်းခပ်လက်လက်ထိုးကာ ရန်တွေ့လိုက်သည်။

ကေကေ ခေါင်းကိုစိတ်မသက်မသာဖြင့် ခပ်လေးလေးခါလိုက်... ...ည်း

"ကံကြမ္မာက နင့်ဘက်မှာမရှိဘူး စူးရှ၊ ဒီနေ့ နင်ရောငါရော ...တာရားရဲ့ဂုဏ်ဖဲနှစ်ခုကို ပြိုင်တူဖွင့်လိုက်ကြသလိုပဲ၊ နင့်အတွက် ရလဒ်က ...ပိမ်မလှဘူး"

"ဘယ်လို ဂုဏ်ဖဲ ဟုတ်လား"

စူးရှ အူကြောင်ကြောင် ပြန်မေးသည်။

"ဟုတ်တယ် နင် ရှေ့မဆက်ပါနဲ့တော့"

"ဘာလဲ ဘာလဲဟ ရှင်းအောင်ပြောစမ်းပါဟာ"

ဝေ့လည်ကြောင်ပတ်လုပ်နေသော ကေကေ့ကို စူးရှ သိပ်စိတ် ...ည်တော့၍ အသံမာသွားသည်။

ကေကေ သူ့လက်ထဲမှ စာအိတ်ကိုကြည့်ပြီး ဘာမှမပြောခင် ...ကပ်ပြင်းထပ်ချသည်။

အရိပ်အကဲ နားလည်သူ စူးရှ ဆက်မမေးတော့ဘဲ ကေကေ့ ...က်ထဲမှ စာအိတ်ကို ဖျတ်ခနဲ လှမ်းယူလိုက်သည်။

"ဒါ အနံတိချို့ ထားသွားတဲ့ ဓာတ်ပုံအိတ်ပဲ"

ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။

ဘုရား ဘုရား မဟုတ်မှလွဲရော. . ။



www.burmeseclassic.com

www.burmeseclassic.com



အတွေးကို ရှေ့ဆက်မတွေးရဲတော့၊ လက်တွေတုန်ယင်လာကာ ကေကေ့ကိုဖျတ်ခနဲ ပြန်ကြည့်လိုက်သည်။

''ဖွင့်ကြည့်လိုက်လေ၊ နင်သိချင်နေတဲ့ အဖြေ အဲဒီအထဲမှာ ရှိတယ်''

ရူးရှ တံတွေးတစ်ချက်ကို မျိုချကာ

''ဒီ ဒီပုံ''

''ဖွင့်ကြည့်လိုက်ပါ ပေး ငါဖွင့်ပေးမယ်၊ နင့်ကို ဒီပုံကိုပြချင်လို့ ငါဝင်လာတာ''

ပြောပြောဆိုဆို စာအိတ်ထဲမှ ဓာတ်ပုံကို ထုတ်ယူပြီး ရူးရှ ဘက် ကမ်းပေးလိုက်သည်။ ကိုလှချောနှင့် အမျိုးသမီးတစ်ယောက်ဓါတ်ပုံ

''ဟင် သူ သူပဲ''

ရင်ထဲမှာ အနိုင်အမာ တည်ဆောက်ထားတဲ့ အဆောက်အအုံ ကြီးတစ်ခု ဝုန်းခနဲ ပြိုကျသွားသလို ခံစားမှုတွေ ပရမ်းပတာ ဖရိုဖရဲ နှင့် ရူးရှအတွက် ကြီးမားသော ဆုံးရှုံးမှုကြီးတစ်ရပ်လို ခေါက်တည်ရာ မရ ဖြစ်သွားသည်။

ဘာလဲ ကံကြမ္မာက ငါ့ကို နားလည်ပါးရိုက်လိုက်တာပဲ၊ အစက တည်းက ဒီလိုတွေ့ဆုံမှုမျိုးနဲ့ နောက်ဆုတ်ရမယ်ဆိုရင် ပေးမတွေ့ပါနဲ့ တော့လား။

နှုတ်ခမ်းသားတွေ တဆတ်ဆတ် တုန်ယင်ကာ ကေကေ့ကို မျှော်လင့်ချက်မဲ့စွာ လှမ်းကြည့်လိုက်သည်။





ကေကေ့ထံမှ နှစ်သိမ့်သောအကြည့်မှလွဲ၍ ဘာစကားသံမှ ...ထွက်ပေါ်မလာ။ ခုချိန်မှာ ရူးရှကို သနားမိတာကလွဲပြီး ဘာမှမပြောချင် ...တော့။

''တကယ်ဆို နင်က မင်္ဂလာဖိတ်စာတစ်ခြမ်းကို ကြိုရိုက်ထား ...သူလိုပဲ၊ ဘာမှဖြစ်မလာသေးတာကို ကြိုပြီးမျှော်လင့်ထားတာကိုး''

အပြစ်တင်သံ မကျတကျ ကေကေ့စကားကြောင့် ရူးရှ အံကို ...င်းခနဲ ကြိတ်လိုက်သည်။

''ငါ မကျေနပ်ဘူး၊ ငါ့ကိုလင်းမြတ် အနိုင်နဲ့ပိုင်းသွားသလို ...ားရတယ်''

''နင်မကျေနပ်ပေမယ့် ဓာတ်လမ်းက ဆုံးနေပြီ၊ ပြီးပါပြီဆိုတဲ့ ...တန်းက သူ့အလိုလိုချိတ်ပြီးသားဖြစ်သွားပြီ''

ကေကေ့စကားကို ဦးနှောက်ကရော နှလုံးသားကပါ လုံးဝ ...ာခံ၍မရဖြစ်နေသည်။

''ဟင့်အင်း အဲဒီဆုံးနေတဲ့ဓာတ်လမ်းကို ငါ အစကနေပြန်ပြီး ...မယ်''

''ဟင် ဘယ်လို''

''ဟုတ်တယ် ငါ ဓာတ်လမ်းကို အစကနေပြန်စမယ်''

''ကျွတ် နင် အရူးမထစမ်းပါနဲ့ဟာ''

''ဟင့်အင်း ငါအရူးထမှာမဟုတ်ဘူး။ ငါ ...ချင်တာကို ရအောင် ...မယ်၊ ငါ ငါ ကိုလှချောကို တကယ်ချစ်သွားတာဟ၊ လင်းမြတ်



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကိုလမ်းခွဲခဲ့တုန်းက ခံစားရပေမယ့် ခုခံစားမှုရဲ့ထုထည်က ပိုကြီးသလိုပဲ ငါ့ဘဝမှောင်မိုက်သွားသလိုပဲ၊ ငါ့ဆီမှာ ဘာမှမရှိတော့သလို ခံစားရတယ်''

''ဒါပေမဲ့ သူ့မှာမိန်းမရှိတယ်လေ''

''သိတယ်၊ ငါ ငါလေ သူ့ကိုမပိုင်ဆိုင်ရရင်တောင် သူနဲ့အနီးဆုံး နေရာမှာနေချင်တယ်၊ သူ့အပြုံး သူ့ရဲ့တည်ကြည်ခန့်ညားတဲ့ရုပ်သွင်က ငါ့စိတ်တွေကို တကယ်ဖမ်းစားလိုက်ပြီ''

''သွားပြီ နှင် ရူးသွားပြီ၊ ရူးတာမှ ပိုးစိုးပက်စက်ကို ရူးသွားပြီ''

တဖွတ်ထိုးဆန်သော စူးရှုကို စိတ်မရှည်စွာကြည့်ရင်း အားမလို အားမရ အပြစ်တင်လိုက်သည်။

''ဟုတ်တယ် ငါက နှင်ပြောသလို လင်တရူးလေ''

■ ■ ■

အခန်း (၃၀)

''စူးရှ သမီးတကယ်ဆုံးဖြတ်ပြီးပြီလား၊ စိတ်ထဲမှာ နောင်တ ရလာရင် အန်တီချိုတို့ ခုချက်ချင်း လှည့်ပြန်ကြရအောင်လေ''

အိမ်ကြီးထဲမဝင်ခင် ခပ်တိုးတိုးမေးလာသော အန်တီချို့အမေး ကို ခေါင်းခါငြင်းဆန်လိုက်ပြီး

''ဟင့်အင်း စူးရှ နောင်တမရဘူး အန်တီချို၊ အဲဒီအလုပ်ကို စူးရှ လုပ်ပါမယ်''

ဖွတ်အတင်း လုပ်ပါရစေဟု ပူဆာလာသော စူးရှ၏စိတ်ကို အန်တီချို တကယ်ပင် နားမလည်နိုင်တော့။

အစပိုင်းတုန်းကတော့ အငှားကိုယ်ဝန်ဆောင်မည့်ကိစ္စကို ခါးခါး သီးသီး ငြင်းဆန်တုန်းက ငြင်းဆန်ပြီး ခုကျမှ ကိုယ်ဝန်အငှားဆောင်တဲ့ အလုပ် လုပ်ပါရစေဟု တောင်းဆိုလာသည်။



www.burmeseclassic.com

www.burmeseclassic.com



အန်တီချို ပြန်၍ ငြင်းဆန်သည်။ ကိုယ့်တူမလေးတွေလို ရင်း
လာသည့်အတွက် အပျိုစင်ဘဝကို လွယ်လွယ်နှင့်မပျက်စီးစေချင်။

တစ်ဖက်က ကိုယ့်သမီးလေးလိုချစ်ရသည့် ချယ်ရီမောင့်
အဆင်ပြေစေချင်သလို ဒီဘက်ကလည်း တူမတွေလို ရင်းနှီးကျွမ်း
လာသည့် မိန်းကလေး။ ကြားထဲက ဦးနှောက်စား စိတ်မကောင်းဖြစ်
သည်က အန်တီချို။

စူးရှအား ဘာရည်ရွယ်ချက်နှင့် ခုလို လုပ်ရသည်ဆိုတာ
မေးချင်ပေမယ့် မမေးရက်ခဲ့။

ထည်ဝါသော အိမ်ဧည့်ခန်းထဲဝင်လိုက်သည်နှင့် ခင်စူးရှ အ
ဆုံး မြင်တွေ့လိုက်ရသည်က လင်းမြတ်နှင့်မင်းပျို့တို့၏ ခန့်ညားသေ
ဘွဲ့ဓာတ်ပုံများပင်ဖြစ်သည်။

အန်တီချို့နောက်မှလိုက်ဝင်လာသော စူးရှ၏ခြေလှမ်းတွေသည်
တုံ့နှေးသွားကာ နေရာမှာတင် အော်ဟစ်ပစ်လိုက်ချင်သည်။

ခုချိန်မှာ ဘာကိုစိတ်နာရမည်လဲ။ လင်းမြတ်ကိုလား ကိုယ့်ကို
ကိုယ်လား။ ဒါမှမဟုတ် မင်းပျို့ဆိုတဲ့ ကိုလူချောကိုလား။ သူတို့ညီအစ်
နှစ်ယောက်နှင့်လက်ထပ်ခွင့်ရလိုက်သည့် မိန်းကလေးနှစ်ယောက်ကိုလ

ဧည့်ခန်းထဲကို ဟန်မပျက်လိုက်ဝင်လိုက်ရပေမယ့် ရင်ထဲ
တော့ အက်ဆစ်နှင့်အပက်ခံလိုက်ရသလို နာကျင်လိုက်တာမှ ပြော
ရာမရှိတော့။

''သမီး လာထိုင်''





စူးရှ လက်ကိုလှမ်းဆုပ်ကိုင်လာသော အန်တီချို၏အသံကြားမှ
စိတ်နှင့်ကိုယ်နှင့်ပြန်ကပ်ကာ အန်တီချို့ဘေးတွင် ဝင်ထိုင်လိုက်သည်။

''အိမ်ရှင်တွေရော အန်တီချို''

''လာလိမ့်မယ်''

အန်တီချို စကားပင်မဆုံးလိုက်။ ဧည့်ခန်းအတွင်းပိုင်းတံခါး
ချပ်တစ်ခု ဖျတ်ခနဲ ပွင့်လာသည်။ ထိုအခန်းတွင်းမှ သန့်စင်သော
အပြုံးတွေဖြင့် ချောမောလှပသော မိန်းကလေးတစ်ဦး ထွက်လာသည်။

ထိုမိန်းကလေးသည် မင်းပျို့၏ဇနီးဆိုတာ စူးရှသိသည်။

ဓာတ်ပုံထဲမှာထက် အပြင်မှာပို၍ပင် လှပကျက်သရေရှိသည်ဟု
စိတ်ထဲမှာ ခပ်တိတ်တိတ် မှတ်ချက်ချလိုက်သည်။

''အန်တီချို ခဏလေးနော်၊ ကို ရေချိုးခန်းဝင်နေလို့ တအောင့်
နေရင် ထွက်လာလိမ့်မယ်''

အန်တီချို့ဘေးမှာ ထိုင်နေသော စူးရှကို တစ်ချက်ပြုံးပြရင်း
အန်တီချို့ကိုပြောသည်။

''မောင်မင်းပျို့ပါ ရှိနေတယ်ပေါ့''

''ဟုတ် အန်တီချို ဒီနေ့ ကိုရုံးမှဖြစ်မယ်ထင်လို့ ကို့ကို ကုမ္ပဏီ
သွားခိုင်းထားဘူး၊ ဟိုလေ မိတ်ဆက်ပေးပါဦး''

မာန်မာနလုံးလုံးမရှိသော ချယ်ရီမောင့်ကိုကြည့်ပြီး ရင်ထဲမှာ
ချင်သလိုဖြစ်မိပေမယ့် မင်းပျို့၏ဇနီးဆိုသည့်အသိက ရင်ထဲမှာမနာလို
စိတ်တွေသာ ပြည့်လျှံလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ဟုတ်သားပဲ၊ လာရင်းကိစ္စကို မေ့နေတာကွယ်၊ … သမီး ဒါ ခင်စုးရှ တဲ့၊ အန်တီချို့နဲ့လည်း တူမနဲ့အဒေါ်လို နေလာ… ဆိုတော့ အစစအရာရာ အားလုံးစိတ်ချရတယ်လေ၊ ရုပ်ရည်သန့်ပြ… ချောမောတဲ့မိန်းကလေးမို့ ချယ်နဲ့မောင်မင်းပျို့အတွက် ငြင်းစရာ… လောက်ဘူးလေ"

"အင်း ဟုတ်တယ်နော်၊ ချယ်တို့ရင်သွေးလေးကို လွယ်… မယ့်အမျိုးသမီးက မျက်နှာလေးလှလှလေးဆိုရင် မွေးလာတဲ့ကလေး… လည်း ရုပ်ဆိုးလာမှာမဟုတ်ဘူးလေ"

ဆိုင်တော့မဆိုင်ပေမယ့် အကြောင်းပြချက်တစ်ခုအနေ… စကားမရှိ စကားရှာပြောလိုက်ခြင်းဖြစ်သည်။

"သမီး စုးရှ၊ ဒါ ချယ်ရီမောင်မောင် လို့ခေါ်တယ်၊ ဟိုအ… တုန်းက အန်တီချို့က ချယ်လေးတို့အိမ်က ကလေးထိန်းပေါ့ကွယ်၊ ချ… လေးက အန်တီချို့လက်ပေါ်မှာ ကြီးလာတာလေ"

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ် မခင်စုးရှ၊ ချယ်… ခုကစပြီး တရင်းတနှီး ဆက်ဆံကြရအောင်နော်"

မာန်မာနထောင်လွှားခြင်း တစိုးတစိမရှိဘဲ ရိုကျိုးစွာပြော… သော ချယ်ရီမောင်မာင့်ကို အပြုံးတုတစ်ခုဖြင့် ပြန်၍တုံ့ပြန်လိုက်သည်…

"ဟုတ်ကဲ့ပါ မချယ်ရီမောင်"

ထိုစဉ် မင်းပျို့အပေါ်ထပ်လှေကားထစ်တွေပေါ်မှ ခြေလှမ်း… မှန်မှန်ဖြင့် ဆင်းလာသည်။





"ကိုရေ ဒီမှာ အန်တီချို ရောက်နေတယ်"

"အို နတ်ဖက်တဲ့စုံတွဲများလားကွယ်၊ ကြည့်စမ်းပါဦး မျက်နှာ… …လေးတွေက အေးချမ်းပြီး ကျက်သရေရှိလိုက်ကြတာ"

မျိုသိပ်မထားနိုင်လောက်အောင် ချီးမွမ်းခန်းတွေဖွင့်နေသော …န်တီချို့စကားသံတွေကို ခင်စုးရှ နားထောင်နိုင်စွမ်းမရှိ။ အန်တီချို့ကို …တ်ခနဲ ငဲ့ကြည့်ကာ နှုတ်ခမ်းအစုံမသိမသာ တွန့်ကွေးလိုက်သည်။

မင်းပျို့ ချယ်ရီမောင့်ဘေးမှာဝင်ထိုင်ရင်း အကြည့်တွေက စုးရှ… …ဒီ ရောက်လာသည်။

"ဩော် ဘယ်သူလဲလို့ မင်းကိုး"

အထင်သေးရိပ် အနည်းငယ်ဖုံးလွှမ်းသွားသောအကြည့်ဖြင့် …ပြောလာသော မင်းပျို့ကို ခပ်ယဲ့ယဲ့ပြုံးပြကာ

"တိုက်ဆိုင်လိုက်တာ ရှင်နဲ့စုးရှ ဒီလိုပုံစံမျိုးနဲ့ ထပ်ဆုံလိမ့်မယ် …ို့ ထင်မထားဘူး"

"ကိုနဲ့ခင်စုးရှတို့က သိနေကြတာလား"

"အင်း ကိုယ်တို့စင်တာမှာ ဈေးလာဝယ်ဖူးတယ်လေ"

"ဟုတ်တယ် မချယ်ရီမောင် စုးရှကြောင့် ရေမွှေးပုလင်းကျကွဲ …ကနေ ဟောဒီဘော့စ်နဲ့ တွေ့ဖြစ်ဖို့ ဖြစ်သွားတာပေါ့"

ချယ်ရီမောင် ခေါင်းတဆတ်ဆတ် ညိတ်ရင်း ပြုံးပြုံးလေး …ထောင်ပေးရှာ၏။ မျက်နှာပေါ်မှာ အလိုမကျမှုနှင့် သံသယရိပ်တွေ …လုံးမရှိ။



www.burmeseclassic.com

www.burmeseclassic.com



''ဩော် ဒါဆို အထူးတလည် မိတ်ဆက်ပေးစရာ မလိုတော

ဘူးပေါ့''

အန်တီချို ရယ်သံနှောပြီး ပြောလိုက်သည်။

''ကို ဒါ ကိုနဲ့ချယ်ရဲ့သန္ဓေသားလေးကို လွယ်ပေးမယ့်သူ

ခုလို သိပြီးသားဆိုတော့ ပိုကောင်းသွားတာပေါ့''

မင်းပျို့ စူးရှကို အသိအမှတ်ပြုအပြုံးဖြင့် ခေါင်းဆတ်ပြရ

''ဟိုလေ လိုအပ်တဲ့အချက်အလက်တွေပါလား''

''ရှင်''

ဘာအချက်အလက်လဲ စူးရှ မသိ။

''ဩော် ပါပါတယ်ကွယ်၊ ဒီမှာ ဘာရောဂါမှမရှိကြောင်း ဆေ

စစ်ချက်အဖြေတွေပါ၊ နောက်ပြီး ဆေးလိပ် ဘီယာ လုံးဝမသောက်တ

တဲ့မိန်းကလေးမို့ ချယ်လေးရဲ့ရင်သွေးလေးကို ကျန်းကျန်းမာမာ အော

အောင်မြင်မြင်နဲ့ မွေးဖွားပေးနိုင်မှာပါ''

''ဒါနဲ့ ခင်စူးရှက ဘာကြောင့် ဒီလိုအလုပ်မျိုးကို လက်ခံရ

လဲ ဟို စိတ်တော့မရှိပါနဲ့နော် သိထားသင့်တယ်ထင်လို့ပါ''

ဖြေရခက်သော အမေးမို့ စူးရှ ဖြေရခက်နေသည်။ အန်တီချို

ကြားဖြတ်၍

''စူးရှ အဖေက ကျန်းမာရေးမကောင်းဘူးလေ၊ အိမ်ဝိုင်းေ

ကိုလည်းပေါင်ထားတော့ မိဘတွေရဲ့အခက်အခဲကို ဖြေရှင်းပေးချင်

ခုလို အလုပ်မျိုးကို လက်ခံလိုက်ရတာပါ သားရယ်''





''ဟုတ်ပါတယ် ကိုမင်းပျို့ အမှန်ဆို စူးရှ သတ္တိမရှိပါဘူး၊

ရှက်လည်းရှက်ပါတယ်၊ ဒါပေမဲ့ မိသားစုအတွက် ဒီလိုမှ မရင်းရင်

ဖြစ်တဲ့အခြေအနေမို့ပါ''

''ကဲပါ ကိုရယ် စူးရှက အန်တီချိုခေါ်လာတဲ့သူပါ၊ ချယ်တို့

င်သွေးလေးကို ကျန်းကျန်းမာမာနဲ့မွေးပေးလိမ့်မယ်လို့ ချယ်စိတ်က

ယုံကြည်နေတယ်၊ ဟုတ်တယ်မဟုတ်လား စူးရှ''

အပြုံးစစလေးဖြင့် လှမ်းမေးသော ချယ်ကို စူးရှ ခေါင်းညိတ်

အဖြေပေးလိုက်သည်။

ရင်ထဲမှာတော့ အောင့်မျက်နာကျင်လိုက်သည့်ဖြစ်ခြင်း။

''စာချုပ်ချုပ်ပြီးတာနဲ့ သားဖွားမီးယပ် ပါရဂူဆီကို သွားကြရ

အောင်နော်''

ချယ်ရီမောင် တက်ကြွနေသလောက် မင်းပျို့၏အမူအရာ အေး

ကဲစက်နိုင်လွန်းနေသည်ဆိုတာကို စူးရှ ကောင်းကောင်းရိပ်မိနေသည်။

စူးရှလို ရုပ်ရည်ချောမောတဲ့အပျိုစင်တစ်ယောက်ကိုယ်ဝန်

ဆောင်ပေးမည်ဆို၍ အားနာနေတာလည်း ဖြစ်နိုင်သည်လေ။

ဘာပဲဖြစ်ဖြစ် စူးရှ ရင်တွေခုန်နေတာတော့ သေချာသည်။

ကိုယ်ချစ်မိသွားသူ၏ရင်သွေးလေးကို လွယ်ပေးရမည့်အတွေး

သာကဲ စိတ်လှုပ်ရှားစရာကောင်းတာ ရှိပါဦးမလား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

''အန် အန်တီချို စူးရှ စိတ်ထဲမှာကြောက်နေတယ်''

သားဖွားမီးယပ်ပါရဂူအခန်းထဲမဝင်ခင် ဘေးမှာရှိနေသော အန်တီချိုလက်ကို အားကိုးတကြီးဆုပ်ကိုင်ရင်း ခပ်တိုးတိုးပြောလို[illegible] သည်။

ချယ်ရီမောင်နှင့်မင်းပျို့က ဆေးရုံအုပ်ကြီးနှင့်စကားသွားပြေ[illegible] နေ၍ စူးရှ သွေးအနည်းငယ်ပျက်နေပုံကို မမြင်ကြ။

''ဘာမှမကြောက်ပါနဲ့ သမီးရယ် မနာပါဘူး''

စူးရှ ကြောက်မှာစိုး၍ နှစ်သိမ့်စကားပြောလိုက်ရပေမယ့် စူး[illegible] သားအိမ်ထဲကို မျိုးရိုးဗီဇ ဘယ်လိုပုံစံပြောင်းထည့်မလဲဆိုတာ အန်တီ[illegible] လည်းမသိ။



အန်တီချို့ သိတာက ကလေးမွေးတာလောက် မနာကျင်မခက် [illegible]ဘူးဆိုတာလောက်ပင် အကြမ်းဖျင်းသိထားသည်။

ဆေးရုံအုပ်ကြီးရုံးခန်းထဲမှ မင်းပျို့နှင့်ချယ်ရီမောင် လက်ချင်း [illegible]တ်ပြီး ထွက်လာသော မြင်ကွင်းကိုမြင်တော့ စူးရှ ရင်ထဲက စောစောက [illegible]ကြောက်စိတ်တွေထက် မနာလိုမရှုစိမ့်သော ခံစားမှုတွေသာ ရင်ထဲမှာ [illegible]လှပ်လှပ်ဖြစ်လာသည်။

ဘာမှမတတ်နိုင်မည့်အတူတူ အကြည့်ကို ဆေးရုံအဝင်အဝရှိ [illegible]တန်းတွေဆီသို့ ပို့လွှတ်ထားလိုက်သည်။

ကိုယ်ဝန်ဆောင်သည့် အနုအရင့်တွေအများကြီးကိုကြည့်ပြီး [illegible]လည်း ဒီလိုမျိုး ဗိုက်ကြီးသည့်ပုံစံနေရဦးမှာပါလားဟု တွေးပြီး စိတ်ထဲ [illegible] အားငယ်သလိုလို နောင်တပဲရချင်လိုလို။

သို့သော် ထိုနောင်တတွေသည် နောက်ပြန်လှည့်၍မရတော့။

''ကဲ သမီး ဟိုမှာလှမ်းခေါ်နေပြီ''

''ရှင် ဟုတ် ဟုတ်ကဲ့''

အိုဂျီအခန်းဝကနေ လှမ်းခေါ်နေသော ချယ်ရီမောင်ဆီသို့ [illegible]န်တီချိုနှင့်စူးရှ ခပ်သွက်သွက်လျှောက်သွားလိုက်သည်။

''အခန်းထဲ ဝင်လိုက်တော့ စူးရှ အိုဂျီနဲ့တွေ့ပြီး စစ်ဆေးစရာ [illegible]တာ စစ်ဆေးပြီး မေးခိုင်ကာကွယ်ဆေး ထိုးရအောင်''

''ရှင် ဆေး ဆေးထိုးရမယ်''

''ဟုတ်တယ် စူးရရဲ့၊ ဘာမှမကြောက်ပါနဲ့၊ အပြင်မှာ ချယ်ပို့



www.burmeseclassic.com

www.burmeseclassic.com



ရှိပါတယ်၊ ဒီနေ့ မျိုးဥပြောင်းတာ မလုပ်သေးပါဘူး''

''ဟင် ဘယ်တော့ပြောင်းမှာလဲ''

''မျိုးဥပြောင်းတာ မနက်ဖြန်မှလေ၊ မကြောက်ပါနဲ့ မျိုးဥပြောင်းတယ်ဆိုတာ ဆေးစစ်သလိုပါပဲ၊ နာကျင်တာလုံးဝမရှိပါဘူး''

စူးရလက်ကို ဆုပ်ကိုင်ကာ အားပေးနေသော ချယ်ရီမောင့်ကို ခပ်ဖျော့ဖျော့ပြုံးပြပြီး အိုဂျီအခန်းထဲသို့ ဝင်ခဲ့လိုက်သည်။

လှုပ်ရှားနေသော စိတ်တွေကြောင့် လူကယိုင်နဲ့နဲ့။

ကိုယ်ချစ်တဲ့ယောကျ်ားတစ်ယောက်ရဲ့မျိုးရိုးဗီဇကို ကိုယ့်ခန္ဓာကိုယ်ထဲ စီးဆင်းရမှာပဲ ဘာကြောက်စရာလိုလဲဟု ကိုယ့်ဖာသာပြန် အားပေးရင်း အဆင်သင့်စောင့်နေသော အိုဂျီ ဆရာဝန်မကြီးရှေ့ကို ယုန်သူငယ်လေးတစ်ကောင်လို ရောက်ရှိခဲ့သည်။

''ကဲ လာ သမီး၊ ခုတင်ပေါ်လှဲအိပ်လိုက်ပါ၊ သမီးရဲ့သားအိမ် အနေအထား စစ်ကြည့်ရအောင်နော်၊ အရင်ဆုံး လှဲအိပ်ပြီး ဒူးနှစ်ချောင်းကို ထောင်ကားထားပါ''

''ရှင်''

စူးရ မျက်လုံးပြူးသွားသည်။ အချစ်တစ်ခုကို အရင်းတည်လိုက်သည့် အတွက်တစ်ခုကြောင့် အပျိုစင်ဘဝရဲ့တစ်စိတ်တစ်ဒေသကို အရှက်ကင်းမဲ့စွာ ရက်ရောပစ်လိုက်ရမယ်တဲ့လား။

စူးရ ဘာတွေလုပ်မိနေပါလိမ့် . . . ။

■ ■ ■

အခန်း (၃၂)

''နိုင်ရှုံးသွားပြီ၊ နင့်မှာအသိစိတ်လုံးဝမရှိတော့ဘူး စူးရရယ်၊ ဒါလေ နင့်မိဘတွေရဲ့လိပ်စာ မသိလို့ သိရင် နင့်ရဲ့အရှုးကွက်နင်းနေတဲ့ ကိစ္စတွေကို ငါ ကိုယ်တိုင်သွားပြောလိုက်ပြီ သိလား''

ကိုယ်ဝန်စဆောင်နေပြီဖြစ်သော စူးရ၏ခပ်ဖျော့ဖျော့ပုံစံကို ကြည့်ပြီး ဒေါသတွေဖြစ်နေရသူက ကေကေပင်ဖြစ်သည်။

''နင့်ကို အန်တီချို ပြောလိုက်ပြီမဟုတ်လား၊ ကျွတ် အဲဒီ အန်တီချိုကလေ မပြောပါနဲ့ဆိုတာကို ပြောဖြစ်အောင်ပြောလိုက်သေးတယ်''

''အန်တီချိုက ပြောတာမဟုတ်ပါဘူး၊ ငါက အန်တီချိုကို သွားမေးတာလေ၊ ခုတစ်လော နင့်ပုံစံက မူမမှန်တာ အစားပျက် အအိပ်



www.burmeseclassic.com

www.burmeseclassic.com



ပျက်နဲ့ ဗိုက်ကြီးနာဆွဲသလို လူကပိန်လှီနေပြီ''

ကရုဏာဒေါသောနှင့် ပြောလာသော သူငယ်ချင်း၏စေတနာက ငြိမ်ခံနေရုံမှလွဲ၍ ဘာတတ်နိုင်မှာမို့လဲ။

''နင် အဲဒီယောက်ျားကို ဘာလို့ချစ်မှာလဲ၊ နင်နဲ့သူနဲ့ ဘယ်လို ပေါင်းစပ်လို့ မရလောက်အောင် သူ့မှာအိမ်ထောင်ရှိနေပြီးသားလေ''

ကေကေ့စကားကြောင့် နှုတ်ခမ်းဖျော့ဖျော့မှ နာကျင်ပြုံးတစ် လှစ်ခနဲ ပေါ်လာပြီး

''သူ့မှာအိမ်ထောင်ရှိပေမယ့် သူ့မိန်းမက ငါ့လောက်အစွမ်း လို့လား။ သူ့မိန်းမမှာမရှိတဲ့ အစွမ်းသတ္တိ ငါ့မှာရှိတယ်၊ အဲဒီကတည်းက ငါဟာ ချယ်ရီမောင့်ထက် သူ့ကိုစိတ်ချမ်းသာမှုတွေပေးနိုင်မယ်ဆိုတာ သူ သဘောပေါက်လာလိမ့်မယ်''

ကေကေ စိတ်ပျက်သောအကြည့်ဖြင့်ကြည့်ပြီး ခေါင်းကို ခ လေးလေးခါလိုက်ပြီး

''သူတို့နှစ်ယောက်က သိပ်ချစ်ကြတဲ့ ဇနီးမောင်နှံတွေဆိုတာ နင်မေ့သွားပြီလား''

''အဲဒီ အချစ်ဆိုတာက ခိုင်မြဲလို့လား၊ အိမ်ထောင်တစ်ခုမှာ ဆွဲဆောင်မှုအရှိဆုံးအချိန်က ကိုယ့်ဇနီးမှာ ကိုယ်ဝန်ရှိနေတယ်လို့ သိရတဲ့ အချိန်ပဲ၊ အဲဒီလိုပီတိမျိုးကို ချယ်ရီမောင်က ဆောင်ကျဉ်းပေးနိုင်လို့လား''

''အေးလေ နလုံးရောဂါသည်မို့ ကိုယ်ဝန်မဆောင်နိုင်လို့ နင် ကို သိန်းတစ်ရာငါးဆယ်နဲ့ အငှားကိုယ်ဝန်ဆောင်ခိုင်းပြီးပြီပဲ၊ ဘာပဲဖြ





ဖြစ် နင့်ဗိုက်ထဲမှာရှိနေတဲ့ သန္ဓေသားက နင့်ရဲ့သွေးတစ်စက်မှမပါဘူး ဆိုတာကိုတော့ နင် မမေ့နဲ့''

''မမေ့ပါဘူး ငါက မင်းပျို့ရဲ့ကလေးကို ကိုယ်ဝန်ဆောင်ပေး ထားရတယ်၊ ဒီတော့ မင်းပျို့ အရိပ်လိုကြည့်ပြီး ဂရုစိုက်ရမယ့်သူက ချိန်မှာ ဘယ်သူဖြစ်မယ်လို့ထင်လဲ အဟင်း ဟင်း သူ့မိန်းမထက် ငါ့ ကိုပိုပြီးဂရုစိုက်ရမှာမဟုတ်ဘူးလား''

''နင့်ကိုတော်တော် အံ့သြတယ်၊ ခု ငါ့ရှေ့မှာ လောဘပေါင်းစုံ တက်နေတဲ့သူက အရင်က ခင်စူးရှ မဟုတ်တော့သလိုပဲ''

''ဟုတ်တယ် အရင်က လင်းမြတ်ရဲ့ချစ်သူ ခင်စူးရှ၊ အခု သင်းမြတ်ကို ကလဲ့စားပြန်ချေပြီး သူ့အစ်ကိုဆီက အချစ်ကို အရယူ ယ့် ခင်စူးရှ''

''နင့်ဘဝကို မယားငယ်အဖြစ်ခံမယ်ပေါ့ ဟုတ်လား စူးရှ''

''ငါချစ်တဲ့သူကို ပိုင်ဆိုင်ရမယ်ဆိုရင် မယားငယ်ဘဝနဲ့လည်း နေနိုင်ရမှာပေါ့''

အဆုံးထိ ပြောခဲ့လိုက်သော စူးရှ၏ခပ်ပေါ့ပေါ့စကားကြောင့် ကေကေ့မှာ ပြောစရာစကားမရှိတော့။ စူးရှကို ခပ်တင်းတင်းကြည့်ပြီး ချာခနဲ လှည့်ထွက်သွားသည်။

စူးရှ နာနာကျင်ကျင်ရယ်ရင်း ကျန်ရစ်ခဲ့သည်။ ကံကြမ္မာက သူ့ကိုမျက်နှာသာမပေးမှတော့ သူကရော ဘယ်သူ့ကိုငဲ့ကွက်နေရဦးမှာ ဘဲလဲ၊



www.burmeseclassic.com

www.burmeseclassic.com



ပွဲန်း စိတ်နာစရာဂေဟာင်းလိုက်တဲ့ လောက။

■ ■ ■

"ဘယ်သူ့ ဖုန်းလဲ ကို"

"ခင်စုးရှ"

"ဘာတဲ့လဲ"

"သူ နေလို့သိပ်မကောင်းလို့ ဆေးခန်းလိုက်ပို့ပေးပါတဲ့"

ခင်စုးရှ နေမကောင်းဘူးဆို၍ ချယ်ရီမောင် စိတ်ပူသွားသည်

"ဟင် ဒါဆို ဆေးခန်းပို့ပေးရမှာပေါ့ ကိုရဲ့၊ သူ့ဗိုက်ထဲမှာ ချယ်တို့ကလေးရှိတယ်လေ"

"အေးပါ ကိုယ်သိပါတယ်၊ ညနေကျရင် လာခဲ့မယ်လို့ ပြော ထားတယ်၊ ချယ်ပါ လိုက်ခဲ့လေ"

"ညနေဆိုတော့ ချယ်လည်း ဒေါက်တာ့ဆီသွားရမှာပဲ၊ ဒါဆို ဒီလိုလုပ် ချယ့်ကိုဆေးခန်းအရင်ပို့ပြီးတာနဲ့ ကိုက ခင်စုးရှကိုသွားခေါ် လိုက်လေ၊ ချယ် ဒေါက်တာနဲ့ပြပြီးမှ အိုကိုဆီကိုသွားကြတာပေါ့၊ ပြော ကိုသွားရင်းနဲ့ ချယ်ဝယ်ထားတာလေးတွေပါ တစ်ခါတည်း ယူသွားလိုက် ပါ"

မင်းပျို့ လည်ပင်းမှ နက်ခ်တိုင်ကို သေချာချည်နှောင်ပေးသော ချယ့်ကိုငုံ့ကြည့်ရင်း ဘာများဝယ်ထားပြန်ပြီလဲဟုသော အကြည့်ဖြင့်

"ဘာတွေဝယ်ထားလို့လဲ ချယ်၊ ပြီးခဲ့တဲ့အပတ်ကလည်း အာဟာ ရဖြစ်မယ့်အစားအသောက်တွေရော အားဆေးတွေပါ သွားပို့ပြီးပြီလေ"

"ခုဟာက မီခင်လောင်းဂါဝန်လေးတွေ ဝယ်ထားလို့ပါ၊ နောက် ပြီး ခင်စုးရှတို့အိမ်ကြမ်းခင်းက တမံသလင်းဆိုတော့ ခြေထောက်များ အေးမလားလို့ သိုးမွေးဂွမ်းစွပ်ဖိနပ်လေးလည်း ဝယ်ထားတယ်၊ ကလေး သွားအောင် ရွှေငှက်ပျောသီးလေးလည်း ဝယ်ထားတယ်လေ"

ရင်သွေးအတွက် အကွက်စေ့ ထောင့်စေ့လွန်းသော ချယ့်ကို စိတ်မသက်မသာကြည့်ပြီး သက်ပြင်းခပ်ဖျော့ဖျော့ချကာ

"ချယ်ရယ် ဗိုက်ကဖြင့်မထွက်သေးဘဲနဲ့ မီခင်လောင်းဂါဝန် တွေဝယ်ထားရတယ်လို့ နောက်မှဝယ်လည်းရတာပဲ"

"ဩော် ကိုရယ်၊ ကြိုဝယ်ထားလိုက်တော့လည်း ပြီးတာပဲ၊ ဒါ ချယ်တို့ကလေးနော်၊ ဗိုက်ဆံကုန်မှာကို နမြောတွန့်တိုနေတာလား"

နှုတ်ခမ်းစူ မျက်ဝန်းထောင့်ကပ်ပြီး မကြည်မလင် မေးသော အမေးကြောင့် မင်းပျို့ ချယ့်ပခုံးနှစ်ဖက်ကို ခပ်ဖွဖွဆုပ်ကိုင်ကာ ဟက်ခနဲ ရယ်လိုက်သည်။

"ကိုယ့်ကလေးအတွက် ဒီထက်မက အဆပေါင်းများစွာ အကုန် ခံနိုင်တာပေါ့ ချယ်ရယ်၊ ခုဟာက ချယ် ဂရုစိုက်မှန်းသိလေ ဟိုက အခွင့်အရေးပိုယူလေနဲ့ ကိုယ်တော့ ခင်စုးရှကို သိပ်သဘောမကျဘူး"

"သဘောမကျလည်း ကျလိုက်ပါ ကိုရယ်၊ ကိုယ်ဝန်ဆောင်ချိန် ဆို ကိုယ်လက်မအီမသာဖြစ်တတ်တာ သဘာဝပါ၊ သူက အပျိုစင်တစ် ယောက်ဆိုတော့ ဘယ်နားလည်မှာလဲ၊ စိတ်ရှည်ရှည်လေး ဆက်ဆံပေးပါ ကိုရယ် နော်"





www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်တိုးလျှိုးသော မျက်ဝန်းအကြည့်ဖြင့် ပြောလာတော့ မင်းပျို့ ခေါင်းညိတ်ရပြန်၏။

"အင်းပါ ကိုယ် စိတ်ရှည်မှာပါ ချယ်ရယ်"

■ ■ ■

## အခန်း (၃၃)

"ဟယ် ဝိုက်ဖုံးအကျီုဂါဝန်လေးတွေပါလား၊ လှလိုက်တာ မင်း ...ရယ်၊ ဒါတွေ ဈေးအရမ်းကြီးမှာပဲနော်၊ ဟင် ဒါကရော ဘာလဲ အို ...မွှေးငွင်းစွပ်ဖိနပ်ပဲ ဝါး မင်းပျို့က စူးရှကို အရမ်းဂရုစိုက်တာပဲ"

မြူးကြွသွက်လက်လွန်းနေသော စူးရှကိုကြည့်ပြီး မင်းကိုဂရုစိုက် ...မဟုတ်ဘူး ကလေးကို ဂရုစိုက်တာလို့ ပြောလိုက်ချင်ပေမယ့် မပြော ...တော့။ အလိုက်သင့်ပင် ငြိမ်နေလိုက်တော့၏။

"သြော် ဒါနဲ့ ဒီနေ့ အိုကျိုဆီသွားပြရမယ့်နေ့လေ"

"ဟုတ်တယ် ဒါကြောင့် စူးရှကို လာခေါ်တာပေါ့"

"အင်း ဒါဆို ခဏလေးစောင့်၊ စူးရှ ပြင်လိုက်ဦးမယ်"

ပေါ့ပေါ့ပါးပါးနှင့် အိမ်ထဲဝင်သွားသော စူးရှကိုကြည့်ပြီး မင်းပျို့



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းခပ်ဖျော့ဖျော့ ချလိုက်သည်။

သိပ်မကြာလိုက် စူးရှ အခန်းထဲမှ ပြန်ထွက်လာသည်။

"မင်းပျို့ ဟိုလေ ဆေးခန်းကအပြန် စူးရှကို အကင်လိုက် ဝယ်ကျွေးပါလားဟင်၊ ခုတလော အသားကင်တွေကိုပဲ ချဉ်ခြင်းတက်တယ် မင်းပျို့ရယ်၊ ဟခြား ဘာမှကိုမစားချင်ဘူး"

"ဟင် ဟုတ်လား၊ ဒါ ဗိုက်ထဲက ကလေးကြောင့်ချဉ်ခြင်းတ တာဖြစ်မယ်၊ စိတ်ချ ဆေးခန်းကအပြန် စူးရှ စားချင်တဲ့အကင်ဆိုင် လိုက်ပို့မယ်"

ကိုယ့်သားသမီးနှင့်ပတ်သက်လာ၍ မင်းပျို့အကင်ဆိုင်မှာ လို ကျွေးဖို့ အားတက်သရောဖြစ်၍နေသည်။

နှစ်ယောက်သား အိမ်ခန်းတံခါးပိတ်ကာ လှေကားထစ်မှ ဆင် ဖို့ခြေလှမ်းရွယ်လိုက်ကြသည်။

ရုတ်တရက် စူးရှကိုယ်ခန္ဓာမှာ ဘေးသို့ယိုင်သွားသည်။

"အမလေး"

"ဟင် စူးရှ ဘာ ဘာဖြစ်တာလဲ"

"မူး မူးလို့"

ဘေးသို့လဲကျမသွားအောင် စူးရှကိုယ်လေးကို အချိန်မီလှမ်း ဖက်လိုက်သည်။ အခြေအနေကို အခွင့်အရေးယူသော စူးရှမှာ မင်းပျို့ ရင်ခွင်တွင် မှီရင်း နားထင်ကိုလက်နှင့်ဖိကာ

"ခုတစ်လော ခုလိုမျိုး ရုတ်တရက်မူး မူးနေတယ် မင်းပျို့ရယ်





ဘာဖြစ်တာလဲဟင်"

"အဲ ကျွန် ကျွန်တော်တော့ သေချာမသိပေမယ့် ချယ် ပြောတာကတော့ ကိုယ်ဝန်ဆောင်ကာစမှာ အဲလိုမျိုး ကိုယ်လက်မအီမသာ ဖြစ်တတ်တယ်လို့ ပြောတယ်၊ ဘာမှမပူနဲ့ပါနဲ့ ခုပဲ ဆေးခန်းရောက်တော့ ဆိုတော့လေ ဆရာဝန်ဆီရောက်ရင် သက်သာသွားမှာပါ"

"တကယ် သက်သာသွားမှာလားဟင်"

မင်းပျို့ရင်ခွင်မှာမှီရင်း မျက်နှာကိုပင့်မော့၍ မေးလိုက်သော ရှကို ငုံ့မိုးကြည့်ရင်း

"တကယ်ပါ ကျွန်တော့်ရင်သွေးလေးကို လွယ်နေတဲ့အချိန်မှာ စူးရှ ခံစားနေရတဲ့ဝေဒနာတွေအတွက် တောင်းပန်တယ်နော်"

"ရပါတယ် မင်းပျို့ရယ်၊ မင်းပျို့ရဲ့ရင်သွေးကို လွယ်ရလို့ ခုလို ဝေဒနာခံစားရတယ်ဆိုရင်လည်း စူးရှ ဘယ်လောက်ပဲဆိုးဝါးတဲ့ ဝေဒနာမျိုးဖြစ်ပါစေ ခံနိုင်ရည်ရှိရမှာပေါ့"

မျက်နှာချင်းနီးကပ်လျက် အပြန်အလှန် ပြောဆိုနေကြသော နှစ်ဦးသား၏ရင်တွင်းမှာ ခံစားချက်ချင်းက အရောင်မတူ။

မင်းပျို့က ရင်သွေးအတွက် စူးရှက သူ့နှလုံးသားခံစားချက်အတွက်။

မင်းပျို့ရင်ခွင်ဟာ စူးရှအတွက်တော့ နွေးမြပြီး ရင်ခုန်စရာ ကောင်းလိုက်တာ။ ဖြစ်နိုင်လျှင် မင်းပျို့ရင်ငွေ့ကို အမြဲတမ်း ခိုလှုံချင်မိ ၏။



www.burmeseclassic.com

www.burmeseclassic.com



''ကျွန် ကျွန်တော်တို့ မြန်မြန်ကားဆီသွားကြရဲအောင်နော်
ဆေးခန်းမှာ ချယ်စောင့်နေတယ်''

စူးရှ ကိုယ်လေးကို ရင်ခွင်ထဲမှ ခပ်သာသာဖယ်ထုတ်ရင်း
လှေကားပေါ်မှဆင်းလိုက်ကြသည်။

မင်းပျို့နှုတ်မှ ချယ်ဆိုသော စကားလုံးဟာ ရင်ဘတ်ချင်း
စပ်ဖို့မဖြစ်နိုင်ဘူးဆိုသည့် သတိပေးတားမြစ်ချက်တစ်ခုလို စူးရှအတွ
တော့ ဆူးညှောင့်ခလုတ်တစ်ခုပမာ။ ခုန်နေသော ရင်တွေပင် ဖရိုဖ
ပြန်၍ဖြစ်ရချေရဲ့။

''ချယ်ရီမောင်ပါ ပါတယ် ဟုတ်လား။ စူးရှက မင်းပျို့တ
ယောက်ထဲ ဆေးခန်းလိုက်ပြပေးမယ်ထင်နေတာ''

စူးရှ အသံမှာ သိပ်ပြီးအသက်မပါလှတော့။

■ ■ ■

အခန်း (၃၄)

မင်းပျို့ကားနှင့်ဖြတ်ပြန်မည့်လမ်းမှာ ကြိုစောင့်နေသော စူးရှ
သက်မှ နာရီကိုငုံ့ကြည့်လိုက်သည်။

ဒီအချိန်ဆို ဒီလမ်းကနေ မင်းပျို့၏ကားဖြတ်မောင်းနေကျ။
နေ့မှ ဘာလို့နောက်ကျနေရတာပါလိမ့်။ ကြိုတင်ကြံစည်ထားသော အကြံ
အစည်တွေ ပြီးမြောက်ဖို့အတွက် စူးရှအဖို့ ဒီလောက်တော့ ရင်းနှီးပေး
ဆပ်ရတော့မည်။

စူးရှနှင့်မင်းပျို့ကြားမှ ရင်းနှီးမှုတို့သည် ချယ်ရီမောင်မပါဘဲနှင့်
သူ့အလိုလို ပို၍ပို၍ ကျွမ်းဝင်သွားရမည်။

မင်းပျို့၏တစ်နေ့တာအချိန်တွေမှာ မင်းပျို့အတွေးထဲကို စူးရှ
ပါမဖြစ် ပါကိုပါလာရမည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဝန်ပြမည့်နေ့မျိုးဆိုလျှင် ချယ်ရီမောင်မပါမဖြစ်ပါနေ စူးရှုအဖို့ အခွင့်အရေးမရနိုင်။ အနားမှာ ဖနီးချောလေးရှိနေမှတော့ မင်းပျို့ကရော စူးရှုကို ဘယ်လိုလုပ် အာရုံထားနိုင်တော့မည်လဲ။

ဒီတော့ မင်းပျို့နှင့်စူးရှု နှစ်ယောက်ထဲရှိသည့်အချိန်တွေဖြ လာဖို့ စူးရှု ဖန်တီးရတော့မည်ပေါ့။

အတွေးတွေပင် မဆုံးသေးခင် မင်းပျို့၏ကားကို ခပ်လှမ်းလှမ်း မှမောင်းလာသည်ကို ဖျတ်ခနဲ လှမ်းတွေ့လိုက်သည်မို့ ခပ်ငြိမ့်ငြိမ့်လေ မောင်းလာသော ကားကို ခပ်မြန်မြန်ကျော်ခိုင်းပြီး လမ်းလျှောက်လာ လိုက်သည်။

''တီ တီ တီ''

မင်းပျို့ကားဟွန်းသံကြောင့် လမ်းလျှောက်နေရင်းမှ အကြ အောင်သူလို လှစ်ခနဲ ပြုံးလိုက်သည်။ ထိုအပြုံးကိုပြန်သိမ်းကာ အနောက် သို့လှည့်ကြည့်လိုက်သည်။

''ဒါက ဘယ်ကပြန်လာတာလဲ စူးရှု''

''ဩော် မင်းပျို့ပါလား''

မင်းပျို့အမေးကို ချက်ချင်းမဖြေဘဲ ရုတ်တရက် မထင်မှတ် တွေ့လိုက်ရသူလို အံ့ဩဟန်ပြလိုက်သည်။

''တက် ကားပေါ်ကို''

အမိန့်သံဆန်သော လေသံဖြင့် ကားပေါ်တက်ခိုင်းလိုက်သည် မင်းပျို့စကားကြောင့် စူးရှု ကားတံခါးဖွင့်၍ ဝင်ထိုင်လိုက်သည်။





''ကိုယ်ဝန်လွယ်ထားရတာကို ဘယ်တွေလျှောက်သွားနေတာလဲ ရှု''

''အလုပ်ကထွက်လိုက်ရပြီဆိုတော့ စူးရှုမှာ ဘာအလုပ်မှမရှိ တော့ဘူးလေ၊ ဒါကြောင့် စိတ်ပြေလက်ပျောက်လည်းဖြစ်အောင် ကိုယ် က်လှုပ်ရှားမှုလေးလည်းရှိအောင် လမ်းလျှောက်ထွက်တာပါ၊ ဟိုနားက မ်မှာဆယ်တန်းကျောင်းသူတစ်ယောက်ကိုလည်း စာလာပြရင်းနဲ့ပေါ့''

''ဘယ်လို စာပြတယ် ဟုတ်လား''

''အင်း ဟုတ်တယ် မင်းပျို့ရဲ့၊ ဒီကိုယ်ဝန်မဆောင်ခင်တုန်းက ရင်လေ ကုမ္ပဏီအလုပ်အပြင် ညနေပိုင်းကိုက်ပါလိုက်လုပ်တယ်လေ၊ ပိုဝင်ငွေရအောင်ပေါ့''

''အခု မင်းမှာငွေမလိုတော့ဘူးပဲ၊ ဒါကြောင့် ဂိုက်လည်းမလုပ် တော့၊ မတော်လမ်းသွားရင် ခြေချော်လက်ချော်ဖြစ်သွားရင် ကိုယ့် လေးကြားထဲက ဒုက္ခရောက်မှာ''

ကလေးနှင့်ပတ်သက်ပြီး အားမနာတမ်း ပြောလိုက်သည်။

''အမလေး စိတ်ချပါ ရှင့်ကလေး စူးရှုကြောင့် ဘာမှမဖြစ်စေ ဘူး။ စူးရှုကလည်းလေ ရှင်တို့နဲ့ထပ်တူ ဝမ်းနဲ့လွယ်ထားရလို့လား ဘူး၊ ဒီကလေးကို အရမ်းချစ်နေတာ''

စူးရှု စကားကြောင့် မင်းပျို့ မျက်နှာပျက်သွားသည်။

''မင်းချစ်ဖို့မလိုပါဘူး။ ဒီကလေးမွေးပြီးတာနဲ့ ဒီကလေးကို ည့်ခွင့်မရှိဘူးဆိုတဲ့အချက် စာချုပ်ထဲမှာပါပြီးသားလေ၊ မင်းမွေးနေ့ထဲ



www.burmeseclassic.com

www.burmeseclassic.com



က ထွက်လာတာနဲ့ ကျန်တဲ့ငွေသိန်းတစ်ရာကို ချက်ချင်းပေးမှာပါ"

ကိုးလလွယ် ဆယ်လဖွား အသက်စွန့်ပြီး မွေးပေးရမည့်ကလေ

ကို စူးရှ မြင်ခွင့်မရဘူးဟု ပြတ်ပြတ်သားသား ပြောလာသော မင်းပျို့

နားမလည်စွာကြည့်ကာ မဲ့ခနဲ ပြုံးလိုက်သည်။

ရှင့်ကလေးတင်မဟုတ်ဘူး ရှင့်ကိုပါ အပိုင်သိမ်းမှာ' ဟု စိတ်

မှ ခပ်ကြိတ်ကြိတ် ကျိန်းဝါးလိုက်သည်။

တကယ်တမ်း နှုတ်မှထွက်ကျလာသည့်စကားလုံးအချို့က

''အင်းလေ ဒီအချက်တွေက စာချုပ်ထဲမှာပါပြီးသားပဲ၊ စူး

လိုက်နာရမှာပေါ့၊ ရှင်တို့ကလေး ကျန်းမာရေးအတွက် အငှားကိုယ်

သည့်ကို စိတ်ချမ်းသာအောင်ထားပေးရမယ်ဆိုတာကိုလည်း မမေ့

ဆိုရင်ပေါ့''

စူးရှကလည်း ခေသူမှမဟုတ်တာ။ ဒီယှန်မြင်လို့ ဒီခြေထွင်

သည့်အတွက် ဒီလောက်တော့ အလိုက်သင့်မျှောပေးရမည်။

''ဒါတော့ စိတ်ချ၊ အခုလည်း စူးရှအတွက် ချယ်က လိုအ

ချက်မရှိအောင် ပံ့ပိုးပေးနေတာပဲလေ၊ စူးရှဘက်ကသာ ကိုယ့်က

ကျန်းမာရေးအတွက် အနေအထိုင်အစ အသွားအလာပါ အထူးဆင်

ပေးပါ''

''စိတ်ချပါ မင်းပျို့ရဲ့၊ ခုလေ ကိုယ်ဝန်သည်ဆိုတဲ့အသိကြော

ကိုယ့်ကိုယ့်ကိုယ် သက်သောင့်သက်သာ ဖြစ်အောင်နေပါတယ်၊ အဲ တ

ပဲ တောင်းဆိုချင်တယ်''





ဘာတောင်းဆိုမှာလဲဟူသောအကြည့်ဖြင့် ကားမောင်းရင်း

လှည့်ကြည့်လိုက်သည်။

''ဆရာဝန်ကပြောတယ်၊ ကလေးမွေးဖွားရလွယ်အောင် လမ်း

များများလျှောက်ပေးရမယ်တဲ့၊ ဒါမှ ကလေးလည်း ဗိုက်ထဲမှာချောင်

ချောင်ချိချိကိုယ်လက်လှုပ်နိုင်မယ်၊ ကျန်းမာရေးလည်း ကောင်းမယ်၊

ကလေးရဲ့အဆုတ်လည်း ကျန်းမာမယ်၊ မွေးရတာလည်း လွယ်ကူမယ်

တဲ့''

''ဒီတော့''

''အင်း ညနေခင်းတိုင်း အပြင်မှာလေကောင်းလေသန့်ရှူရင်း

လမ်းလျှောက်ချင်တယ်၊ အဲဒါလေ စူးရှ သူငယ်ချင်း ကေကေ့ကို လမ်း

လျှောက်ရင် အဖော်လိုက်ဖို့ အကူအညီတောင်းကြည့်တယ်၊ သူကလည်း

ရှေ့အပတ်ထဲမှာ လက်ထပ်တော့မှာဆိုတော့ မင်္ဂလာကိစ္စတွေ ရှုပ်နေတာနဲ့

စူးရှကို အဖော်မလုပ်ပေးနိုင်ဘူး၊ အဲဒါကြောင့်လေ မချယ်ရီမောင်များ

စူးရှကို အကူအညီပေးနိုင်မလားလို့ပါ''

နှလုံးရောဂါသည်က စူးရှကို ဘယ်လိုကူညီနိုင်မလဲ စူးရှ သိတာ

ပေါ့။ ချယ်ရီမောင် မကူညီနိုင်လျှင် မင်းပျို့က အလိုလိုနေရင်း စူးရှ၏

လမ်းလျှောက်ဖော်ဖြစ်လာလိမ့်မည်။

အဟက် စူးရှအကြံ မပိုင်ဘူးလား။

''ချယ်က ကူညီနိုင်မယ်မထင်ဘူး၊ အိမ်မှာတောင် သူ့ကို ဘာ

မှမလုပ်ခိုင်းဘဲ သက်သောင့်သက်သာ နေခိုင်းထားတာလေ''



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဒီကလေးကျန်းမာရေးအတွက် စူးရှ လမ်းမလျှောက်ရတော့ဘူးပေါ့၊ အင်းလေ ဒါ ရှင်တို့ကလေးပဲ ရှင်တို့မှ မကူညီနိုင်လည်း စူးရှက ဘာတတ်နိုင်မှာလဲလေ"

စူးရှထံမှ ထိုသို့သော စကားမျိုးထွက်လာတော့ မင်းပျို့ ပျာပျာသလဲ ငြင်းဆန်ကာ

"အဲ အဲလိုလည်း မဟုတ်ဘူးလေ၊ ကျွန်တော်တို့ တခြားနည်းလမ်းပြောင်းပြီး စဉ်းစားကြတာပေါ့၊ ဒါနဲ့ အန်တီချို့ကို အကူအညီတောင်းကြည့်ရင်ရော ဖြစ်မလား"

ဖြစ်နိုင်ချေရှိတာတွေကို ပိုင်းစဉ်းစားပေးနေသော မင်းပျို့၏ အကြံက စူးရှအကြိုက်မှ မဟုတ်တာ။

"အန်တီချိုက သူ့မြေး သူ့သားသမီးတွေရဲ့ဝေယျာဝစ္စက အများသားဆိုတော့ စူးရှကို ဘယ်လိုလုပ် အဖော်အဖြစ် လိုက်ပေးလို့ရမှာလဲ ကဲပါ နေပါစေတော့ မင်းပျို့ကို သက်သက်မဲ့ဦးနှောက်စားခိုင်းသလို ဖြစ်နေပါပြီ၊ စူးရှတစ်ယောက်ထဲ လမ်းလျှောက်ထွက်လည်း ဖြစ်နေတာပဲ"

လေသံဖျော့ဖျော့ဖြင့် ဆန္ဒတွေကို တစ်ထစ်လျှော့ပစ်လိုက်သည်။ မင်းပျို့ကို သွေးတိုးစမ်းသည့်သဘော

"မင်းပျို့ သက်မမောကို စိတ်မသက်မသာချရင်း

"ကဲပါ ဒါဆိုလည်း ညနေ ကုမ္ပဏီကပြန်လာတိုင်း စူးရှဆီကို ကျွန်တော်ဝင်ခဲ့မယ်၊ ကျွန်တော်ပဲ အဖော်လုပ်ပေးပါတော့မယ်"





"အို မဟုတ်တာ ရှင်လည်း အားတာမှမဟုတ်တာ၊ စူးရှအတွက် အဲလောက်အချိန်ပေးဖို့ မလိုပါဘူး"

ဟန်ဆောင်ငြင်းလိုက်သည်။ ကိုယ့်ဘက်က လိုလိုချင်ချင်နှင့် ဝမ်းသာပြ၍မဖြစ်။

"စူးရှအတွက် အချိန်ပေးတာမဟုတ်ပါဘူး၊ ကျွန်တော့်ကလေးအတွက်အချိန်ပေးတာပါ"

"ဩော် အင်း ဟုတ်သားပဲ၊ ဒါဆိုရင်တော့ ရှင့်သဘောပဲလေ၊ ညနေတိုင်း စူးရှအိမ်အောက်ထပ်က ဆင်းစောင့်နေမယ်လေ"

"ဟာ မစောင့်ပါနဲ့၊ အိမ်ပေါ်မှာပဲစောင့်၊ စူးရှ တစ်ယောက်ထဲ ပေါ့မပါးနဲ့ လှေကားထစ်တွေပေါ်က တစ်ယောက်ထဲဆင်းလို့မဖြစ်ဘူး၊ စူးရှတို့တိုက်လှေကားက မတ်တယ်၊ ဘေးကအဖော်ပါမှဖြစ်မှာ"

အသေးစိတ်ကအစ ဂရုစိုက်ပေးသော မင်းပျို့၏ဂရုစိုက်မှုတွေအတွက် စူးရှအဖို့ ထခုန်မိမတတ် ဝမ်းသာသွားသည်။

စူးရှအနားမှာ အချိန်ပြည့်မနေနိုင်လျှင်တောင် အချိန်အပိုင်းအခြားတစ်ခုလောက် အနားမှာရှိနေပေးရင်လည်း စူးရှအတွက် အခွင့်အရေးအသစ်တွေ ထပ်ပြီးဖန်တီးလို့ရမှာ အမှန်။

ဒီနေ့အဖို့တော့ စူးရှ ဂွင်ဖန်တာ ဒီလောက်ဆိုလျှင် လုံလောက်ပြီ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

"ဟာ ဟော့ ခင်စူးရှ မင်း ဘာတွေစားနေတာလဲ"

အိမ်တံခါးတွန်းဖွင့်ပြီး ဝင်လိုက်သည်နှင့် မြင်လိုက်ရသည် မြင်ကွင်းက စိတ်ထဲမှာ ဘယ်လိုမှမျှသိပ်ထားၡ်မရလောက်အောင်ကဲ ဒေါသဖြစ်ရ၏။

"ဟင် ထမင်းစားနေတာလေ"

ဆက်တီခုံပေါ်တွင် ငပိတို့စရာစုံလင်စွာဖြင့် ထမင်းကိုမြိန်ေ ယှက်ရေစားနေသော စူးရှမှာ မင်းပျို့ကို ဘာမှမဖြစ်သလို ထမင်းပန်းကန် ကိုမြှောက်ပြရင်း ခပ်အေးအေးဖြေသည်။

"သိတယ်လေ ခင်ဗျား ထမင်းစားနေတာ မြင်တယ်၊ ဒါပေမဲ့ ဒီလောက် ငရုတ်သီးအရောင်တွေနီရဲနေတဲ့ထမင်းကိုစားရအောင် ခင်ဗျား က သာမန်လူလား"





စိတ်ပေါက်ပေါက်ဖြင့် ခင်ဗျားဟူသော နာမ်စားဖြင့် ရင့်သီးစွာ ပြောလိုက်သည်။ စူးရှ မျက်နှာပျက်သွားပေမယ့် ဘာမှမဖြစ်သလို ပေါ့ ပေါ့ပါးပါးဟန်ဖြင့် ရယ်လိုက်ရင်း

"အို မင်းပျို့ရယ် ဒီလောက်လေးစားရုံနဲ့ ဘာဖြစ်မှာလဲလို့"

"ဟာ စကားကို အဲလိုလွယ်လွယ်မပြောနဲ့၊ မင်းဗိုက်ထဲမှာ ရှိ နေတဲ့ကလေးဟာ ကျွန်တော်တို့ကလေး၊ ဒီလောက်အစပ်တွေ တရားလွန် စားနေရင် ကလေးဒုက္ခဖြစ်မှာပေါ့"

စူးရှ လက်ထဲမှ ထမင်းပန်းကန်ကိုဆွဲယူကာ ဆက်တီစားပွဲပေါ် ဆောင့်ချလိုက်သည်။ မင်းပျို့ တကယ်စိတ်ဆိုးနေမှန်းသိ၍ မျက်နှာချို သွေးကာ

"စိတ်မဆိုးပါနဲ့ မင်းပျို့ရယ်၊ ဒီနေ့လေ အိမ်မှာဟင်းမရှိတာနဲ့ မနေ့က ဟင်းကျန်နဲ့စားရလို့ပါ၊ အရင်ကဆို ကေကေက သူ့ရုံးကပြန် တာတိုင်း ဈေးဝယ်လာတယ်၊ ခုတော့ သူ့မင်္ဂလာပွဲအတွက် အလုပ်တွေ ရှုပ်နေတာနဲ့ စူးရှလည်း ဖြစ်သလိုကြံသလို စားနေရတာလေ၊ ရှေ့လျှောက် သူမရှိတော့ ဒီအိမ်မှာ စူ ရှတစ်ယောက်ထဲ ကျန်ခဲ့ရရင် ချက်ပြုတ်စား သောက်ဖို့အတွက် ခက်ဦးမှာ"

"ဘယ်လို မင်းတစ်ယောက်ထဲ နေရတော့မယ် ဟုတ်လား"

"အင်း ဟုတ်တယ် ဒီအိမ်က ကေကေ့အဒေါ်ရဲ့အိမ်လေ၊ ကေကေ အိမ်ထောင်မကျသေးလို့ စူးရှနဲ့နှစ်ယောက်အတူနေခွင့်ပြုထား တာ၊ ကေကေက လက်ထပ်ပြီးရင် သူ့ယောကျ်ားအိမ်မှာ လိုက်နေမှာလေ၊



www.burmeseclassic.com

www.burmeseclassic.com



ရှူးရှတစ်ယောက်ထဲ ကေကေ့အဒေါ်မဖယ်နိုင်းမချင်းတော့ နေခွင့်ရမှာပ

မျက်နှာငယ်ဖြင့်ပြောနေသော ရှူးရှကိုကြည့်ပြီး သူ့အခက်အခဲ အတွက် စိတ်ပူရပြန်သည်။

"ဒါဆို မင်း ဘယ်မှာနေမှာလဲ"

"ဒီလိုပဲ အဆင်ပြေတဲ့နေရာလေးတစ်နေရာရှာပြီး ငှားနေရမှာ ပေါ့"

ရှူးရှ မျက်နှာမှာ တကယ့်အခက်အခဲ ရှိနေဟန်ဖြင့် သနားစရာ ပင်ကောင်းနေသဖြင့် စောစောကဒေါသတွေပင် ဘယ်ရောက်ကုန်သွား မှန်းမသိတော့။

အိမ်ပြန်ရောက်လျှင် ချယ်နှင့်တိုင်ပင်ပြီး နေစရာတစ်ခုစီစဉ် ပေးမည်ဟု စိတ်ထဲကပင် တွေးလိုက်ပြီး

"ကဲ ကဲ မင်းထမင်းစားတာ မြန်မြန်လက်စသတ်လိုက်တော့ လမ်းလျှောက်ထွက်ရဦးမယ် မဟုတ်လား"

"ရှူးရှ ဗိုက်တောင် သိပ်မပြည့်သေးဘူး"

"ကဲပါ အပြင်မှာတစ်ခုခုဝယ်ကျွေးပါ့မယ်"

"တကယ် ဒါဆိုရင် ရွှေတောင်တန်းက ကြေးအိုးလေးသောက် ချင်တယ်"

ပေါ်လာသမျှ အခွင့်အရေးကို လက်မလွှတ်တမ်း အမိအရ တောင်းဆိုနေသော ရှူးရှကို မင်းပျို့ ခေါင်းညိတ်ပြလိုက်သည်။

"ဟေး တကယ်နော် ရှူးရှလေ ကြေးအိုးသောက်ချင်နေတာ





ကြာပြီ ရှင့်ကလေးက တော်တော်အစားကောင်းအသောက်ကောင်းတွေ ကြိုက်တာပဲ ခစ် ခစ် ခစ်"

သာယာသော ညနေခင်းလေးမှာ မင်းပျို့နှင့်အတူ လမ်း လျှောက်ထွက်ရင်း စားချင်တာတွေကို ဝယ်ကျွေးနိုင်းပြီး မင်းပျို့၏ဂရုစိုက် မှုတွေကို လူအချို့က ဂရုပြုမိလာအောင် လုပ်မည့်ရှူးရှ၏အကြံကို မင်းပျို့ သိနည်းနည်းလေးမှ မရိပ်မိ။

အရာရာတိုင်းကို ကလေးအတွက်ဆိုသည့် စိတ်တစ်ခုထဲနှင့် ဆိုက်လျှောနေမည့်အချက်ဟာ သူတို့၏အမိက အားနည်းချက်တစ်ခုပင်။

■ ■ ■

"အို ဘုရား ဘုရား ငရုတ်သီးအစပ်တွေ စားနေတာကို တွေ့ ခဲ့တယ် ဟုတ်လား ကို"

"ဟုတ်တယ် ချယ် ကိုယ်လည်း တွေ့တွေ့ချင်း အရမ်းဒေါသ ထွက်သွားတယ်၊ အဲလိုမှန်းသိရင် ခုလို အသေးအမွှားကိစ္စလေးကအစ အချုပ်ထဲမှာ ထည့်ပြီးရေးလိုက်ပါတယ်ကွာ"

"ဒါဆို ဘယ်လိုလုပ်ကြမလဲ ကို၊ ဗိုက်ထဲမှာ ကလေးရှိနေရဲ့ သားနဲ့ ခုလို အစားအသောက် အနေအထိုင် မဆင်ခြင်တာကို ချယ် သဘောမကျဘူး"

ကလေးအတွက် မင်းပျို့တင် စိုးရိမ်တာမဟုတ်၊ ချယ်ပါ စိုးရိမ် စိတ်တွေဝင်လာသည်။

"ဒီထက်ဆိုးတာ တစ်ခုရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ချယ် မျက်လုံးအဝိုင်းသားဖြင့် မင်းပျို့ကိုကြည့်သည်။

"ဘာ ဘာများလဲ ကိုရယ်၊ ချယ် ရင်ထိတ်လိုက်တာ"

"အခု သူနေတဲ့တိုက်ခန်းက သူ့ကိုယ်ပိုင်မဟုတ်ဘူး။ သူငယ်ချင်းရဲ့အဒေါ်က အဲဒီသူငယ်ချင်းကိုပေးနေတာ၊ သူပါ အဖော်လိုက်နေတဲ့သဘောပေါ့၊ ခု အဲဒီသူငယ်ချင်းက လက်ထပ်တော့မှာမို့ သူနေဖို့ နေရာတစ်နေရာရှာဦးမယ်တဲ့၊ သူ့ဟာသူ ဘယ်နေရာမှာငှားနေနေ စိတ်မဝင်စားပေမယ့် ကိုယ့်ကလေးအတွက်တော့ စိတ်ပူတယ် ချယ်ရာ"

"ဟင် တော်ကြာ ချယ်တို့ရှာမတွေ့နိုင်တဲ့နေရာကို ပြောင်းသွားရင် ဘယ်လိုလုပ်မလဲ ကို"

"မဖြစ်နိုင်လောက်ဘူးလို့ ထင်ထားပေမယ့်လည်း ဒီအချက်ကို ပေါ့ဆလို့မရပြန်ဘူး၊ လူ့စိတ်ဆိုတာ ခုတစ်မျိုး တော်ကြာတစ်မျိုး ပြောင်းလဲနေတာ"

"ဒါဆို ဘယ်လိုလုပ်ကြမလဲ ကို၊ ချယ်ကတော့ ချယ့်ရင်သွေးလေးကို အဆုံးရှုံးမခံနိုင်ဘူး"

သားသမီးဇောကြောင့် ချယ့်မျက်နှာမှာ ညှိုးရိပ်သမ်းလာသည်။ မျက်ရည်တို့ရစ်ဝိုင်းစပြုလာပြီး

"ချယ် တစ်ခုစဉ်းစားမိပြီ ကို"

"ဘာများလဲ ချယ်"

"သူ့ကို တခြားနေရာမှာနေမယ့်အတူတူ ချယ်တို့နဲ့ခေါ်ထားရင်ရော"

"ဟာ မဖြစ်ပါဘူး၊ ခင်စုးရှုပုံစံက ခပ်လည်လည်ရယ်၊ ကိုယ်မရှိတဲ့အချိန် ချယ့်ကို သွန်လိုသွန် မှောက်လိုမှောက် လုပ်သွားလိမ့်မယ်"

စိတ်ကောင်းရှိလွန်းသော ချယ်ကို ခင်စုးရှု၏အလွှမ်းမိုးမခံနိုင်။

"ဒါဆို ချယ်တို့ကလေးကို ဒီအတိုင်း မျက်စိကွယ်ရာမှာ လွှတ်ထားရမှာလား ကိုရယ်"

ချယ့်အမေးကြောင့် မင်းပျို့ တွေဝေသွားသည်။ ချယ်ပြောသလို ခင်စုးရှု ခန္ဓာကိုယ်ထဲရောက်နေသော ရင်သွေးလေးအတွက် စိတ်မချ …မိတာတော့ အမှန်ပင်။

ချယ်ပြောသလို ခင်စုးရှုကိုအိမ်မှာ ခေါ်ထားလိုက်လျှင် ကမ္ဘာကြီးအပြန် သူ့ဆီဝင်ပြီး လမ်းလျှောက်ဖော်လုပ်ပေးရသည့် ဝဋ်ဒုက္ခက လွတ်မြောက်နိုင်သည်။ ဒါ့အပြင် အနေအထိုင် အစားအသောက် ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းကအစ ဘေးမှနေပြီး ချယ် ဂရုစိုက်ပေး၍ ရသည်။

ကိုယ့်ရှေ့မှာဆိုလျှင် စိတ်လွှတ်ကိုယ်လွှတ်မနေတော့။ ဒါဆို ကိုယ့်ရင်သွေးကို ကိုယ်အနီးကပ်ပြုစုစောင့်ရှောက်ရာကျသည်မို့ ချယ့်ရင်ထဲမှ စိုးရိမ်စိတ်တွေ ပြေပျောက်နိုင်သည်။

"အင်းလေ ဒါဆိုရင် သူ့ကိုအိမ်မှာခေါ်ထားဖို့ ချယ်ပဲ ကြည့်ပြောလိုက်ပါ"

မင်းပျို့ထံမှ ခွင့်ပြုချက်ရပြီမို့ ချယ့်မျက်နှာပေါ်က သောကရိပ်တွေ ကင်းစင်သွားသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

"ဟင် နင့်မိတ်တွေကို အိမ်ထောင်ကျသွားပြီလို့ အသိပေးလို[ုက်]
တယ် ဟုတ်လား စူးရှ"

စူးရှ လုပ်ရပ်တွေကို ကေကေ ဘယ်လိုမှ နားမလည်နိုင်တော[့]

"ဟုတ်တယ် အဲလိုမပြောလို့ မရတဲ့အခြေအနေမို့ အသိပေး
လိုက်ရတာပါ၊ အငှားကိုယ်ဝန်ဆောင်တယ်ဆိုတာကို သူတို့ ဘယ်လ[ို]
လက်ခံနိုင်ကြမှာမဟုတ်ဘူး"

"ငါတော့ နင့်စိတ်ကြီးကိုကြောက်လာပြီ စူးရှ နင့်လုပ်ရပ်[တွေ]
ရဲ့နောက်ဆုံးရလဒ်က ဘယ်လိုထွက်လာမယ်ဆိုတာ မသိပေမယ့် ငါ
တော့ နင့်အတွက်ရင်လေးတယ်"

"ရင်မလေးပေးပါနဲ့ ဖြစ်တာမို့ ငါဘာပဲလုပ်လုပ် ဒီအတ[...]





လေးပဲ ထိုင်ကြည့်ပေးလိုက်ပါတော့ ကေကေရယ်၊ ခုဆို ငါကြိုးစားမှု
တွေ အရာထင်လာပြီ၊ မင်းပျို့နဲ့ငါနဲ့ တဖြည်းဖြည်း နီးလာသလို ခံစား
ရတယ်လေ"

"သူများအိမ်ထောင်ရေးကိုဖျက်စီးပြီးမှ နင် စိတ်ချမ်းသာရမယ်
ဆိုရင် အဲဒီစိတ်ချမ်းသာမှုတွေက ဘယ်အတိုင်းအတာ ထိ အခွန့်ရှည်မှာလဲ
စူးရှရယ်၊ အဆုံးသတ်မှာ မကောင်းဘူးလို့ပဲ ငါပြောချင်တယ်"

"ငါက ငါဆုံးရှုံးခဲ့တာကို အစားပြန်ယူတာလေ၊ ငါဆိုတဲ့ ခင်စူးရှ
က ဘယ်အလုပ်မဆို အကွက်ကျကျ စီမံပြီး ကိုယ်လိုချင်တာကို ရအောင်
ယူတတ်တဲ့သူပါ၊ အဟင်း နင်သိရင်လေ မင်းပျို့နဲ့ငါ ညနေတိုင်းလမ်းအတူတူ
လျှောက်တယ်၊ ဟောဒီလှေကားကို သူနဲ့ငါ အတူတူဆင်းတိုင်း ငါ့လက်
မောင်းကိုဖေးမပြီး ဆင်းပေးတယ်၊ မင်းပျို့ရဲ့ဂရုစိုက်မှုတွေအားလုံးက
အရမ်းကိုသိမ်မွေ့ညင်သာတယ်၊ လူတွေက သူနဲ့ငါ့ကို လင်မယားလို့
ထင်ပြီး ကြည့်ကြည့်သွားကြတယ်၊ အဲဒီလိုအခါမျိုးတိုင်းမှာ ငါလေ မင်းပျို့
လက်မောင်းကို မှီတွယ်ပြီး လမ်းလျှောက်ချင်လိုက်တာဟယ်၊ သူနဲ့ငါ
တကယ့်အကြင်လင်မယားဖြစ်ရင် ဘယ်လောက်ကောင်းလိမ့်မလဲ"

လောဘတွေ အတ္တတွေနှင့်ကမ်းကုန်အောင် ရူးသွပ်နေသော
စူးရှကိုကြည့်ကာ ကေကေ ရွံရှာစက်ဆုပ်စွာဖြင့် မဲ့လိုက်သည်။

ထိုစဉ် လူခေါ်ဘဲလ်ခေါင်းလောင်းမြည်လာသဖြင့် ကေကေ
သွားဖွင့်ပေးလိုက်သည်။

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ချယ်ရီမောင်မောင်၏အပြုံးချိုချိုလေးကိုမြင်တော့ ကေကေ မျက်နှာပျက်သွားသည်။ စောစောက သူတို့နှစ်ယောက်ပြောနေတာတွေများ ကြားသွားပြီလားပေါ့။

"ဘယ်သူလဲ ကေကေ"

"မချယ်ရီမောင်မောင်ပါ"

ချယ်ရီမောင်လည်းဆိုရော စူးရှ ထိုင်နေရာမှ တံခါးဝသို့ ထွေ့ခနဲ ရောက်လာသည်။

"စူးရှ နေကောင်းတယ်နော်"

"အင်း ကောင်း ကောင်းပါတယ်၊ ဖုန်းမဆက် ဘာမဆက်နဲ့ ဖြုန်းစားကြီး ရောက်လာတာ ဘာများအရေးကြီးကိစ္စရှိလို့လဲ"

"ကဲ စူးရှ နင်သိချင်တာ နောက်မှမေးလေ၊ ခုလောလောဆယ် ညည်းသည်ကို အိမ်ထဲအရင်ဝင်ခိုင်းပါဦးလားဟယ်"

ကေကေ သတိပေးမှ စူးရှ ပျာပျာသလဲဖြင့်

"ဩော် ဟုတ်ပါရဲ့ အံ့ဩနေတာနဲ့ အိမ်ထဲခေါ်ဖို့ကို သတိမေ့နေတယ်၊ လာပါ အိမ်ထဲဝင်ပါ"

ချယ်ရီမောင် အိမ်ထဲဝင်ပြီး အိမ်၏အခြေအနေကို မသိမသာ စေ့ကြည့်လိုက်သည်။ သိပ်ပြီးသန့်ရှင်းသပ်ရပ်မှုမရှိသော အိမ်ခန်းကျဉ်းကျဉ်းလေးထဲမှာ စူးရှ လေကောင်းလေသန့် ရနိုင်ပါ့မလား။

"ထိုင်ပါ ပချယ်ရီမောင်"

ဆက်တီထိုင်ခုံပေါ် တင်ထားသည့် အဝတ်အချို့ကို ဆွဲဖယ်ပြီး ထိုင်ခိုင်းသဖြင့် ချယ်ရီမောင် ဝင်ထိုင်လိုက်သည်။

"ချယ်တို့ကလေး စူးရှကိုက်ထဲမှာရှိနေပြီဆိုတော့ နေသာရဲ့လား"

"အင်း တစ်ခါတလေ မအီမသာဖြစ်ပြီး မူးတာမော်တာလောက်ပါပဲ၊ ပြင်းပြင်းထန်ထန် ခံစားလောက်တာ မရှိဘူး၊ ဒါနဲ့ကိစ္စထွေထွေထူးထူး ရှိလို့လား မချယ်ရီမောင်"

"ဟုတ်ကဲ့ မနေ့က ချယ့်အမျိုးသားပြောပြလို့ စူးရှရဲ့သူငယ်ချင်း လက်ထပ်သွားရင် စူးရှ နေစရာအိမ်ရှာရမယ်လို့ပြောတယ်"

ချယ်ရီမောင့် စကားကြောင့် ဘေးမှာထိုင်ပြီး နားထောင်နေသော ကေကေ စူးရှကို ဖျတ်ခနဲ လှမ်းကြည့်သည်။

ထိုအကြည့်တို့သည် နင် ဘာတွေဝင်ထပ်ဖန်ပြန်ပြီလဲဟု အဓိပ္ပာယ်ရသောအကြည့်မျိုး။

ကေကေ့ကို စူးရှ ဂရုမစိုက်အား။

"အင်း ဟုတ်တယ် ဒါပေမဲ့ မပူပါနဲ့ ချယ်ရီမောင်တို့နဲ့ အရမ်းဝေးတဲ့နေရာမှာမနေပါဘူး၊ နီးနီးနားနားမှာပဲ နေမှာပါ"

"ဟိုလေ အဲ အဲဒီကိစ္စကို တိုင်ပင်ချင်လို့ ချယ်ရောက်လာတာပါ"

"ဟင် တိုင်ပင်မယ် ဟုတ်လား"

"ဟုတ်ကဲ့ တကယ်လို့ ဖြစ်နိုင်မယ်ဆိုရင်လေ တခြားနေရာတွေမှာ လျှောက်မနေဘဲ ချယ်တို့အိမ်မှာပဲ လာနေပါလား၊ အဲဒါဆိုရင် ချယ်လည်း အနီးကပ်စောင့်ရှောက်လို့ရတယ်"


ဖျူးစာပေ
www.burmeseclassic.com

www.burmeseclassic.com



မင်းပျို့နှင့်တစ်အိမ်ထဲ အတူနေရမည့်အခွင့်အရေးမှ စူးရှ ထခုန်

မိမတတ် ဝမ်းသာပေမယ့် စိတ်ထဲသိပ်ပြီး ဘဝင်မကျ အနေခက်ဟန်ဖြင့်

"ဖြစ် ဖြစ်ပါ့မလား စူးရှကြောင့် ချယ်ရီမောင် စိတ်အနှောင့်

အယှက်ဖြစ်နေပါ့မယ်"

"အို မဖြစ်ပါဘူး စူးရှသာ ချယ်တို့အိမ်မှာလာနေရင် ချယ်

ဝမ်းသာရမှာပါ၊ ချယ့်ရင်သွေးလေးနဲ့ အနီးကပ်နေရသလို ခံစားမိတဲ့

အတွက် ချယ်ပိုပြီး သဘောကျပါတယ်၊ စူးရှ လိုအပ်ချက်တွေကို အချိန်

ပြည့် ဖြည့်ဆည်းပေးမယ့်အတွက် စူးရှလည်း အဆင်ပြေလိမ့်မယ်လို့

ထင်ပါတယ်၊ ဖြစ်နိုင်မယ်ဆိုရင် မငြင်းဘဲ လိုက်နေပေးပါလားရှင်"

ဆုံးဖြတ်ရခက်နေဟန်ဖြင့် သက်ပြင်းမောလေးတစ်ချက် ချ

လိုက်သည်။

"ခက်လိုက်တာ ချယ်ရီမောင်ရယ် စူးရှ ဘယ်လိုဆုံးဖြတ်ရမှန်း

တောင် မသိတော့ပါဘူး"

စူးရှ တမင်ဟန်ဆောင်နေမှန်းသိသော ကေကေမှာ စူးရှကို

ကြည့်ပြီး မသိမသာ မဲ့လိုက်သည်။ ပဲများနေသော စူးရှကို ကေကေ

ကြည့်မရတော့။

"ဒီမှာ နင်သိပ်ပဲများမနေနဲ့၊ နင့်အတွက် ကလေးမမွေးခင်

အချိန်ထိ မချယ်ရီမောင်တို့အိမ်မှာ လိုက်နေရင် အိမ်လခတောင် သက်

သာသေးတယ်မဟုတ်လား"

"ခုချိန်မှာ ကိုယ့်ကိုယ်ကျိုးထက် ချယ်ရီမောင်တို့အတွက် စဉ်





းနေရတာပါ"

"အို ချယ်တို့အတွက် အားလုံးအဆင်ပြေပါတယ်၊ ကျေးဇူးပြု

ပြီး မငြင်းပါနဲ့တော့လား"

ရင်သွေးအတွက် ခရယယ တောင်းပန်တိုးလျှိုးနေသော ချယ်ရီ

မောင်၏ရိုးသားအေးချမ်းရိပ်တွေကို ကေကေ ငေးကြည့်ရင်း ဘာကြောင့်

မှန်းမသိ စူးရှကို မုန်းသလိုလို ခံစားလာရသည်။

အင်မတန်လည်တဲ့ စူးရှ။ ဒင်း ဒီယုန်မြင်လို့ ဒီခြုံထွင်တာ။

လင်တရူးမ။

စိတ်ထဲကပင် ခပ်တိတ်တိတ် ကျိန်ဆဲပစ်လိုက်သည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၇)

တစ်ထပ်တိုက်ပုလေးထဲသို့ ချယ်ရီမောင်နှင့်လိုက်ဝင်ခဲ့လိုက်ပြီး နေချင်စဖွယ် သန့်ရှင်းသပ်ရပ်သော အခန်းကိုကြည့်ပြီး စူးရှစိတ်ထဲ တော်တော်လေး ဘဝင်ကျနေမိသည်။

"စူးရှနေဖို့အတွက် အခန်းထဲမှာ အဲလောက်တန်ဖိုးကြီးတဲ့ အသုံးအဆောင်ပစ္စည်းတွေ ထည့်ထားပေးစရာမလိုပါဘူး ချယ်ရီမောင် ရယ်"

တီဗွီ၊ ရေခဲသေတ္တာနှင့်အခြားသော ခေတ်မီပရိဘောဂအစုံ အလင်က ပြောရမည်ဆိုလျှင် စူးရှ မမြင်ဖူးသည့်ပစ္စည်းမျိုးတွေပင်ပါ သည်။

သို့သော် ဝတ္ထုရားအရ အားနာဟန်ဖြင့် ငြင်းပြောလေးပြော





လိုက်သည်။

"အို မဟုတ်တာ စူးရှရယ်၊ ချယ်ရဲ့ရင်သွေးလေးကို လွယ်ပေး နိုင်တင် ချယ်ကလေ စူးရှကို ကျေးဇူးတွေအရမ်းတင်နေတာ၊ ခုလို စူးရှကိုဒီမှာနေခိုင်းလိုက်တော့ ကိုယ်ဝန်ကို အနီးကပ်ပြုစုစောင့်ရှောက် ခွင့်လည်းရသွားတာပေါ့"

"ကလေးက ကံကောင်းလိုက်တာနော်၊ အဟင်း ဒီကလေးကို လေ စူးရှလည်း ချစ်နေမိပြီ သိလား။ စူးရှ ဗိုက်ထဲမှာ ချစ်စရာကောင်း ပြီး အပြစ်ကင်းစင်တဲ့ကလေးလေး ရှိပါလားဆိုတဲ့အသိက စူးရှ ရင်ထဲက ခံစားမှုတွေက မိခင်စိတ်တွေအဖြစ် ပြောင်းလဲသွားသလိုပဲ"

ပြုံးရွှင်ရယ်မောစွာ ပြောနေသော စူးရှ စကားကြောင့် ချယ်ရီ မောင် မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

ရင်ထဲသို့ စိုးရိမ်စိတ်တစ်ခု ဖျတ်ခနဲ တိုးဝင်လာသည်။

ကလေးမွေးပြီးလျှင် အသက်နှင့်ရင်းပြီး မွေးထားရသည်ဟူသည့် အကြောင်းပြချက်ဖြင့် ကလေးကို မပေးလျှင် ချယ်ရီမောင်နှင့်မင်းပျို့ တို့ လင်မယားအတွက် အခက်တွေ့စေမည့် ပြဿနာပင်ဖြစ်သည်။

သို့သော် အခြေအနေနှင့်လိုက်လျောစွာနေရမည်ဟူသော အသိ ဖြင့် စိုးရိမ်စိတ်ကို ချိုးနှိမ်ကာ

"အငှားကိုယ်ဝန်ဆောင်ပေးတဲ့ စူးရှတောင် ကလေးကိုချစ်နေ ပြီဆိုရင် အဖေအရင်းအမေအရင်းဖြစ်တဲ့ ချယ်တို့ဆိုရင် ပြောဖွယ်ရာ တောင် မရှိတော့ဘူးပေါ့ စူးရှရယ် အဟင်း ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



ဝတ္တုရားအရ ဆီလျော်အောင် ပြောလိုက်ပေမယ့် ရင်ထဲမှာ တစ်ခုခုကို စိုးရိမ်သလို ခံစားလိုက်ရသည်။

''ဒါပဲနော် မွေးပြီးသွားရင်လည်း ဒီကလေးက စူးရှနဲ့လည်း ဆိုင်တယ်၊ လူ့လောကထဲကိုဆွဲခေါ်ထုတ်ပေးတဲ့ မွေးအမေဆိုတာကို ကလေး သိစေချင်တယ်''

''ရှင်''

ထိတ်လန့်ရိပ်တွေ ပြုဆင်းကျလာသော ချယ့်မျက်နှာတစ်ပြင်လုံး သွေးစုပ်ဖြူလျော့သွားသည်။ လောကကြီး ခဏတိတ်သွားသလို ခံစားရကာ ရင်ဘတ်နေရာက တဆစ်ဆစ် နာကျင်လာသည်။

မှားသွားပြီ ချယ်ရီမောင် လူရွေးမှားသွားပြီဟုပဲ စိတ်ထဲကနေ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်လိုက်မိတော့သည်။

စူးရှ၏အလိုက်ကန်းဆိုးမသိမှုနှင့် လောဘအချို့သည် အဆိပ်လိုပင် ကြောက်စရာကောင်းလွန်းပါလားဟု သွေးရူးသွေးတန်း တွေးလိုက်မိသည်။

ဒီစကားတစ်ခွန်းဟာ ရည်ရွယ်ချက်တစ်ခုဆီကို ဦးတည်နေသလိုလို။

ဟန်မဆောင်နိုင်လောက်အောင် ပျက်ယွင်းသွားသော မျက်နှာကို စူးရှ သရော်ကြည့်ကြည့်လိုက်ပြီး အပြုံးတစ်ခု လုစ်ခနဲ ထွက်ကျလာသည်။

စူးရှ၏အပြုံးတွေသည် ကြောက်စရာကောင်းလာသလို ခံစား





လာရ၏။ ကြောက်စိတ်နှင့် စိုးရိမ်စိတ်တွေကြောင့် ခန္ဓာကိုယ်ထဲမှ သွေးကြောတွေ တဖြည်းဖြည်း ဖောင်းအစ်၍လာသည်။

စူးရှနှင့်မျက်နှာချင်းမဆိုင်ရဲတော့၍ အားအင်ချိနဲ့စွာ လှည့်ထွက်လာခဲ့လိုက်သည်။

အနောက်မှာ ကျန်ရစ်ခဲ့သည့်စူးရှမှာ အောင်နိုင်သူအပြုံးဖြင့် ပေ်တိုးတိုးရယ်လိုက်သည်။

အိမ်ထိတောင်ရောက်လာမှတော့ မင်းပျို့ကိုရဖို့ လက်တစ်ကမ်းပင်လိုတော့၏။ ဒါ့အပြင် ဗိုက်ထဲက ကလေးကိုလည်း စူးရှ ပိုင်ဆိုင်ချင်လာသည်။

■ ■ ■

ချယ့်ထံမှ ပြန်ကြားရသော စူးရှ၏စကားတွေကြောင့် ချယ့်လိုပင် မင်းပျို့လည်း စိတ်ထဲမှာထင့်နေသည်။

ဒီအချိန်မှာ ဆတ်ဆတ်ထိမခံဖြစ်ပြီး သွားပြော၍လည်းမဖြစ်သည်မို့ အလိုက်သင့်လေးတော့ နေရမည်ပင်။

စိတ်တွေကိုလျှော့ချလိုက်ပေမယ့် ရင်ထဲမှာတင်းကျပ်နေဆဲမို့ သော်တော်နှင့်အိပ်မပျော်။ ဟိုလိုမ့်ဒီလိုမ့်နှင့် ညသည် ပို၍ တိတ်ဆိတ်နေပြီး အခန်းထဲမှာ အိပ်မောကျနေသော ချယ့်အသက်ရှူသံခပ်မျှင်းမျှင်းလေးပေါ်ထွက်နေ၏။

''အား''

''ဟင်''



www.burmeseclassic.com

www.burmeseclassic.com



စူးရှနေသော တစ်ထပ်တိုက်ပုလေးထဲမှ အော်သံကြောင့် ခုတင်ထက်မှငေါက်ခနဲ ထထိုင်လိုက်ပြီး ပြတင်းပေါက်ဆီသို့ ခပ်သွက်သွက် လျှောက်သွားလိုက်သည်။

အိမ်ကလေးမှာ မီးတွေလင်းနေသည်။ စိတ်ထဲမှာ ဒိန်းခနဲ ထူပူသွားမိသည်။

"ဟင် စူးရှ ချော်များလဲလို့လား"

တစ်ကိုယ်တည်း ခပ်တိုးတိုးရေရွတ်ရင်း စူးရှဆီသွားရန် အခန်းထဲမှ ပြေးထွက်လာလိုက်သည်။

■ ■ ■

## အခန်း (၃၈)

တံခါးလော့ခ်ကို ကိုယ့်သော့နှင့်ကိုယ်ဆွဲဖွင့်ပြီး အခန်းထဲသို့ အမူးရှူးထိုး ဝင်လိုက်သည်။

"အား အဟင့် ဟင့် သွား မလာနဲ့၊ ကြောက်တယ် မင်းပျို့ မင်းပျို့ရေ ကယ်ပါဦး၊ စူးရှ့ကိုကယ်ပါဦး ကလေး ဟင့်အင်း ငါ့ကလေး ငါ့ကလေးကို မခေါ်သွားနဲ့"

အခန်းထဲမှ ထိတ်လန့်တကြား အော်ဟစ်နေသော စူးရှအသံကြောင့် မင်းပျို့ခြေလှမ်းတွေ ပို၍မြန်ဆန်ကာ စူးရှကို စိုးရိမ်စိတ်ထက် ကလေးကိုပို၍ စိုးရိမ်သွားသည်။

"စူးရှ စူးရှ"



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် စူးရှ အိပ်ခန်းတံခါးကို ဆွဲဖွင့်ပြီး ဝင်လိုက်သည်

"ဟင်"

အထင်နှင့်အမြင် လုံးဝကွဲပြားနေသော မြင်ကွင်းကြောင့် လူက ကြောင်တက်တက် ဖြစ်သွားပေမယ့် ရင်ထဲက စိုးရိမ်စိတ်တွေကတော့ အနည်းငယ် လျော့ပါးသွားသည်။

"ဟင့်အင်း ငှက်ကလေး ငှက်ကလေး"

ရပ်ကြည့်နေရင်းမှ စူးရှ နှုတ်မှတရစပ်ထွက်ပေါ်နေသော စကား ကြောင့် မင်းပျို့ စိတ်အနှောင့်အယှက် ဖြစ်လာသည်။

စိတ်ထဲမှ ဒေါသတွေ အလုံးအရင်းနှင့် တိုးဆောင့်လာပြီး အံကို ခပ်တင်းတင်းကြိတ်လိုက်ပြီး

"ဒီမိန်းမ အိပ်မက်ထဲမှာတောင် ငှက်ကလေးကို သူ့ကလေး လုပ်နေတယ်၊ ချယ် စိတ်ပူလည်း ပူစရာ၊ မွေးပြီးရင် ငှက်ကလေးအပေါ် လိုချင်တပ်မက်မှုတွေ ရှိလာနိုင်တယ်"

တစ်ယောက်ထဲ ခပ်တိုးတိုးပြောရင်း စူးရှ ခုတင်နားသို့ မင်း တရဲရဲလျှောက်လာလိုက်သည်။

"ဟေ့ ခင်စူးရှ ခင်စူးရှ"

အသံခပ်အုပ်အုပ်ဖြင့် နှိုးသည်။ မနိုး။

"ဟာကွာ အိပ်မက်ထဲမှာ ဘာတွေဒီလောက် ပွဲကြမ်းနေလဲ မနိုးတာပါလိမ့် ဟေ့ စူးရှ"

မတတ်သာသည့်အဆုံး လက်မောင်းသားကို ခပ်ဆတ်ဆတ်





ပုတ်နှိုးလိုက်သည်။

"အင် ဟင်"

အိပ်မောကျပြီး ယောင်နေရာမှ ခပ်လွှန့်လွှန့်လေး လှုပ်လာ သည်။

"ဟေ့ ထ မင်းအိပ်မက်တွေမက်ပြီး ဘာတွေယောင်အော်နေ တာလဲ"

စူးရှ မျက်ဝန်းတို့ ဖျတ်ခနဲ ပွင့်လာသည်။

သူ့ကိုငုံ့မိုးကြည့်နေသော မင်းပျို့ကိုမြင်တော့ အားကိုးသော အကြည့်ဖြင့်ကြည့်ကာ

"ဟင် မင်းပျို့ မင်းပျို့ အဟင့် ဟင့် စူးရှ ကြောက်တယ်၊ စူးရှတို့ကလေးကို ဘယ်သူတွေမှန်းမသိတဲ့လူတွေက လာခေါ်လို့"

မင်းပျို့၏ရင်ခွင်ထဲ တိုးဝင်ကာ တသိမ့်သိမ့်ရှိုက်ငိုလိုက်သော စူးရှ၏အပြုအမူကြောင့် မင်းပျို့ ကြက်သေသေသွားသည်။

"ဒါ အိပ်မက် မက်တာပဲ ခင်စူးရှရယ်၊ ကဲ ရော့ ရေသောက် လိုက်"

စူးရှ၏ကိုယ်ကို သူ့ရင်ခွင်ထဲမှ ခပ်ဖြည်းဖြည်း တွန်းထုတ်ကာ ရေဘူးထဲမှ ရေကိုဖန်ခွက်ထဲငှဲ့ထည့်ပေးလိုက်သည်။

စူးရှ လှမ်းယူကာ တစ်ငုံနှစ်ငုံ မော့သောက်လိုက်သည်။

"ဒီမှာ စူးရှ ဒီကလေးဟာ ကျွန်တော်တို့က လေးမှန်းသိသိကြီးနဲ့ ငပျား ကလေးဆိုတဲ့အသုံးအနှုန်း မသုံးနှုန်းမိပါစေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်သွေးသားနှင့်ပတ်သက်လာတော့ အားနာခြင်းတွေကို ဘေးချိတ်၍ ပြတ်သားစွာ ပြောဆိုတော့မှဖြစ်မည်။

''အင်းပါ စူးရှသိပါတယ် မင်းပျို့ရယ်၊ ကိုယ့်ဝမ်းနဲ့လွယ်ထားတယ်ဆိုတဲ့အသိကြောင့် စူးရှလေ ဒီကလေးလေးကို ဘာကြောင့်မုန်းမသိဘူး ချစ်နေတယ်၊ အင်းလေ မိခင်စိတ်ဆိုတာ မိန်းမတိုင်းမှာ မွေးရာပါဗီဇတစ်ခုအဖြစ် ပါလာပြီးသားပဲ''

''ဒါပေမဲ့ ချယ့်ရှေ့မှာ မပြောမိပါစေနဲ့''

''ဟုတ်ကဲ့ပါ ချယ် သတိထားပါ့မယ်နော်''

အပြစ်ရှိသူလို တောင်းပန်တိုးလျှိုးနေသဖြင့် မင်းပျို့ ဘာမှ ထပ်ပြောမနေတော့ဘဲ ပြန်ဖို့ခြေလှမ်းပြင်လိုက်သည်။

''နေပါဦး ပြန်တော့မလို့လား''

''မပြန်လို့ ဘာလုပ်ရမှာလဲ''

''စူးရှ အိပ်လို့ပျော်မှာမဟုတ်တော့ဘူး၊ ခြံထဲဆင်းပြီးလေညင်းခံရင် ကောင်းမလားလို့''

''အပြင်မှာ အရမ်းအေးတယ်၊ မင်းမအိပ်ချင်လည်း အိပ်ပျော်အောင်အိပ်ရမှာပဲ၊ ဒါမှ ကလေးကျန်းမာမှာ၊ နောက်ထပ် ကျွန်တော်နဲ့ ချယ် စိတ်ပူစေမယ့်ကိစ္စမျိုး မလုပ်မိပါစေနဲ့''

ထိုသို့ပြောပြီး စူးရှ အခန်းထဲမှ ပြန်ထွက်သွားသည်။

အခြေအနေကို ထိုသို့ဖြစ်အောင် တမင်ဖန်တီးလိုက်သည်မှ





ဘာပဲဖြစ်ဖြစ် ဒီတစ်ညတော့ စူးရှ နှစ်ခြိုက်စွာ အိပ်ပျော်မှာပါ။

''မင်းပျို့ ရင်ခွင်ဟာ နွေးထွေးနေတာပဲ အဟင်း ဟင်း''

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၉)

"အ အား ကျွတ် ကျွတ် ကျွတ်"

"စူးရှ အရမ်းနာနေလားဟင်"

ဗိုက်ထဲမှ တဆစ်ဆစ်နာကျင်နေသော စူးရှကိုကြည့်ပြီး ချယ်ရီမောင် ထိုင်ရမလို ထရမလိုနှင့် ယောက်ယက်ခတ်နေသည်။

"အင်း အရမ်းကြီးမဟုတ်ပေမယ့် နာတယ် ချယ်ရီမောင်ရဲ့"

"ခဏလေးပါ အိုကျိုလာတော့မှာပါနော်"

မွေးဖို့ရက်လိုသေးရဲ့နှင့် ဘာကြောင့် ဗိုက်နာရသလဲဆိုတာ ချယ်ရီမောင် စဉ်းစား၍မရ။

"ခင်စူးရှ ဝင်လို့ရပါပြီ"

"ဟော အိုကျို ရောက်နေပြီ ထ ထ"





"အင်း ကျွတ် ကျွတ် ကျွတ်"

"ခဏသည်းခံလိုက်ပါ၊ အိုကျိုနဲ့တွေ့ရင် သက်သာသွားမှာပါ"

အခန်းထဲဝင်ပြီး ခုတင်ပေါ်လှဲအိပ်လိုက်သည်။

အိုကျို စမ်းသပ်စစ်ဆေးရန် စောင့်နေသည်။

"ဂျူးဒိတ်မပြည့်သေးဘဲနဲ့ မွေးချင်နေပြီလား"

အိုကျို ဒေါ်စန္ဒာဝင်းရယ်မောကာပြောပြီး ဗိုက်ဖုံးအကျီကိုလှန်ပြီး အားကျပ်ဖြင့် စမ်းသည်။ အချိန်တော်တော်ကြာ စမ်းသပ်ပြီးမှ

"မွေးချင်လို့ မဟုတ်သေးပါဘူး၊ ကလေးမွေးချင်သလို နာတာ တာ ကိုယ်ဝန်ဆောင်သည်တွေမှာ ရေဓာတ်ခမ်းခြောက်လို့ဖြစ်တာပါ၊ ကိုယ်ဝန်သည်တိုင်း ဖြစ်လေ့ဖြစ်ထရှိကြတာမို့ စိတ်ပူစရာမလိုပါဘူး၊ ရေ ဆေးတော့များများသောက်မှဖြစ်မှာနော်"

"ဟုတ်ကဲ့ပါ ဒေါက်တာ ချယ် ဂရုစိုက်ပြီး တိုက်ပါ့မယ်"

"အဓိကကတော့ ကိုယ်ဝန်ဆိပ်မတက်အောင် သတိထားပြီးနေပါ ကိုယ်လက်လှုပ်ရှားမှုလေးတွေ ပုံမှန်လုပ်ပါ၊ မွေးဖို့ရက်တွေက နီးကပ်လာပြီဆိုတော့ မိခင်လောင်းက အားရှိမှဖြစ်မှာလေ"

"ဟုတ်ကဲ့ပါ"

စူးရှ၏ဗိုက်ဖုံးအကျီဂါဝန်ကို ညင်သာစွာ ပြန်ဖုံးလိုက်ပြီး ဆရာဝန်၏ညွှန်ကြားချက်ကို ဂရုစိုက်နားထောင်နေသော ချယ်ရီမောင်မှာ တက်ကြွနေသလောက် စူးရှကတော့ တက်ကြွမှုမရှိ။

မင်းပျို့၏ဆက်ဆံရေးသည် ထင်သလောက် ရင်းနှီးကျွမ်းဝင်မှု



www.burmeseclassic.com

www.burmeseclassic.com



ရှိမလာသဖြင့် စူးရှအကြံအစည် မအောင်မြင်သလို ဖြစ်နေရသည်။

လောကမှာ မင်းပျို့လိုသစ္စာရှိသောယောက်ျားမျိုး အချစ်
တန်ဖိုးထားသော ယောက်ျားမျိုးကို လက်ထပ်ခွင့်ရခဲ့သော ချယ်ရီမောင့်
အားကျစိတ်ဖြစ်မိသည်မှာ အတိုင်းထက်အလွန်ပါ။

''ကဲ စူးရှ ဆေးထိုးမယ်၊ ဟိုဘက်လှည့်လိုက်နော်''

ကလေးတစ်ယောက်လို ချော့မော့ပြောကာ တစ်ဖက်ကိုလှည့်
နိုင်းသဖြင့် အတွေးစတို့ကိုရပ်ကာ ကိုယ်ကိုတစ်ဖက်လှည့်ပေးလိုက်သည်
ဆေးထိုးအပ်စိုက်သွင်းလိုက်သော အရှိန်ကြောင့် စူးခနဲ ခံစ
ရသော နာကျင်မှုသည် ရင်ဘတ်ထဲမှ တဆစ်ဆစ်နာကျင်ရသော ဝေဒ
ထုကြီးနှင့်ယှဉ်လျှင် ဘာမှမပြောပလောက်။

စူးရှ ဘာတွေဖြစ်နေတာလဲ။

■ ■ ■

ဗိုက်ပုံးအင်္ကျီဂါဝန်ကြီးနှင့် တစ်မျိုးကြည့်ကောင်းနေသော စူ
ကိုမြင်တော့ ဒေါ်လှခင် အံ့သြသွားသည်။

''ဟင် သမီး သမီး စူးရှ''

''ဟင် အမေ''

''အို ဒါ ဘယ်လိုဖြစ်ရတာတုန်း ညည်း ဘယ်တုန်းကယောက်
ရသွားလို့ ဗိုက်ကြီးသည်ဖြစ်နေရတာလဲ''

''အ အမေကရော ဒီအိမ်ကို ဘာလုပ်ဖို့လာတာလဲ''

ခြံထဲဝင်လာသော ဒေါ်လှခင်နှင့် ခြံထဲမှာလမ်းလျှောက်နေသေ





စူးရှ ဆုံမိကြသဖြင့် သားအမိနှစ်ယောက်စလုံး၏အမူအရာတွေမှာ ဝမ်း
သာခြင်းထက် အံ့သြမှုတွေက ပို၍များနေကြသည်။

''ဩော် အန်တီက ဒေါ်လှခင် ထင်တယ်''

တိုက်ကြီးထဲမှ ထွက်လာသော ချယ်ရီမောင်အသံကြောင့် သား
အမိနှစ်ယောက်စလုံး ကိုယ်ရှိန်သတ်ကာ ချယ်ရီမောင့်ကို ပြိုင်တူကြည့်
လိုက်ကြသည်။

''ဟုတ်ပါတယ် အဒေါ်က ဒေါ်လှခင်ပါ၊ ဒေါ်စိန်ကြည် လွှတ်
လိုက်တာပါ''

''ဟုတ်ကဲ့ ဒါဆို ဝင်ပါ အန်တီ''

မာန်မာန မပါသော ချိုသာသည့်အသံဖြင့် အိမ်ထဲဝင်ဖို့ခေါ်
လိုက်သဖြင့် ဒေါ်လှခင် ချယ်ရီမောင်နောက်မှ လိုက်ဝင်လာခဲ့လိုက်
သည်။

စူးရှနှင့်သားအမိဆိုတာ မသိစေချင်၍ စူးရှကို တစ်စက်ကလေး
တောင် ငဲ့ကြည့်မသွား။ စူးရှကလည်း သားအမိပါဟုပြောမည်မဟုတ်ဆို
တာ သိသည်။ နေရာမှာရပ်ကျန်ခဲ့သူ စူးရှမှာသာ ဘာမှန်းမသိဘဲ
ကြောင်ငေးစွာရပ်ကျန်ခဲ့၏။

■ ■ ■

''လစာကတော့ တစ်လကို ငါးသောင်းပေးမယ်၊ စားပြီးသောက်
ပြီး စရိတ်ငြိမ်းပေါ့ အန်တီရယ်''

''ရပါတယ် တူမရယ် ဘယ်လောက်ပဲဖြစ်ဖြစ် အဒေါ်လုပ်ပါ့



www.burmeseclassic.com

www.burmeseclassic.com



မယ်ကွယ်၊ ရွာမှာကျန်ခဲ့တဲ့ မိသားစုအတွက် အရေးတကြီးငွေလိုလို့ အခေါ်ကိုသာ အလုပ်မထုတ်ဘဲနိုင်းပါ၊ စိတ်တိုင်းကျလုပ်ပေးပါမယ်''

ရွာမှာကျန်ခဲ့သော ယောက်ျားဖြစ်သူ၏ဆေးကုစရိတ်တွေကြောင့် ကြွေးပူတွေထက ဘယ်လိုမှမဖြေရှင်းနိုင်တော့၍ ခုလို အိမ်ဖော်လာလုပ်ရခြင်းပင်ဖြစ်သည်။

တိုက်ဆိုင်ချင်တော့ ကိုယ့်သမီးဖြစ်သူက ဒီကိုဘယ်လိုရောက်နေပြီး ခုလို ကိုယ်ဝန်အရင့်မာကြီးနှင့်ဖြစ်နေရသလဲ။ ဒေါ်လှခင်စဉ်းစား၍မရ။ မိဘကို အရာမသွင်းချင်၍ ယောက်ျားအသိုင်းအဝိုင်းနှင့် ပေါမတွေ့ချင်ဘူးပဲထား။ ယောက်ျားယူတာကိုတော့ အသိပေးသင့်သည် မဟုတ်လား။

''အလုပ်ကတော့ မထုတ်ပါဘူး အန်တီရယ်၊ အရင်လူတွေတုန်းကလည်း ချယ်တို့ဆီမှာ နှစ်တွေအကြာကြီး လုပ်သွားတာ၊ ရွာမှာကျန်ခဲ့တဲ့မိသားစုကြောင့်သာ မပြန်ချင်ဘဲ ပြန်သွားကြရတာလေ''

''အဒေါ်က ဘယ်မှာနေရမလဲကွယ်၊ အဒေါ်ဘာလုပ်ရမလဲဆိုတာတွေလည်း ညွှန်ကြားပါ''

''ဟုတ်ကဲ့ အဒေါ်နေရမယ့်အခန်းက မီးဖိုခန်းဘေးမှာပါ၊ ဒီအိမ်ရဲ့အချက်အပြုတ် အလျှော်အဖွပ် သန့်ရှင်းရေးကအစပေါ့၊ ဒီမှာ မိသားစုဆိုလို့ ချယ်တို့လင်မယားနှစ်ယောက်ထဲရှိတာ''

''စောစောက ကိုယ်ဝန်သည်လေးကရော''

ဒီအိမ်ကြီး၏မိသားစုဝင်စာရင်းထဲမှာ ကိုယ့်သမီးနာမည်မပါ၍





သိမသာ မေးလိုက်ခြင်းဖြစ်သည်။ ချယ်ရီမောင်မောင်နှင့်စူးရှ ဘယ်လိုတော်သက်နေလဲ။

''ဩော် အဲဒါက ဒီမှာကလေးမွေးပြီးတာနဲ့ ပြန်ရမှာလေ''

''ဟင်''

ချယ်ရီမောင် ဘယ်လိုသဘောနှင့်ပြောသည်ဆိုတာ မဝေခွဲတတ်။ ထပ်မေးလျှင် အလုပ်ပင်မဝင်ရသေးဘူး စပ်စုရန်ကောဟု ငြိုငြင်မည်စိုး၍ သိချင်စိတ်တွေကို ရင်မှာမျိုသိပ်ထားရ၏။

''အဲဒီကိုယ်ဝန်သည်ရဲ့ဝေယျာဝစ္စကိုလည်း ကူညီပေးပါနော်၊ အဲဒီအတွက် အပိုဆုအနေနဲ့တစ်လ ငါးသောင်းထပ်ပေးပါ့မယ်''

''မပေးလည်း လိုအပ်တာမှန်သမျှ လုပ်ပေးပါ့မယ် သမီးလေးရယ်''

ရိုကျိုးစွာပြောနေသော ဒေါ်လှခင်ကို ချယ်ရီမောင် သဘောကျသွားပုံရသည်။

■ ■ ■

''ညည်းမျက်စိထဲမှာ ငါတို့ကို မိဘဆိုတဲ့အမြင်ရော ရှိသေးရဲ့လား စူးရှရယ် ဟမ်၊ အပျိုစင်စစ်ကနေများ သူများကလေးကို အငှားကိုယ်ဝန်ဆောင်ပေးရတယ်လို့ ညည်းဒီလိုတွေ စိတ်ထင်တိုင်းလုပ်နေလို့ ညည်းဘဝကြီး ကောင်းစားမယ်များ ထင်နေလား ဟမ်''

ဒေါ်လှခင် မျက်ရည်လည်ရွဲဖြင့် စူးရှအား အပြစ်တင်စကားဆို၏။



www.burmeseclassic.com

www.burmeseclassic.com



"ခုချိန်မှာ စူးရှကို ဘယ်လိုအပြစ်တင်စကားမျိုးမှ မပြောပါ
တော့ အမေရယ်၊ အမေသာ ဒီအိမ်မှာ အိမ်ဖော်အလုပ် မလုပ်ဘဲ
ပြန်ပါ၊ ဒီကလေးမွေးပြီးရင် စူးရှ ငွေတွေအများကြီး ရမှာမို့ အမေနဲ့အ
တို့ရဲ့အခြေအ မဖြစ်စလောက်ကို ဆပ်ပေးမှာပါ"

"အို မလိုပါဘူး ခုချိန်ထိညည်းလုပ်စာကို စားဖို့ဆိုတဲ့စိတ်က
အမေတို့မှာ မရှိဘူး စူးရှ၊ တကယ်တော့ ညည်းခုလို စည်းလွတ်ဘော
လွတ်နေနေတာတွေဟာ အမေအုပ်ထိန်းမှုညံ့ဖျင်းလို့ဆိုတာ ငါ ခုမှ
ကောင်းကောင်းသဘောပေါက်တော့တယ်အေ"

ပြောရင်းဖြင့် စိမ့်ထွက်လာသော မျက်ရည်စတို့ကို အင်္ကျီလက်
ဖြင့် ဆွဲသုတ်လိုက်သည်။

ငိုနေသော အမေ့မျက်နှာကို စိတ်မသက်မသာကြည့်ရင်း စူး
လင်းမြတ်နှင့်မင်းပျို့ကို ဒေါသတွေလှိမ့်တက်လာသည်။

ဒင်းတို့ကြောင့် စူးရှဘဝ ခုလိုမျိုး စိတ်ထင်တိုင်းလျှောက်လုပ်
ပစ်နေမိတာ။ အဓိကကတော့ လင်းမြတ်ပင်ဖြစ်သည်။ သူများနှလုံးသာ
ကို ရက်ရက်စက်စက် လှည့်စားသွားသူ။ ဒင်းကြောင့် စိတ်ခံစားမှုတွေ
ဟာ အဆိပ်တွေလို ခန္ဓာကိုယ်ထဲပျံ့နှံ့ကုန်တာ။

■ ■ ■



## အခန်း (၄၀)

"ကို ချယ်တို့ကလေး လူ့လောကကြီးထဲရောက်ဖို့ သိပ်မလို
တော့ဘူးနော်"

"ဟုတ်တယ် ချယ် ကိုယ်တော့ တစ်နေ့တစ်နေ့ သားလေးအ
ကြောင်းတွေးပြီး အလုပ်တွေလုပ်နေရတာ ခါတိုင်းနေ့တွေထက် ပိုပြီး
အဓိပ္ပာယ်ရှိနေသလိုပဲ"

အာထရာဆောင်းရိုက်ပြီးကတည်းက သမီးလေးဖြစ်ဖြစ် သား
လေးဖြစ်ဖြစ် မရေမရာ မျှော်လင့်ခဲ့သော မျှော်လင့်ချက်တွေဟာ သား
ဆိုသော အသိကြောင့် ပို၍ဝမ်းသာရသည်။

ကံကြမ္မာက လိုအပ်ချက်တွေကို တာဝန်ကျေကျေဖြည့်ဆည်း



www.burmeseclassic.com

www.burmeseclassic.com



ပေးခဲ့သည်မို့ လောကမှာ လူဖြစ်ရတာ လူဖြစ်ကျိုးပင်နပ်သလိုလို။

လင်မယားနှစ်ယောက် ပီတိတွေဖြင့် ကြည်နူးနေကြတုန်း မင်းပျို့၏မှန်းထမြည်လာသည်။ ချယ်ကို ရင်ခွင်ထဲမှ ညင်သာစွာ ဖယ်ထုတ်ရင်း မှန်းလှမ်းယူလိုက်သည်။

''ဟဲလို''

''မင်းပျို့ စူးရှပါ''

''ဩော် ပြော ဘာလိုအပ်လို့လဲ''

''ဟိုလေ အခု စူးရှ ဘာတွေစိတ်အားငယ်နေမှန်းမသိဘူး တစ်ယောက်ထဲ အထီးကျန်နေသလို ခံစားနေရတယ်၊ အဲဒါ စူးရှဆီလာခဲ့ပါလားဟင်''

စူးရှအသံကြောင့် ချယ် မရိပ်မိအောင် အသံကိုထိန်းရင်း

''အင်း ကောင်းပြီလေ ဒါပဲမဟုတ်လား''

''အင်း လာဖြစ်အောင်လာနော်၊ မင်းပျို့မလာမချင်း တစ်ညလုံးမအိပ်ဘူး ဒါပဲ''

သက်သက်မဲ့ ဂျစ်တိုက်ရအောင် မင်းပျို့နှင့်စူးရှကြားမှာ ဘာပတ်သက်မှုမှမရှိ။ ရင်ထဲမှာဒါသဖြစ်ပေမယ့် ကိုယ့်ကလေးက သူ့ဗိုက်ထဲမှာမို့ သိပ်မတင်းမာရဲ။ အချိန်တွေကြာလာသည်နှင့်အမျှ စူးရှစိတ်တွေသည် အလိုရမှုက်ကြီးကာ ရှိုးသားမှုမရှိမှန်း ရိပ်မိလာသည်။ ထို့ကြောင့် ဖုန်းကိုပိတ်လိုက်သည်။

''စူးရှမဟုတ်လား ကို''





''ဟုတ်တယ်ကွာ ဒီမိန်းကလေးကို ကိုယ်သိပ်ပြီး စိတ်ထဲမတွေ့တော့ဘူး။ သူ့ဗိုက်ထဲမှာ ကိုယ်တို့ကလေးသာမရှိရင် ဒီအိမ်ရိပ်မှာ တစ်နာရီတစ်စက္ကန့်လေးတောင် မနေနိုင်ဘူး''

''စိတ်ကိုလျှော့ပါ ကိုရယ်၊ သားလေးအန္တရာယ်ကင်းကင်းနဲ့ လူ့လောကထဲရောက်ဖို့ ချယ်တို့ အချိန်အပိုင်းအခြားတစ်ခုအထိ သည်းခံကြရအောင်ကွယ်၊ နော် ကို ခုလည်း ကိုယ့်ကို သူ့ဆီလာဖို့လှမ်းခေါ်နေတာမဟုတ်လား''

''ဟုတ်တယ် ဒါပေမဲ့ ကိုယ်မသွားချင်ဘူး''

တခြားမိန်းမတစ်ယောက်၏ပရိယာယ်တွေထဲ စိတ်ယိုင်မသွားဘဲ ချုနှင့်ပတ်သက်သမျှ အသေးအမွှားကအစ အသေးစိတ်ပြန်ပြောပြတတ်သော မင်းပျို့ကို ချယ်ရီမောင် ယုံကြည်သည်။

ချယ့်ကိုထားခဲ့ပြီး စူးရှဆီကို ဘယ်တော့မှ ထွက်သွားမှာမဟုတ်သည့်အတွက် ချယ့်ဘက်က သဘောထားပြည့်ဝရမည်။

''သွားလိုက်ပါ ကိုရယ်၊ ချယ်တို့သားလေးကို သူ့အသက်နဲ့ရင်းပြီးမွေးပေးရမှာပါလားဆိုတဲ့ကျေးဇူးတရားလေးကိုထောက်ပြီး သူနဲ့အလိုက်အထိုက် နေပေးလိုက်ပါနော်''

''အင်းပါ ချယ်ကိုယ်တိုင် ကိုယ့်ရဲ့ကိုယ်ကျင့်တရားနဲ့ဂုဏ်သိက္ခာကိုယုံပေးတယ်ဆိုရင် သားလေးအတွက် ဒီမိန်းမဆီကို သွားပေးပါ့မယ်ချယ်ရယ်''

တစ်ယောက်ကိုတစ်ယောက် နားလည်မှုအပြည့်ဖြင့် အချိန်ကြာ



www.burmeseclassic.com

www.burmeseclassic.com



ကြာကြည့်လိုက်ကြသည်။ ညသည် အသက်ရှူသံခပ်မှျင်းမှျင်းတွေကြား ပြန်လည်တိတ်ဆိတ်၍သွားပြန်သည်။

■ ■ ■

အခန်း (၄၁)

"မင်းပျို့ စူးရှဆီ တကယ်လာတယ်နော်"

အိမ်ထဲဝင်လာသော မင်းပျို့ကိုမြင်သည်နှင့် စူးရှမျက်နှာမှာ အလိုရမ္မက်တွေဖြင့် ပျော်ရွှင်သွားရသည်။ အချိန်အားဖြင့် ညဆယ့်နှစ်နာရီတိတိ။

ညသန်းခေါင် ဆယ့်နှစ်နာရီဆိုတာ ယောကျ်ားတစ်ယောက် ဖောက်ပြန်လို့အကောင်းဆုံးအချိန်တစ်ခု။ ထိုအချိန်ကို စူးရှ ကောင်းကောင်းအသုံးချတတ်ရမည်။

ခုချိန်မှာ စူးရှလုပ်ရပ်တွေ မှားချင်မှားမယ်၊ မှန်ချင်မှန်မယ်၊ ဒါပေမဲ့ မင်းပျို့၏အချစ်ကိုသာရမယ်ဆိုလျှင် စူးရှ ဘယ်လိုအမှားမျိုးကိုမဆို ကျူးလွန်ရကျူးလွန်ရ တန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"လာလေ မင်းပျို့"

"ဘယ်ကိုဆွဲခေါ်နေတာလဲ"

"စူးရှအခန်းထဲ ခဏလိုက်ခဲ့စမ်းပါ၊ မင်းပျို့ အရမ်းကိုကြည်နူး ကျေနပ်သွားစေရမယ် လာပါ မင်းပျို့ရယ်"

စူးရှ ဆွဲခေါ်ရာအခန်းထဲသို့ စိတ်မသက်မသာ ခြေလှမ်းတွေဖြင့် လိုက်ဝင်ခဲ့လိုက်သည်။ အခန်းထဲရောက်သည့်နှင့်

"ဒီနေ့လေ ဗိုက်ထဲက ရှင့်သားလေး တော်တော်ဆော့တယ် သိလား၊ စောစောကလည်း တအားလှုပ်နေတာ၊ တံတောင်လေးတွေ ဒူးခေါင်းလေးတွေများ နံ့ထလာလိုက်တာ အသည်းယားဖို့ကောင်းတယ်"

"ဟင် ဘယ်လို သားလေးက မင်းဗိုက်ထဲမှာ ဆော့တယ် ဟုတ်လား"

"အင်း ဟုတ်တယ် ဒါကြောင့် အဖေတစ်ယောက်အနေနဲ့ အပြင်ကနေ ပွတ်သပ်ပေးရမှာပေါ့"

"ဟမ်"

"အို ရှင်ကလည်း ဘာကိုရှက်သွားတာလဲ၊ ဒီအချိန်မှာရှက် တာကိုဘေးချိတ်ထား ရှက်ခြင်းရှက် စူးရှက ရှက်ရမှာပါ၊ ကဲ လာ စူးရှ ဗိုက်ကိုခပ်ဖြည်းဖြည်းလေး ပွတ်ပေး"

မင်းပျို့လက်ကို ကိုင်ကာ ဗိုက်ဖုံးအင်္ကျီအောက်ထဲသို့ထည့်ပြီး သူ့ဗိုက်သားပြင်ပြောင်ချောချောကြီးကို ပွတ်သပ်ခိုင်း၏။

အင်မတန် စိတ်ပျက်စရာကောင်းသော အခြေအနေဟု စိတ်





ဘ ထင်နေတုန်းမှာပင် ဗိုက်သားပြင်မှာ ဆတ်ခနဲ ဆတ်ခနဲ လှုပ်သွားသောအထိအတွေ့ကြောင့် မင်းပျို့ မျက်လုံးဝိုင်းသွားသည်။

"ဟင် လှုပ်တယ် လှုပ်တယ်"

"အဟင်း ခစ် ခစ် ခစ် ဒါကြောင့် စူးရှဗိုက်ကိုပွတ်ပေးပါလို့ ပြောတာပေါ့လို့၊ အဲဒါ ကလေးက ရှင့်ကိုအချက်ပြတာ လာ စူးရှ ဗိုက် နားကပ်ပြီး နားထောင်ကြည့် ကလေးက ရှင့်ကိုဖေဖေရေ ဖေဖေရေလို့ ခေါ်နေတယ်"

စူးရှပြောသလို သတိလက်လွတ်ဖြစ်ကာ ဗိုက်နားကပ်၍ နား ထောင်လိုက်သည်။ ဖခင်တစ်ယောက်၏ပီတိတွေက ခန္ဓာကိုယ်ထဲမှာ ဖြိုးဖြိုးဖျဉ်းဖျဉ်းနှင့် စိတ်ထဲမှာ ပျော်သလိုလို ခံစားလာရသည်။

စူးရှ၏လက်တွေက မင်းပျို့၏ကျောပြင်ကို ခပ်ဖွဖွပွတ်သပ်နေ သည်။ မင်းပျို့ ဂရုမစိုက်အား။ ကလေးဆီသို့ အာရုံစိုက်နေရ၍ဖြစ်သည်။

"မင်းပျို့ စူးရှ ရှင့်ကိုချစ်တယ်"

ထင်မှတ်မထားသောအချိန်မှာ စူးရှထံမှ စကားသံကြောင့် မင်းပျို့ ဆတ်ခနဲ ခေါင်းထောင်ကြည့်ပြီး

"ဘယ်လို မင်းက ငါ့ကိုချစ်တယ် ဟုတ်လား"

"ဟုတ်တယ် စူးရှ ရှင့်ကိုခုမှချစ်တာမဟုတ်ဘူး ဟိုးအရင်က တည်းက ချစ်ခဲ့တာ၊ စူးရှ အိပ်မက်တွေဟာ ရှင့်အချစ်တွေနဲ့ရှင်သန်ဖို့ပါ၊ ဒါကြောင့် စူးရှကို ပြန်ချစ်ပေးပါ"

မင်းပျို့မျက်နှာ ချက်ချင်းတင်းမာသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



''မင်းရူးနေလား၊ ငါက မင်းကိုပြန်ချစ်ရအောင် ယုတ်ညံ့တဲ့ ယောကျ်ားတစ်ယောက်မှမဟုတ်တာ၊ ငါ့ကလေးကို ကိုယ်ဝန်ဆောင်ပေး ထားရလို့ မင်းကိုငါရော ချယ်ရော အလိုလိုက် အကြိုက်ဆောင်ခဲ့တာ''

''အဲဒါတွေ စူးရှ နားမလည်ဘူး မင်းပျို့၊ စူးရှ နားလည်တာ မင်းပျို့ကိုချစ်ဖို့ပဲ''

မင်းပျို့ရင်ခွင်ထဲ အတင်းတိုးဝင်ကာ သိုင်းဖက်လိုက်သည် စူးရှ၏ရဲတင်းသော အပြုအမူကြောင့် မင်းပျို့ တော်တော်လေး ခံပြင်း ဒေါသဖြစ်မိသည်။

''ငါမင်းကို ဘယ်တော့မှမချစ်ဘူး၊ ခုလည်းမချစ်ဘူး၊ နောင် လည်း ချစ်မှာမဟုတ်ဘူး၊ ငါ့ဘဝမှာ ချယ်ကလွဲပြီး ဘယ်မိန်းမကိုမှ အရေးမစိုက်ဘူး၊ ဒီတော့ မင်း ငါ့ကလေးကိုမွေးပြီးတာနဲ့ မင်းနဲ့ငါတို့ လင်မယား နောက်ထပ်တွေ့စရာအကြောင်းမရှိဘူး''

''ရမလား ဒီလိုမျိုး ယတိပြတ် ဖြတ်လို့ရစတမ်းဆိုရင် စူးရှ ကလည်း ရှင်တို့လင်မယားနဲ့ ဒီကလေးကို လုံးဝမတွေ့ရအောင် လုပ်ပစ် လိုက်လို့ရတယ်''

''ဘာ မင်း မင်းယုတ်မာလှချည်လား ဟမ်''

''ယုတ်မာတာမဟုတ်ဘူး အချစ်ကြီးတာ၊ စူးရှ ရှင်းရှင်းပဲပြော မယ်၊ ခုလို အငှားကိုယ်ဝန်ဆောင်ဘဝဖြစ်အောင် တမင်ဖန်တီးလိုက်တာ ဟာ ရှင့်ကိုချစ်လို့ ရှင့်ကလေးကိုအသက်စွန့်ပြီး မွေးပေးချင်လို့ ရှင်သာ စူးရှကို ပြန်ချစ်လိုက်ပါ၊ ဒီကလေးကို ရောရောရှူရှူ ဖြစ်အောင်





မွေးပေးမယ်''

''မင်း ငါ့ကိုခြိမ်းခြောက်နေတာလား စူးရှ''

''ဟင့်အင်း ခြိမ်းခြောက်နေတာမဟုတ်ဘူး တောင်းဆိုနေတာ၊ ရှင်သာ စူးရှကိုချစ်လိုက်ရင် ဒီကလေးကို စူးရှမှာစွန့်လွှတ်ရတော့ဘူး''

''ရမလား ဒီကလေးက မင်းနဲ့ဘာမှမဆိုင်ဘူး၊ ဒါ ငါနဲ့ချယ်ရဲ့ သွေးသား၊ မင်းက အငှားကိုယ်ဝန်သည်၊ အခကြေးငွေယူပြီး အငှားကိုယ် ဝန်ဆောင်ထားတာကွ၊ မင်းက ကြေးစားမ ရှင်းလား''

ဒေါသတွေမထိန်းနိုင်တော့၍ စိတ်ထဲရှိသည့်အတိုင်း ပစ်ပစ် စစ်နှစ် ဆဲပစ်လိုက်သည်။

ဘဝမှာ ဘယ်သူတစ်ဦးတစ်ယောက်ကိုမှ ထိုမျှလောက် နစ်နစ် နာနာ မပြောတတ်ခဲ့။ ဒါဟာ ပထမဦးဆုံးအကြိမ်ပဲဖြစ်သည်။

''ရှင် ရှင် စူးရှကို ဒီလိုပြောတယ်ပေါ့ ဟုတ်လား၊ စူးရှ ဗိုက် ထဲမှာ ရှင့်ကလေးကိုလွယ်ပေးထားရတာလေ ဟွန်း ကောင်းပြီလေ စူးရှ အိမ်ကနေ ဒီညပဲ ထွက်သွားတော့မယ် ရှင်တို့လိုက်မရှာပါနဲ့''

''ဘာ''

မင်းပျို့၏ဘာဆိုသော အသံမှာကျယ်လောင်လွန်းလှ၏။ စူးရှ သည်း ထိုမျှလောက်ထိ တင်းမာလိမ့်မည်ဟု ထင်မထား၍ ရင်ထဲကဆန္ဒ ကို ဖွင့်ဟဝန်ခံမိသည်။

ခုလိုပိုးစိုးပက်စက် အပြောခံလိုက်ရ၍ ရင်ထဲမှာ တဆစ်ဆစ် နာကျင်ရသည်။ အမှန်ဆို ဒီကလေးကို စူးရှချစ်သည်။ ကိုယ့်သားလေး



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည့်အတွေးက မဆီမဆိုင် ဝင်လာတိုင်း ဆုံးရှုံးရမှာအရမ်းကြောက်သည်။

"ဟုတ်တယ် စုးရှ ရှင့်ကိုရော သားလေးကိုရော ပိုင်ဆိုင်ချင်တယ်၊ မဖြစ်နိုင်မှန်းသိပေမယ့် အဲဒီစိတ်ကြီးကို ဖျောက်လို့မရဘူး၊ ဒီတော့ ရှင့်သားလေးကို အဆုံးရှုံးမခံနိုင်ဘူးဆိုရင် စုးရှကို ချစ်လိုက်ပါ"

"ဖြန်း ဖြန်း"

မင်းပျို့၏လက်အစုံက စုးရှပါးပေါ်သို့ မရည်ရွယ်ဘဲ ကျသွားသည်။ စုးရှမျက်နှာ လည်ထွက်သွားသည်။

"အို ကို မလုပ်နဲ့ မလုပ်ပါနဲ့"

အနောက်မှ ချယ် ရောက်လာပြီး တားချိန်ပင်မရလိုက်။

"ဒီမိန်းမ အရမ်းလွန်နေပြီ ချယ်၊ သူ သူက ကိုယ့်ကိုချစ်တယ်တဲ့၊ သူ့ကိုပြန်ချစ်ရမယ်တဲ့"

"ရှင်"

ကလေးတစ်ယောက်လို ပြန်ပြောပြနေသော မင်းပျို့စကားအဆုံး ချယ်ရီမောင် နောက်သို့ယိုင်သွားမတတ် စိတ်လှုပ်ရှားသွားသည်။

"ဟုတ်တယ် ချယ်ရီမောင်၊ ရှင်ရောက်လာတာ အတော်ပဲ၊ စုးရှ မင်းပျို့ကိုချစ်တယ်၊ ဒါကြောင့် ရှင်နဲ့အပေးအယူလုပ်မယ်၊ လောကကြီးထဲက ကောင်းတဲ့အခွင့်အရေးတွေအားလုံးကို ရှင်တစ်ယောက်ထဲ အပိုင်စီးချင်လို့ရမလား၊ ဒီတော့ ရှင် တစ်စုံတစ်ခုကို လိုချင်ရင် တစ်စုံတစ်ခုကိုတော့ စွန့်လွှတ်ရမယ်"





"အို ဘုရားရေ"

"ဟုတ်တယ် ဒီတော့ ရှင်ရွေးချယ်ပါ၊ ကလေးကို ယူမလား င်းပျို့ကိုယူမလား"

"ဒါ ဒါ ဘယ်လိုဖြစ်နိုင်မှာလဲ စုးရှရယ်၊ မင်းပျို့က ချယ့်ယောက်ျား ဒီကလေးကလည်း ချယ့်ကလေး ချယ်တို့အသွေးအသားကို ွေးနိုင်ဖို့ စာချုပ်နဲ့အငှားကိုယ်ဝန်ဆောင်ခိုင်းထားတာလေ"

"ဒီအချိန်မှာ ဒါတွေလာရွတ်ပြနေလည်း တို့စိတ်မဝင်စားဘူး၊ ှင့်ယောက်ျားကို မဆုံးရှုံးချင်ရင် ရှင့်ကလေးနဲ့စုးရှ ဒီကနေ ထွက်သွားတော့မယ် အကယ်၍ ကလေးကို အဆုံးရှုံးမခံနိုင်ဘူးဆိုရင်တော့ ရှင့်ရဲ င်းပျို့ကို စုးရှကိုပေးရမယ်"

ဒီလောက်အခြေအနေအထိ တွေးမထားသော ချယ်မှာ စုးရှကို ကြည့်ပြီး သွေးပျက်သွားသည်။ စုးရှ လောဘကြီးလွန်းသည်။

"ရှင် မှားနေပြီ စုးရှရယ်၊ ဒါ ဘယ်လိုမှမဖြစ်နိုင်တဲ့ကိစ္စကြီးပဲ"

"ချယ် 'လာ ဒီမိန်းမကို အရေးလုပ်မနေနဲ့၊ ကိုယ်တို့ကလေး ို တစ်ခုခုဖြစ်အောင်လုပ်ရင် ကိုယ်တို့တရားဥပဒေအရ အလွတ်မပေး ူး"

"အဟက် ရတယ် ရှင် စုးရှကိုထောင်ကျအောင်လုပ်ဖို့ စုးရှ ယ်ကိုထွက်သွားမလဲဆိုတာကိုပဲ သိအောင်အရင်ကြိုးစားလိုက်"

"အို အဲ အဲလိုမလုပ်ပါနဲ့၊ ချယ် တောင်းပန်ပါတယ်၊ ချယ့်ရင် ွေးလေးကို ချယ်နဲ့မခွဲပါနဲ့ ချယ်တောင်းပန်ပါတယ် စုးရှရယ်"



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်တို့စီးကျလာပြီး တောင်းပန်တိုးလျှိုးသည့် ချယ်ရီမောင်ကိုကြည့်ပြီး စူးရှ အောင်နိုင်သူအပြုံးဖြင့် အောင်မြင်စွာ ပြုံးလိုက်သည်။

"ဒါဆို မင်းပျို့ကို စွန့်လွှတ်မယ်ပေါ့"

"ရတယ် ချယ် မင်းပျို့ကိုစွန့်လွှတ်ပေးမယ်"

"တ တကယ်နော်"

"ဟော့ ချယ် မင်း မင်း ဘာတွေလျှောက်လုပ်နေတာလဲ အဓိပ္ပာယ်မရှိတာကွာ"

"ဟင့်အင်း ချယ်တို့မှာ ရွေးချယ်စရာလမ်းမရှိဘူး ကို၊ ဒါကြောင့် ချယ်တို့လမ်းခွဲကြရအောင်၊ ဒီလိုမှမလုပ်ရင် ချယ်ရော ကိုရောသားလေးကို ဆုံးရှုံးကြရလိမ့်မယ်၊ ဒါကြောင့် ချယ်တို့သူ့ဆန္ဒကို လိုက်လျှောပေးလိုက်ကြရအောင်နော်"

မင်းပျို့၏သွေးပျက်နေသော မျက်နှာကို အငိုမျက်ဝန်းဖြင့် တောင်းပန်တိုးလျှိုးလာ၏။ ချယ့်ခံစားမှုကို မင်းပျို့ ကောင်းကောင်းနားလည်သဘောပေါက်လိုက်သည်။

ဒီလင်တရှူးမကို ချွေးသိပ်ဖို့ဒီတစ်နည်းပဲ ရှိတော့သည်မို့

"ကောင်းပြီလေ ချယ်က ဒီလိုဆန္ဒရှိနေမှတော့ ကိုယ့်ရင်ထဲမှာ ဒီမိန်းမကိုမုန်းတဲ့အမုန်းတွေပြည့်နေပေမယ့် ချယ့်ကိုချစ်တဲ့အချစ်တွေကြောင့် ကိုယ်လက်ခံမယ်"

"အဟား ရတယ် ရှင် စူးရှကိုမချစ်ပေမယ့် စူးရှ အနားမှာ ရှိနေရင် ကျေနပ်တယ်၊ ကဲ ရှင် ဒီညကစပြီး စူးရှနဲ့ပဲ နေတော့နော်၊





မနက်ကျရင် လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးကြမယ်"

မင်းပျို့လက်မောင်းကိုတွဲခိုကာ ပျော်ရွှင်သွားသော စူးရှမျက်နှာသည် မင်းပျို့အတွက်တော့ တော်တော်လေး အော်ဂလီဆန်စရာကောင်းလွန်းသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၂)

"ဘာ ဘယ်လို ညည်းက မောင်မင်းပျို့နဲ့လက်ထပ်မယ် ဟုတ်လား"

ဒေါ်လှခင်မျက်နှာမှာ မယုံကြည်နိုင်ခြင်းတွေပြည့်နှက်ကာ ရူးရှကိုအလန့်တကြား ကြည့်ပြီးမေး၏။

"ဟုတ်တယ် အမေ၊ ချယ်ရီမောင်က မင်းပျို့နဲ့တရားဝင်ကွာရှင်းတော့မှာလေ၊ ရှေ့လျှောက် မင်းပျို့က အမေ့သားမက်ဖြစ်တော့မှာ အမေလည်း အိမ်ဖော်ဘဝက လွတ်ပြီ၊ သူဌေးယောက္ခမလုပ်လို့ရပြီ အဖေ့ရောဂါတွေကိုလည်း နိုင်ငံခြားသွားပြီး ကုလို့ရပြီ၊ ရူးရှလည်း သူဌေး မယားဖြစ်ပြီ"

ပီတိတွေ ကျေနပ်ခြင်းတွေ အလိုရမ္မက်တွေဖြင့် အနာဂတ်ကို





မျှော်ကြည့်နေသော ရူးရှကိုကြည့်ပြီး ဒေါ်လှခင် ရင်ထဲမှာ လောဘတွေ အစား ဒေါသတွေသာ လှိမ့်တက်လာသည်မို့

"ဖြန်း"

"အား အ အမေ ဘာလို့ရိုက်တာလဲ"

"ညည်းဟာ မိန်းမယုတ်ပဲ၊ သူများအိမ်ထောင်ရေးကို ဖျက်စီးတဲ့မိန်းမယုတ်၊ ညည်းနဲ့ငါနဲ့ ဒီနေ့ကစပြီး သားအမိမဟုတ်တော့ဘူး၊ ငါလည်း ဒီအိမ်မှာမနေတော့ဘူး၊ ရွာကိုပြန်မယ်၊ ညည်းအဖေကို ညည်း မိန်းမယုတ်ဖြစ်နေတဲ့အကြောင်း ပြန်ပြောပြမယ်"

ရူးရှ ငြိမ်မခံ။

"အို အမေနော် မိသားစုကောင်းစားဖို့အတွက် ခုလိုလုပ်ရပ်မျိုးလုပ်တာကို ကျေးဇူးမတင်တဲ့အပြင် မညှာမတာ၊ အပြစ်ပြောရက်သလား"

"ဘာ မိသားစုကောင်းစားရေးလဲ၊ ညည်းလင်တရူးတိုင်း ငါတို့ မိဘတွေကိုဆွဲမထည့်နဲ့၊ အဲလို ဆွဲထည့်ခံရတာထက်စာရင် ငါတို့ သေသွားတာကမှ ဂုဏ်သိက္ခာရှိပါသေးတယ်အေ"

"ဩော် လက်စသတ်တော့ ဒေါ်လှခင်နဲ့မင်းက သားအမိတွေကိုး"

ဘယ်အချိန်ကတည်းက ရောက်နေမှန်းမသိသော မင်းပျို့အသံကြောင့် ရူးရှ အနောက်ကိုလှည့်ကြည့်လိုက်ပြီး မျက်စိမျက်နှာပျက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် မင်းပျို့"

"မောင်မင်းပျို့ အထင်မလွဲပါနဲ့ကွယ်၊ စူးရုက အန်တီ့သမီးနဲ့ ပေမယ့် မိဘကိုဥပေက္ခာပြုထားတဲ့သမီးဆိုးတစ်ယောက်ပါ"

"အမေ ဘာတွေလျှောက်ပြောနေတာလဲ"

"ညည်း ဝင်မပါနဲ့"

ဒေါ်လှခင် စူးရုကို လှမ်းဟောက်ရင်း မင်းပျို့ဘက်ကို သိမ်ငယ်ရိုကျိုးသောအကြည့်ဖြင့် လှမ်းကြည့်ပြီး

"အဒေါ် ဒီနေ့ပဲ အလုပ်ထွက်ပါတယ်ကွယ်၊ ဒီလင်တရှူးမနဲ့ အဒေါ်တို့ ဒီနေ့ကစပြီး ဘာမှမပတ်သက်တော့ပါဘူး"

ဒေါ်လှခင် ပြောပြောဆိုဆိုနှင့် မင်းပျို့ရှေ့မှ ခပ်ကုတ်ကုတ်လှည့်ထွက်သွားသည်။

"အမေ အမေ အား"

မိခင်ဖြစ်သူကို လှမ်းအော်ခေါ်ရင်းမှ ဗိုက်ထဲမှ တဆစ်ဆစ်နာကျင်လာသည်။

"အား အား နာ နာတယ် အမေ၊ ဗိုက် ဗိုက်နာတယ်၊ မင်းပျို့ စူးရု ဗိုက်နာတယ်"

ရုပ်ပျက်ဆင်းပျက်နှင့် နာကျင်သောဝေဒနာကို ရှုံ့မဲ့ခံစားရင်း မင်းပျို့လက်ကို ဖမ်းဆုပ်လိုက်သည်။

"မင်းမွေးချင်ပြီလား"

"မ မသိဘူး၊ နာတယ် အား ကျွတ် ကျွတ် ကျွတ်"





ဒေါ်လှခင် အိမ်ပေါက်ဝရောက်မှ ပြန်လှည့်လာပြီး

"မောင်မင်းပျို့ အဲဒါ ကလေးမွေးချင်လို့ နာတာ"

"ဗျာ"

မင်းပျို့အတွက်တော့ ထီပေါက်တာထက်ပင် ဝမ်းသာသွားကာ

"တ တကယ်လား"

"ဟုတ်တယ် အဲဒါ ကလေးမွေးတော့မှာမို့ ဆေးရုံကိုသွားမှဖြစ်မယ်"

"ဟုတ် ဟုတ်ကဲ့ ကျွန် ကျွန်တော် ကားသွားထုတ်လိုက်ဦးမယ်"

ရင်သွေးလေးကို တွေ့ရတော့မည်ဆိုသည့် အပျော်စိတ်ကြောင့် ကားဂိုထောင်ရှိရာဘက်သို့ ဘယ်လိုရောက်သွားမှန်းမသိတော့။

ဘောင်းဘီအိတ်ထဲမှ ဖုန်းကိုထုတ်ကာ ချယ့်ဆီဖုန်းလှမ်းဆက်လိုက်သည်။

"ချယ် ကိုယ်တို့သားလေး လောကကြီးထဲရောက်တော့မယ်ကွ"

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၃)

မွေးခန်းရှေ့တွင် မင်းပျို့နှင့်ချယ်ရီမောင် အပြင် ဒေါ်လှခင်ပါ မွေးခန်းထဲမှ စူးရှနှင့်ကလေးအတွက် စိတ်တွေပူနေကြသည်။

"ကို ချယ်တို့သားလေးကို ရှောရှောရှူရှူ မွေးမှာပါနော်"

"မွေးမှာပါ ချယ်ရယ်၊ အိုကျိုနဲ့ဗိုက်သွားပြတိုင်း ကလေးရော လူကြီးရော ကျန်းမာနေတာပဲ၊ ကိုယ်ကတော့ ကိုယ့်ကလေးကိုရော ချယ့် ကိုရော ဘယ်လိုမှ အဆုံးရှုံးမခံနိုင်ဘူး။ ဒါကြောင့် ကိုယ်တို့အစီအစဉ်ကို အကောင်အထည်ဖော်ကြမယ်"

"အင်းပါ ကိုရယ်၊ ချယ်တို့ ကိုစီစဉ်ထားတဲ့အတိုင်း သားလေးကို သူ ဘယ်လိုမှ လိုက်မရှာနိုင်တဲ့နေရာကို သွားကြတာပေါ့"





တစ်ယောက်လက်တစ်ယောက်ဆုပ်ကိုင်ကာ ပြောနေကြသံများကို ဒေါ်လှခင် ကြားပေမယ့် ဒါဟာ ဖြစ်သင့်သောကိစ္စမို့ တမင်ပင် မကြားဟန်ပြုလိုက်သည်။

"ခင်စူးရှ ကလေးပါ၊ သားလေး မွေးပါတယ်၊ လူကြီးကတော့ မွေးခန်းထဲက ထွက်လို့မရသေးပါဘူး"

နာ့စ်ချီလာသော အနီးထုပ်နှင့်ချစ်စရာကောင်းသော ကလေးဆီသို့ မင်းပျို့နှင့်ချယ် အပြေးရောက်သွားပြီး ချီလိုက်သည်။

"ဟယ် ကို သားလေးက ကိုနဲ့တူလိုက်တာကွယ်"

"ဟား ဟား ဟား တူရမှာပေါ့ ချယ်ရဲ့၊ သားက ကိုယ်နဲ့ချယ်ရဲ့သားပဲဟာ၊ ဟောဒီနှုတ်ခမ်းလေးက ချယ့်နှုတ်ခမ်းလေးအတိုင်းပဲ လှတယ်နော်"

မင်းပျို့လက်ထဲမှ ဖြူဖြူဖွေးဖွေးနှင့်ချစ်စရာကောင်းသော သားလေးကိုကြည့်ပြီး မင်းပျို့ရော ချယ်ရီမောင်ရော ဝမ်းသာလုံးဆို့နေကြသည်။

"ကဲ မောင်မင်းပျို့နဲ့သမီးချယ် ကလေးကိုခေါ်ပြီး ဒီဆေးရုံကနေ ထွက်သွားတော့၊ ဒီအချိန်ဟာ မင်းတို့အတွက် အခွင့်အရေးပဲ"

"ဟုတ် ဟုတ်ကဲ့ပါအဒေါ်၊ ဒါပေမဲ့ ဟို စာချုပ်အရ သူ့ကို ကျွန်တော်တို့ လက်ကျန်ငွေသိန်းတစ်ရာ ထပ်ပေးရဦးမယ်"

"အို အဲဒါတွေထက် အရေးကြီးတာက အခု သူနဲ့ဝေးရာကို



www.burmeseclassic.com

www.burmeseclassic.com



အမြန်ထွက်သွားဖို့ပဲ မဟုတ်လား။ သွား သွား အိမ်ပြန်ပြီး စီစဉ်စရာရှိ တာတွေ စီစဉ်ကြတော့၊ ဒီက ဆရာဝန် ဆရာမတွေကို အဒေါ်အကျိုး အကြောင်း ရှင်းပြထားလိုက်မယ်''

စိတ်ရင်းဖြင့်နှင်ထုတ်နေသော ဒေါ်လှခင်ကို မင်းယို့ရော ချယ် ရော ကျေးဇူးတင်သောအကြည့်ဖြင့် ကြည့်လိုက်ကြပြီး

''ကျေးဇူးတင်ပါတယ် အဒေါ်ရယ်''

''ရပါတယ်၊ သားတို့သမီးတို့ရယ် အဒေါ်တစ်ခုပဲ တောင်းဆို ပါရစေ''

''ဟုတ်ကဲ့ ပြောပါ''

အဒေါ့်သမီးကို ခွင့်လွှတ်ပေးကြပါကွယ်၊ အဒေါ် အထိန်း အသိမ်းညံ့ဖျင်းခဲ့လို့ အဒေါ့်ရဲ့သမီး ဗီဇညံ့ဖျင်းခဲ့ရတာပါ''

''ခွင့်လွှတ်ပါတယ် အဒေါ်၊ ဟိုလေ ကျွန်တော်တို့ အဒေါ်အတွက် ပါ လစာငွေတစ်နှစ်စာ ကြိုထုတ်ပေးခဲ့ပါရစေ၊ အဒေါ်လည်း ရွာပြန်ပြီး အနားယူလိုက်ပါတော့''

''တစ်နှစ်စာငွေ ပေးစရာမလိုပါဘူးကွယ်၊ အဒေါ်သမီးလုပ်ရက် ကြောင့် အဒေါ့်မှာ သားတို့သမီးတို့မျက်နှာတောင် ရဲရဲမကြည့်ရဲပါဘူး။ ကဲ ကဲ သွားကြတော့၊ ဟိုတစ်ယောက်မွေးခန်းကထွက်လာရင် နှောင့်ယှက် လိမ့်မယ်''

''ဟုတ်ကဲ့ ဒါဆို ချယ်တို့သွားတော့မယ်''





မင်းယို့နှင့်ချယ်ရီမောင် ဒေါ်လှခင်ရှေ့မှ ခပ်သုတ်သုတ် ထွက် ကာ ကားရှိရာသို့ ဆင်းလာခဲ့ကြသည်။

ဒေါ်လှခင် ပီတိအပြုံးဖြင့် ငေးကြည့်ကျန်ရစ်ခဲ့၏။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၄)

"အ အမေ ကလေး ကလေးရော"

"ကလေးမရှိတော့ဘူး၊ သူ့မိဘတွေခေါ်ပြီး ခုပဲ လေဆိပ်ကို ဆင်းသွားပြီ၊ ဒီနေ့ပဲ နိုင်ငံခြားကို ထွက်သွားတော့မှာ"

"ဘာ"

ထော်လီပေါ်မှာ ဘာဟု ကုန်းအော်လိုက်သော စူးရှ၏ပေါက်ကွဲသံကြောင့် ဘေးမှာနာ့စ်ကလေးပင် လန့်သွားသည်။

ကလေးမွေးပြီးစ သွေးစုပ်ဖြူလျော်နေသော သမီးဖြစ်သူကို မညာချင်ပေမယ့် ဒီလိုမှ မညာလျှင် ဖာတ်လမ်းက ပို၍ရှုပ်ထွေးဦးမှာ။

"ဟုတ်တယ် ဒီကလေးက ညည်းနဲ့မှ မဆိုင်တော့တာ၊ ဒီကလေးကို မွေးပေးတဲ့အတွက် ညည်း တန်ရာတန်ကြေးရထားတာပဲ"





ပြောလက်စနှင့် တစ်ခါတည်း ပြောချလိုက်သည်။

"ဟင့်အင်း ဟင့်အင်း အဲလိုမဖြစ်ရဘူး၊ စူးရှ မင်းပျို့ကိုရော ကလေးကိုရော မစွန့်လွှတ်နိုင်ဘူး"

"ညည်းရူးနေလား၊ သူ့မှာမိန်းမနဲ့လေ၊ ညည်းကိုလည်း တစ်ဂက်ကလေးမှမေတ္တာရှိတာမဟုတ်ဘူး၊ အလကားနေရင်း ဗီလိန်မလုပ်ချင်ပါနဲ့"

"ဟင့်အင်း စူးရှ ဗီလိန်မဟုတ်ဘူး၊ စူးရှက အချစ်ငတ်နေတဲ့ မိန်းမတစ်ယောက်၊ မရဘူး စူးရှ မင်းပျို့နဲ့ကလေးကို ပြန်ခေါ်မယ်၊ ပြန်ခေါ်ရမယ်၊ ဟား ဟား ဟား မင်းပျို့ကို စူးရှအနားက ခုလိုလွယ်လွယ်နဲ့ ဘယ်ထွက်ခွင့်ပေးလိမ့်မလဲ၊ သားလေး သားလေးမျက်နှာကိုကြည့်ပါရစေ၊ သားလေး ဘယ်သူနဲ့တူလဲ၊ စူးရှနဲ့တူတယ်မဟုတ်လား အဟင်း ခ်ခ် ခစ် ခစ် တူရမှာပေါ့၊ စူးရှက သားလေးရဲ့အမေ၊ အလကား ဟိုမိန်းမက အမြှုမ၊ သူက သားလေးရဲ့အမေမှမဟုတ်တာ၊ သားလေးရေ မေမေ့ဆီပြန်လာခဲ့ပါကွယ်၊ သားလေး မျက်နှာလေးကို မေမေကြည့်ပါရစေ"

ထော်လီပေါ်မှာ အော်ဟစ်ငိုယိုရင်း ခင်စူးရှ စိတ်တွေ ကစဉ့်ကလျားဖြစ်ကုန်၏။

သူ့အသိစိတ်အာရုံထဲမှာ မင်းပျို့နှင့်မမြင်လိုက်ရသော သားလေးကလွဲပြီး အရာအားလုံး မှောင်အတိကျကုန်၏။

"သား၊ သားလေးရေ မေမေ့ကိုမထားခဲ့ပါနဲ့၊ သားကို ပြန်ခေါ်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ပါ မင်းပျို့ရယ်''

ဆေးရုံတစ်ရုံလုံး ခင်စုးရှ၏ငိုသံက ဟိန်းထွက်နေ၏။

ဒေါ်လှခင် မျက်ရည်ကျပေးရုံကလွဲပြီး ဘာမှမတတ်နိုင်တော့။

''သမီး စုးရှ သတိထားပါကွယ်၊ သမီးဘေးမှာ အမေရှိတယ်လေ နော် သမီး''

''သွား ဘာသမီးလဲ ဘာအမေလဲ၊ ဘာမှလာမပြောနဲ့ အမေလည်း မသိဘူး၊ သမီးလည်းမသိဘူး၊ ငါသိတာ ဟောဒီလောကကြီးထဲမှာ သုံးယောက်ထဲရှိတယ်၊ အဲဒီသုံးယောက်က ခင်စုးရှရယ် သားလေးရယ်၊ မင်းပျို့ရယ် ဟား ဟား ဟား ဟား သူတို့ဆီသွားမယ် လိုက်ပို့ပေးကြပါ''

BURMESE CLASSIC

အားလုံးအတွက်
နတ်သမီး

www.burmeseclassic.com